ဝိသုဒ္ဓသီလာဒီနံ ပဌမဈာနာဒီနီတိ၊ ကား။ ဝိသုဒ္ဓသီလဿ၊ စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်အား။ ပဌမဈာနံ၊ ဈာန်ကိုငှင်း။ ပဌမဈာနလာဘိနော၊ ဈာန်ရသော ပုဂ္ဂိုလ်အား။ ဒုတိယဈာနံ၊ ဈာန်ကိုငှင်း။ ဣတိအာဒိနာ၊ ဖြင့်။ တဿ တဿ၊ ထိုထိုပုဂ္ဂိုလ်အား။ ဥပရူပရိဝိသေသံ၊ အထက် အထက်ဖြစ်သော တရားထူးကို။ အာဒိက္ခန္တော၊ ဟောကြားတော်မူလျက်။ ဣတိ၊ သို့။ သမ္ဗန္ဓော၊ စပ်အပ်၏။ သောတာပန္နာဒီနန္တိ ဧတ္ထာပိ၊ ဤပုဒ်၌လည်း။ ဧသေဝ နယော၊ တည်း။ ဒန္တေပိ ဒမေတိယေဝါတိ ဣတံ၊ ဤစကားကို။ (ဝုတ္တံ–၌စပ်) ပုဗ္ဗေ၊ ၌။ သဗ္ဗေန သဗ္ဗံ၊ သိမ်း။ ဒမထံ၊ ယဉ်ကျေးခြင်းသို့။ အနုပဂတာ၊ မရောက်ကုန်သေးသော ပုဂ္ဂိုလ်တို့ကို။ ပုရိသဒမ္မာတိ၊ ဟူ၍။ ဝုတ္တာ၊ ၏။ ဣတိ ကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဝုတ္တံ၊ ၏။ ပန၊ ထိုသို့ပင် ဆိုအပ်သော်လည်း။ ယေ (သတ္တာ)၊ တို့သည်။ ဝိပ္ပကတဒမ္မဘာဝါ၊ မပြီးသေးသော ဆုံးမထိုက်သည်၏အဖြစ် ရှိကုန်၏။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဒမေတဗ္ဗတံ၊ ဆုံးမအပ် ဆုံးမထိုက်သည်၏ အဖြစ်ကို။ နာတိဝတ္တာ၊ မလွန်ကုန်သေး။ တေ သတ္တေ၊ တို့ကို။ သန္ဓာယ၊ ၍။ ဒန္တေပိ ဒမောတိယေဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဟိ၊ မှန်။ တေပိ၊ ထိုမပြီးသေးသော ဆုံးမထိုက်သည်၏ အဖြစ်ရှိသော ပုဂ္ဂိုလ်တို့သည်လည်း။ ပုရိသဒမ္မာ ဧဝ၊ ဒမ္မမည်ကုန်သည် သာလျှင်တည်း။ (ဤ၌ ဣတိ–ပိုနေသည်) ယတော၊ ယင်းသို့ ပုရိသဒမ္မမည်သောကြောင့်။ နေ၊ ထိုမပြီးသေးသော ဆုံးမထိုက်သည်၏အဖြစ်ရှိသော ပုဂ္ဂိုလ်တို့ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒမေတိ၊ ဆုံးမတော်မူ၏။

အတ္ထပဒန္တိ၊ ကား။ အတ္ထာဘိဗျဉ္ဇကပဒံ၊ အနက်ကို ထင်ရှားပြသောပုဒ်တည်း။ ဝါကျ၊ တည်း။ ဣတိ အတ္ထော၊ နက်။ ဟိ၊ မှန်။ ဝါကျေန၊ ဖြင့်။ အတ္ထာဘိဗျတ္တိ၊ အနက်၏ ထင်ရှားခြင်းသည်။ (ဟောတိ၊ ၏။) နာမာဒိပဒမတ္တေန၊ နာမ်စသော

ပုဒ်မျှဖြင့်။ (အတ္တာဘိဗျတ္တိ၊ သည်။) န (ဟောတိ)၊ မဖြစ်။ စ၊ ဆက်။ ကေပဒဘာဝေန၊ တခုတည်းသော ပုဒ်၏အဖြစ်ကြောင့်။ အနညသာဓာရဏော၊ တပါးသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသော။ သတ္တု၊ ၏။ ပုရိသဒမ္မသာရထိဘာဝေါ၊ ထိအဖြစ်ကို။ ဒဿိတော၊ ပြအပ်သည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ဘဂဝါ ဟီတိအာဒိ၊ ကို။ အာဟ၊ ၏။ အဠ္ဌ ဒိသာတိ၊ ကား။ အဠ္ဌ၊ ကုန်သော။ သမာပတ္တိယော၊ တို့သို့။ ဟိ၊ မှန်။ တာ၊ ထိုသမာပတ်တို့သည်။ အညမညသမ္ဗန္ဓာပိ၊ အချင်းချင်း ဆက်စပ်ကုန်သော်လည်း။ အသံကိဏ္ဏဘာဝေန၊ မရောနှောသည်၏ အဖြစ်ဖြင့်။ ဒိဿန္တိ အပဒိဿန္တိ၊ ငဲ့၍ ဖဲ၍ ရှုအပ်ကုန်၏။ ဣတိ၊ ကြောင့်။ ဒိသာ၊ မည်၏။ ဝါ၊ တနည်း။ ဒိသာ ဝိယ၊ အရပ်မျက်နှာနှင့် တူကုန်၏။ ဣတိ၊ ကြောင့်။ ဒိသာ၊ မည်၏။ အသဇ္ဇမာနာတိ၊ ကား။ နသဇ္ဇမာနာ၊ မငြိမတွယ်ကုန်မူ၍။ ဝသီဘာဝပ္ပတ္တိယာ၊ ဝသီဘော်သို့ ရောက်ခြင်းကြောင့်။ နိဿင်္ဂစာရာ၊ ငြိတွယ်ခြင်းကင်းသော ဖြစ်ခြင်းရှိကုန်သည်ဖြစ်၍။ ဇဝနဝုတ္တိယောဂတော၊ လျင်စွာဖြစ်ခြင်းနှင့် ယှဉ်သောကြောင့်။ ဓာဝန္တိ၊ ပြေးသွားကုန်၏။ အတ္တနော၊ ၏။ ကာယံ၊ ကို။ အပရိဝတ္တေန္တော၊ မလှည့်မူ၍။ ဧကံယေဝ ဒိသံ၊ တခုတည်းသော အရပ်သို့သာလျှင်။ ဓာဝတိ၊ ပြေးသွားနိုင်၏။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။ ပန၊ ထူး။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဒမိတာ၊ ဆုံးမအပ်ကုန်သော။ ပုရိသဒမ္မာ၊ ဆုံးမထိုက်ကုန်သော ယောကျ်ားတို့သည်။ ဧကိရိယာပထေနေဝ၊ တခုသော ဣရိယာပုထ်ဖြင့်ပင်လျှင်။ အဠ္ဌ ဒိသာ၊ အရပ်တို့သို့။ ဓာဝန္တိ၊ ကုန်၏။ တေန၊ ကြောင့်။ ဧကပလ္လင်္ကေနေဝ နိသိန္နာတိ၊ ဟူ၍။ အာဟ၊ ၏။ စ၊ ဆက်။ အဠ္ဌ ဒိသာတိ ဧတံ၊ ဤစကားသည်။ နိဒဿနမတ္တံ၊ ဥပမာ ပုံစံပြမျှဖြစ်သော စကားတည်း။ (ကသ္မာ၊ ကား။) လောကိယေဟိ၊ လောက၌ အကျုံးဝင်ကုန်သော ပုထုဇဉ် သတ္တဝါတို့သည်။ အဂတပုဗ္ဗံ၊ မသွားဘူး မရောက်ဘူးသေးသော။ နိရောဓသမာပတ္တိဒိသံ စ၊ နိရောဓသမာပတ် ဟူသော အရပ်မျက်နှာသို့၎င်း။ အမတဒိသဠ္ဌ၊ အမြိုက်နိဗ္ဗာန် အရပ်မျက်နှာသို့၎င်း။ ပက္ခန္ဒနတော၊ ပြေးသွားခြင်းကြောင့်တည်း။

၁၄၀။ ပစ္စက္ခေ၊ မျက်မှောက်ဖြစ်သော။ အတ္တဘာဝေါ၊ ကို။ ဒိဋ္ဌဓမ္မော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တတ္ထ၊ ထိုမျက်မှောက် အတ္တဘော၌။ နိယုတ္တော၊ ယှဉ်၏။ ဣတိ၊ ကြောင့်။ ဒိဋ္ဌဓမ္မိကော၊ မည်၏။ ဣဓလောကတ္ထော၊ ဤမျက်မှောက် လောက၌ အကျိုးကိုရ၏။ ကမ္မကိလေသဝသေန၊ ဖြင့်။ သမ္ပရေတဗ္ဗတော သမ္မာ ဂန္တဗ္ဗတော၊ ကောင်းစွာမချွတ် သွားအပ် ရောက်အပ်သောကြောင့်။ သမ္ပရာယော၊ မည်၏။ ပရလောကော၊ တမလွန်လောကကိုရ၏။ တတ္ထ၊ ထိုတမလွန်လောက၌။ နိယုတ္တော၊ ၏။ ဣတိ၊ ကြောင့်။ သမ္ပရာယိကော၊ ၏။ ပရလောကတ္ထော၊ တမလွန်လောက၌ အကျိုးကိုရ၏။ ပရမော ဥတ္တမော၊ မြတ်သော။ အတ္ထော၊ အကျိုးတည်း။ ပရမတ္ထော၊ မြတ်သောအကျိုး။ နိဗ္ဗာနံ၊ ကို ဧ၏။ တေဟိ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ၊ ထိုမျက်မှောက်၌ဖြစ်သော အကျိုး, တမလွန်၌ ဖြစ်သော အကျိုး, မြတ်သော (နိဗ္ဗာန်ဟူသော) အကျိုးတို့ဖြင့်။ ယထာရဟန္တိ၊ ကား။ ယထာနုရူပံ၊ သင့်သည် အားလျော်စွာ။ ယော ယော ပုဂ္ဂလော၊ သည်။ တေသု အတ္ထေသု၊ ထိုအကျိုးစီးပွါးတို့တွင်။ ယံ ယံ၊ အကြင် အကြင် အကျိုးစီးပွါးကို။ အရဟတိ၊ ထိုက်၏။ တဒနုရူပံ၊ ထိုအကျိုးစီးပွါးအားလျော်စွာ။ အနုသာသတီတိ၊ ကား။ ဝိနေတိ၊ ဆုံးမ၏။ တသ္မိံ အတ္ထေ၊ ထိုအကျိုးစီးပွါး၌။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ (ယော၊ အကြင်ကုန်သည် အပေါင်းသည်။) အတ္ထေန၊ စီးပွါးဥစ္စာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ၏။ ဣတိ၊ ကြောင့်။ (သော၊ သည်။) သတ္ထော၊ မည်၏။ ဘဏ္ဍမူလေန၊ ဥစ္စာ၏ အဖိုးရင်းနှင့်တကွ၊ ဝါ၊ ဘဏ္ဍာဥစ္စာဟူသော အရင်းအနှီးနှင့်တကွ။ ဝါဏိဇ္ဇာယ၊ ကုန်သွယ် ခြင်းငှါ။ ဒေသန္တရံ၊ အရပ်တပါးသို့။ ဂစ္ဆန္တော၊ သွားသော။ ဇနသမူဟော၊ လူအပေါင်းကို။ (လဗ္ဘတိ၊ ၏။) [၂၄၇] တေသံ၊ ဤခေါင်းဆောင်ပုဂ္ဂိုလ်အား။ ဟိတုပဒေသာဒိဝသေန၊ အကျိုးစီးပွါးကို ညွှန်ကြားခြင်း စသည်၏အစွမ်းဖြင့်။ ပရိပါလေတဗ္ဗော၊ စောင့်ရှောက်အပ်သော။ သာသိတဗ္ဗော၊ ဆုံးမညွှန်ကြားအပ်သော။ သော၊ ထိုကုန်သည် အပေါင်းသည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ (သော၊ ထိုခေါင်းဆောင်ပုဂ္ဂိုလ်သည်။) သတ္ထာ၊ မည်၏။ သတ္တဝါဟော၊ လှည်းကုန်သည်မှူးကို ဧ၏။ ဘဂဝါ၊ သည်။ သော ဝိယ၊ ထိုလှည်းကုန်သည်မှူးနှင့်တူ၏။ ဣတိ၊ ကြောင့်။ သတ္ထာ။ ပ။ သတ္တဝါဟောတိ၊ ဟူ၍။ အာဟ၊ ၏။

ဣဒါနိ၊ ၌။ တမတ္ထံ၊ ထိုအနက်ကို။ နိဒ္ဒေသပါဠိနယေန၊ ဖြင့်။ ဒဿေတုံ၊ ငှါ။ ယထာ သတ္တဝါဟောတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠ်၌။ သတ္တေတိ၊ ကား။ သတ္တိကေ၊ လှည်းကုန်သည်အပေါင်း၌ အတွင်းဝင်ကုန်သော။ ဇနေ၊ တို့ကို။ ဧတ္ထ၊ ဤခရီးခဲ၌။ ကံ၊ ရေကို။ တာရေန္တိ၊ လွန်မြောက်စေကုန်၏။ ဣတိ၊ ကြောင့်။ ကန္တာရော၊ မည်၏။ နိရုဒကော၊ ရေမရှိသော။ အရညပ္ပဒေသော၊ တောအရပ်ကို။ (လဗ္ဘတိ၊ ၏။) ပန၊ သို့သော်လည်း။ ရုဠ္ဌီဝသေန၊ တင်စားသည်၏ အစွမ်းအားဖြင့်၊ ဝါ၊ တက်သည်၏ အစွမ်းအားဖြင့်။ ဣတရောပိ၊ သော။ အရညပ္ပဒေသော၊ ကို။ တထာ၊ ထိုအတူ ကန္တာရဟူ၍။ ဝုစ္စတိ၊ ၏။ စောရကန္တာရန္တိ၊ ကား။ စောရေဟိ၊ ခိုးသူတို့သည်။ အဓိဋ္ဌိတကန္တာရံ၊ စိုးအုပ်လျက်တည်သော ခရီးခဲကို။ ဝါဠကန္တာရံ၊ ကို။ တထာ၊ ထိုအတူသိအပ်၏။ ဒုဗ္ဘိက္ခကန္တာရန္တိ၊ ကား။ ဒုလ္လဘဘိက္ခံ၊ ရခဲသော အစာရှိသော။ ကန္တာရံ၊ ကို။ တာရေတီတိ၊ ကား။ အခေမန္တဋ္ဌာနံ၊ ဘေးမကင်းရာအရပ်ကို။ အတိက္ကာမေတိ၊ ကျော်လွန်စေ၏။ ဥတ္တာရေတီတိအာဒိ၊ ကို။ ဥပသဂ္ဂေန၊ ရဖြင့်။ ပဒံ၊ ကို။ ဝဍ္ဎေတွာ၊ ၍။ ဝုတ္တံ၊ ၏။ အထ ဝါ၊ ကား။ ဥတ္တာရေတီတိ၊ ကား။ ခေမန္တဘူမိံ၊ ဘေးမရှိရာအရပ်သို့။ ဥပနေန္တော၊ ဆောင်လျက်။ တာရေတိ၊ ကျော်လွန်စေ၏။ နိတ္တာရေတီတိ၊ ကား။ အခေမန္တဋ္ဌာနတော၊ မှ။ နိက္ခာမေန္တော၊ ထွက်မြောက်စေလျက်။ တာရေတိ၊ ၏။ ပတာရေတီတိ၊ ကား။ ပရိဂ္ဂဟေတွာ၊ သိမ်းပိုက်၍။ တာရေတိ၊ ၏။ ဟတ္ထေန၊ လက်ဖြင့်။ ပရိဂ္ဂဟေတွာ ဝိယ၊ ပွေ့ပိုက်၍ကဲ့သို့။ တာရေတိ၊ ၏။ ဣတိ အတ္ထော၊ နက်။ သဗ္ဗမ္ပိ၊ သော။ ဧတံ တာရဏုတ္တာရဏာဒိ၊ ဤတာရဏ, ဥတ္တာရဏ အစရှိသည်သည်။ ခေမဋ္ဌာနေ၊ ဘေးမဲ့အရပ်၌။ ဌပနမေဝ၊ တည်စေခြင်း – ထားခြင်းသာလျှင်တည်း။ ဣတိ၊ ကြောင့်။ ခေမန္တဘူမိံသမ္ပာပေတီတိ၊ ဟူ၍။ အာဟ၊ ၏။ သတ္တေတိ၊ ကား။ ဝေနေယျသတ္တေ၊ တို့ကို။ မဟာဂဟနတာယ စ၊ များသော

အရှုပ်အထွေး ရှိသည်၏ အဖြစ်ကြောင့်ငှင်း၊ ဝါ၊ အလွန်အသွားခက်သည်၏ အဖြစ်ကြောင့်ငှင်း။ မဟာနတ္ထတာယ စ၊ ကြီးစွာသော အကျိုးမဲ့ရှိသည်၏ အဖြစ်ကြောင့်ငှင်း။ ဒုန္နိတ္ထရဏတာယ စ၊ ထုတ်ဆောင်နိုင်ခဲသည်၏ အဖြစ်ကြောင့်ငှင်း၊ ဝါ၊ ထွက်မြောက်နိုင်ခဲသည်၏ အဖြစ်ကြောင့်ငှင်း။ ဇာတိယေဝ၊ သည်ပင်လျှင်။ ကန္တာရော၊ တည်း။ ဇာတိကန္တာရော၊ ဇာတိဟူသော ကန္တာရ။ တံ ဇာတိကန္တာရံ၊ ကို။

ဥက္ကဋ္ဌပရိစ္ဆေဒဝသေနာတိ၊ ကား။ ဥက္ကဋ္ဌသတ္တပရိစ္ဆေဒဝသေန၊ လွန်မြတ်သော သတ္တဝါကို ပိုင်းခြားသည်၏အစွမ်းဖြင့်။ ဟိ၊ မှန်။ ဒေဝမနုဿာ ဧဝ၊ နတ်နှင့်လူတို့သည်သာလျှင်။ ဥက္ကဋ္ဌသတ္တာ၊ မည်ကုန်၏။ တိရစ္ဆာနာဒယော၊ တို့သည်။ န (ဥက္ကဋ္ဌသတ္တာ)၊ မမည်ကုန်။ ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒဝသေနာတိ၊ ကား။ သမ္မတ္တနိယာမောက္ကမနဿ၊ သမ္မတ္တနိယာမမည်သော မဂ်သို့သက်ရောက်ခြင်းအား။ ယောဂျပုဂ္ဂလဿ၊ သင့်လျော်သော ပုဂ္ဂိုလ်ကို။ ပရိစ္ဆိန္ဒနဝသေန၊ ဖြင့်။ ဧတေန္တိ၊ ကား။ ဒေဝမနုဿနန္တိ ဧတံ ဝစနံ၊ ဟူသော ဤစကားကို။ ဘဂဝတောတိ၊ ဟူသောပုဒ်၌ ဝိဘတ်သည်။ နိဿက္ကဝစနံ၊ ပဉ္စမီအနက်၌ သက်သော ဝိဘတ်တည်း။ (တနည်း) ဘဂဝတောတိ၊ ဟူသော ပုဒ်သည်။ နိဿက္ကဝစနံ၊ ၌သက်သော ဝိဘတ်အဆုံးရှိသော ပုဒ်တည်း။ ဥပဓျာယတော၊ မှ။ အဓ္ဈေတိ၊ ရွတ်ဖတ်သင်ကြား၏။ ဣတိ ယထာ၊ ဤပါဠ်၌ကဲ့သို့တည်း။ ဝါ၊ ကား။ ဘဂဝတော၊ ၏။ သန္တိကေ၊ ၌။ ဣတိ အတ္ထော၊ တည်း။ ဥပနိဿယသမ္ပတ္တိန္တိ၊ ကား။ တဟေတုကပဋိသန္ဓိအာကံ၊ သန္ဓေအစရှိသော။ မဂ္ဂဖလာဓိဂမဿ၊ မဂ်ဖိုလ်ရခြင်း၏။ ဗလဝကာရဏံ၊ အားကြီးသော အကြောင်းကို။

ဂဂ္ဂရာယာတိ၊ ကား။ ဂဂ္ဂရာယ နာမ၊ ဂဂ္ဂရာမည်သော။ ရညော၊ မင်း၏။ ဒေဝိယာ၊ မိဖုရား၏။ (ပေါက္ခရဏီ–၌စပ်) ဝါ၊ တနည်း။ တာယ၊ ထိုဂဂ္ဂရာ မိဖုရားသည်။ ကာရိတတ္တာ၊ ပြုစေအပ်သည်၏ အဖြစ်ကြောင့်။ ဂဂ္ဂရာတိ၊ ဟူ၍။ လဒ္ဓနာမာယ၊ ရအပ်သောအမည်ရှိသော။ သရေ နိမိတ္တံ အဂ္ဂဟေသီတိ၊ ကား။ ဧသော၊ ဤအသံကို။ ဓမ္မောတိ၊ တရားဟူ၍။ ဝုတ္တတိ၊ ၏။ ဣတိ၊ သို့။ ဓမ္မသညာယ၊ ဖြင့်။ သရေ၊ အသံ၌။ နိမိတ္တံ၊ အာရုံနိမိတ်ကို။ ဂဏှိ၊ ယူလေ၏။ ဂဏှာန္တော စ၊ ယူသော်လည်း။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ ပရိသပရိယန္တေ၊ ပရိသတ်အစွန်၌။ နိပဇ္ဇိ၊ ဝပ်၏။ သန္နိရုမ္ဘိတွာ အဋ္ဌာသီတိ၊ ကား။ တဿ၊ ထိုဖား၏။ သီသေ၊ ၌။ ဒဏ္ဍသာ၊ ၏။ ဌပိတဘာဝံ၊ ကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ တတ္ထ၊ ထိုဖား၏ ဦးခေါင်း၌။ ဒဏ္ဍံ၊ ကို။ ဥပ္ပီဠေတွာ၊ ဖိနှိပ်၍။ အဋ္ဌာသိ၊ ရပ်တည်၏။ မဏ္ဍူကောပိ၊ သည်လည်း။ ဒဏ္ဍေ၊ ကို။ ဌပိတေပိ၊ သော်လည်း။ ညီဠိတေပိ၊ ဖိနှိပ်အပ်သော်လည်း။ ဓမ္မဂတေန၊ တရား၌တည်သော။ ပသာဒေန၊ ကြည်ညိုခြင်းဖြင့်။ ဝိဿရံ၊ ဖောက်ပြန်သော အသံကို။ အကရောန္တောဝ၊ မပြုမူ၍သာလျှင်။ ကာလံ၊ သေခြင်းကို။ အကာသိ၊ ၏။ "အဟံ၊ သည်။ ကုတော၊ အဘယ်အရပ်မှ။ ဣဓ၊ ဤနတ်ပြည်၌။ နိဗ္ဗတ္တော၊ ဖြစ်သနည်း။ တတ္ထ၊ ထိုရေးဘဝ၌။ ကိံ ကမ္မံ၊ ကို။ အကာသိံ နု ခေါ၊ ပြုခဲ့လေသနည်း။" ဣတိ၊ သို့။ ယာ အာဝဇ္ဇနာ၊ သည်။ (အတ္ထိ၊ ၏။) အယံ၊ ဤဆင်ခြင်ခြင်းသည်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တသတ္တာနံ၊ ဖြစ်ကုန်သော သတ္တဝါတို့၏ ဓမ္မတာ၊ ဖြစ်မြဲရိုးရာဓမ္မတာတည်း။ တသ္မာ၊ ကြောင့်။ အတ္တနော၊ ၏။ ပုရိမဘဝဿ၊ ရှေး၌ဖြစ်သောဘဝ၏။ ဒိဋ္ဌတ္တာ၊ ကြည့်အပ်ပြီး, မြင်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ အရေ အဟမ္ပိ နာမ ဣဓ [၂၄၈] နိဗ္ဗတ္တောတိ၊ ၍။ အာဟ၊ ၏။ ကတညုတာသံဝမိုတေန၊ သူပြုဘူးသော ကျေးဇူးကို သိသည်၏ အဖြစ်သည် ပွါးစေအပ်သော။ ပေမဂါရဝဗဟုမာနေန၊ ချစ်ခင်ကြည်ညိုခြင်း လေးစားခြင်းများစွာ မြတ်နိုးခြင်းဖြင့်။ ဘဂဝတော၊ ၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိ၊ ၏။

ဘဂဝါ၊ သည်။ ဇာနန္တောဝ၊ သိလျက်သာလျှင်။ မဟာဇနဿ၊ လူအပေါင်းအား။ ကမ္မဖလံ စ၊ ကံ၏အကျိုးကိုငှင်း။ ဗုဒ္ဓါနုဘာဝဉ္စ၊ ကိုငှင်း။ ပစ္စက္ခံ၊ မျက်မှောက်။ ကာတုကာမော၊ ပြုလိုသည်ဖြစ်၍။ ကော မေ ဝန္ဒတီတိ ဂါထာယ၊ ဖြင့်။ ပုစ္ဆိ၊ မေး၏။ တတ္ထ၊ ထိုဂါထာ၌။ ကောတိ၊ ကား။ ဒေဝနာဂယက္ခဂန္ဓဗ္ဗာဒီသု၊ တို့တွင်။ ကော၊ အဘယ်သူနည်း။ ကတမော၊ အဘယ်သူနည်း။ ဣတိ အတ္ထော၊ နက်။ မေတိ၊ ကား။ မမ၊ ၏။ ပါဒါနီတိ၊ ကား။ ပါဒေ၊ ခြေတို့ကို။ ဣဒ္ဓိယာတိ၊ ကား။ ဣမာယ ဧဝရူပါယ၊ ဤသို့သဘောရှိသော။ ဒေဝိဒ္ဓိယာ၊ နတ်၏ တန်ခိုးဖြင့်ငှင်း။ ယသသာတိ၊ ကား။ ဣမိနာ ဧဒိသေန၊ ဤသို့သဘောရှိသော။ ပရိဝါရေန၊ အခြံအရံဖြင့်ငှင်း။ ပရိစ္ဆေဒေန စ၊ အပိုင်းအခြားဖြင့်ငှင်း။ ဇလန္တိ၊ ကား။ ဝိဇ္ဇောတမာနော၊ ထွန်းလင်းတောက်ပလျက်။ အဘိက္ကန္တေနာတိ၊ ကား။ အတိဝိယ၊ အလွန်လျှင်။ ကန္တေန ကမနီယေန၊ နှစ်သက်ဖွယ်သော။ သုန္ဒရေန၊ ကောင်းသော။ ဝဏ္ဏေနာတိ၊ ကား။ ဆဝိဝဏ္ဏေန၊ အရေအဆင်းဖြင့်။ သရီရဝဏ္ဏနိဘာယ၊ ကိုယ်၏အဆင်းအရောင်ဖြင့်။ သဗ္ဗာ ဩဘာသယံ ဒိသာတိ၊ ကား။ သဗ္ဗာ၊ ကုန်သော။ ဒသပိဒိသာ၊ အရပ်ဆယ်မျက်နှာတို့ကိုလည်း။ ပဘာသေန္တော၊ ထွန်းတောက်စေလျက်။ စန္ဒော ဝိယ စ၊ လကဲ့သို့ငှင်း။ သူရိယော ဝိယ စ၊ နေကဲ့သို့ငှင်း။ ဧကောဘာသံ ဧကာလောကံ၊ တခုတည်းသော အရောင်အလင်းကို။ ကရောန္တော၊ ပြုလျက်။ ဣတိ အတ္ထော၊ နက်။

ပန၊ ဆက်။ ဧဝံ၊ သို့။ ဘဂဝတာ၊ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်၊ ဝါ၊ မေးအပ်သော။ ဒေဝပုတ္တော၊ သည်။ အတ္တာနံ၊ ကို။ ပဝေဒေန္တော၊ ပြောကြားလိုသည်ဖြစ်၍။ မဏ္ဍူကောဟံ ပုရေ အာသိန္တိ၊ ဟူသော။ ဂါထံ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုဂါထာ၌။ ပုရေတိ၊ ကား။ ပုရိမဇာတိယံ၊ ရှေးဘဝ၌။ ဥဒကေတိ ဣဒံ၊ ပုဒ်သည်။ တဒါ၊ ၌။ အတ္တနော၊ ၏။ ဥပ္ပတ္တိဋ္ဌာနဒဿနံ၊ ဖြစ်ရာအရပ်ကို ပြသောပုဒ်တည်း။ ဥဒကေ၊ ရေ၌။ မဏ္ဍူကော၊ ဖားသည်။ ဣတိ ဧတေန၊ ဤစကားဖြင့်။ ဥဒ္ဒမာယိကာဒိကဿ၊ ဥဒ္ဒမာယိကဖားအစရှိသော။ ထလေ မဏ္ဍူကဿ၊ ကုန်း၌ဖြစ်သော ဖားကို။ နိဝတ္တနံ၊ နစ်စေခြင်းကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ ဝေ့ေ၊ ဤအရပ်၌။ ဂါဝေါ၊ နွားတို့သည်။ စရန္တိ၊ ကျက်စားကုန်၏။ ဣတိ၊ ကြောင့်။ ဂေါစရော၊ မည်၏။ ဂုန္နံ၊

န္တွားတို့၏။ ဃာသေသနဋ္ဌာနံ၊ အစာရှာရာ အရပ်ကို ရှာ၏။ ဣ္ဓ ပန၊ ဤ[ဂါထာ]၌ကား။ ဂေါစရော ဝိယ၊ နွားစားကျက်နှင့်တူ၏။ ဣတိ၊ ကြောင့်။ ဂေါစရော၊ မည်၏။ ဧတေသ၊ ဤဖွား၏။ ဂေါစရော၊ ကျက်စားရာသည်။ ဝါရိ ဥဒကံ၊ ရေတည်း။ (တနည်း) ဝါရိ ဥဒကံ၊ ရေဟူသော။ ဂေါစရော၊ သည်။ (အတ္တိ၊ ၏။) ဣတိ၊ ကြောင့်။ ဝါရိဂေါစရော၊ မည်၏။ ဟိ၊ မှန်။ ဥဒကစာရီပိ၊ ရေ၌ကျက်စားသည်လည်း ဖြစ်သော။ ကောစိ၊ သော။ ကစ္ဆပါဒိ၊ လိပ်စသော သတ္တဝါသည်။ အဝါရိဂေါစရောပိ၊ ရေလျှင်ကျက်စားရာ မရှိသည်လည်း။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ ဝါရိဂေါစရောတိ၊ ဟူ၍။ ဝိသေသေတွာ၊ ၍။ ဝုတ္တံ၊ ၏။ တဝ ဓမ္မံ သုဏန္တဿာတိ၊ ကား။ ကရဝီကရုတမဉ္ဇုနာ၊ ကရဝိတ်ငှက်သကဲ့သို့ သာယာသော။ ဗြဟ္မဿရေန၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံတော်ဖြင့်။ ဒေသေန္တဿ၊ ဟောစဉ်၊ ဝါ၊ ဟောသော။ တဝ၊ အရှင်ဘုရား၏။ ဓမ္မံ၊ ကို။ ဧသော၊ ဤအသံကို။ ဓမ္မော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ သရေ၊ အသံ၌။ နိမိတ္တဂ္ဂါဟဝသေန၊ အာရုံယူသည်၏ အစွမ်းဖြင့်။ သုဏန္တဿ၊ နာစဉ်။ စ၊ မှန်။ ဧတံ၊ ဤသုဏန္တဿ–ဟူသော ပုဒ်သည်။ အနာဒရေ၊ ၌။ သာမိဝစနံ၊ သာမိဝိဘတ်အဆုံးရှိသော ပုဒ်တည်း။ အဝဓိ ဝစ္ဆပါလကောတိ၊ ကား။ ဝစ္ဆေ၊ နွားတို့ကို။ ရက္ခန္တော၊ စောင့်ရှောက်သော။ ဂေါပါလဒါရကော၊ နွားကျောင်းသားသည်။ မမ၊ ၏။ သမီပံ၊ အနီးသို့။ အာဂန္တွာ၊ ၍။ ဒဏ္ဍံ၊ ကို။ ဩလုဗ္ဘ၊ ၍။ တိဋ္ဌန္တော၊ သော်။ မမ၊ ၏။ သိသေ၊ ၌။ ဒဏ္ဍံ၊ ကို။ သန္နိရုမ္ဘိတွာ၊ ၍။ မံ၊ ကို။ မာရေသိ၊ သေစေ၏။ ဣတိ အတ္ထော၊ တည်း။

သိတံ ကတွာတိ၊ ကား။ တထာ ပရိတ္တတရေနာပိ၊ ထိုကဲ့သို့ အလွန်သေးငယ်သည်လည်း ဖြစ်သော။ ပုညာနုဘာဝေန၊ ကောင်းမှု၏အာနုဘော်ကြောင့်။ ဇဝံ၊ သို့။ အတိဝိယ ဥဠာရာ၊ အလွန်လျှင် ပြန့်ပြောကြီးကျယ်ကုန်သော။ လောကိယလောကုတ္တရာ၊ ဖြစ်ကုန်သော။ သမ္ပတ္တိယော၊ စည်းစိမ်တို့ကို။ လဗ္ဘန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ နှလုံးသွင်းလျက်။ ပီတိသောမနဿဇာတော၊ ဖြစ်သော ဝမ်းမြောက်ဝမ်းသာခြင်း ရှိသည်ဖြစ်၍။ ဘာသုရတရဓဝလဝိပ္ဖုရန္တ–ဒသနကိရဏာဝလီဟိ၊ အလွန်တောက်ပသော ဖြူဖွေးသော ပြိုးပြိုးပြက်ပြက် ရှိသော သွား၏ အရောက်စဉ်တို့ဖြင့်။ ဘိယ္ယောသော မတ္တာယ၊ အတိုင်းထက်အလွန်။ တံ ပဒေသံ၊ ကို။ သြဘာသေန္တော၊ ထောက်ပစေလျက်။ သိတံ၊ ပြုံးခြင်းကို။ ကတွာ၊ ၍။ ဟိ၊ မှန်။ သော၊ ထိုဖားနတ်သားသည်။ ပီတိသောမနဿဝသေန၊ ဖြင့်။

[၂၄၉] [(ဘန္တေ၊ အရှင်ဘုရား။) မုဟုတ္တံ၊ တခဏမျှ။ စိတ္တပသာဒဿ၊ စိတ်ကို ကြည်လင်စေခြင်းကြောင့်။ (ဇာတံ၊ ဖြစ်ပေါ်သော။) မေ၊ အကျွန်ုပ်၏။ ဣဒ္ဓိံ စ၊ နတ်တန်ခိုးကိုငင်း။ ယသဉ္စ၊ အခြံအရံကိုငင်း။ ပဿ၊ ကြည့်ရှုပါလော့။ မေ၊ ၏။ အာနုဘာဝဉ္စ၊ ကိုလည်း။ ပဿ၊ လော့။ မေ၊ ၏။ ဝဏ္ဏံ စ၊ ကိုငင်း။ ဇုတိဉ္စ၊ အရောင်ကိုငင်း။ ပဿ၊ လော့။

ဂေါတမ၊ ဂေါတမမြတ်စွာဘုရား။ ယေ စ၊ အကြင်ပုဂ္ဂိုလ်တို့သည် ကား။ ဒီဃံ အဒ္ဓါနံ၊ ပတ်လုံး။ တေ၊ အရှင်ဘုရား၏။ ဓမ္မံ၊ ကို။ အဿောသုံ၊ ကြားနာကုန်၏။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ယတ္ထ၊ အကြင်အရပ်သို့။ ဂန္တွာ၊ ၍၊ ဝါ၊ ရောက်လတ်သော်။ န သောစရေ၊ မစိုးရိမ်ရကုန်။ (တံ) အစလဋ္ဌာနံ၊ ထိုလှုပ်ရှားခြင်း မရှိသော အရပ်သို့။ ပတ္တာ၊ ရောက်ကုန်သည်။ (အဿု၊ ဖြစ်ကုန်ရာ၏။)] ဣတိ၊ သို့။ ဣမာ ဒွေ ဂါထာ၊ တို့ကို။ ဝတွာ၊ ၍။ ပက္ကာမိ၊ ၏။

၁၄၁။ ယံ ပန ကိဉ္စိတိ ဧတ္ထ၊ ပါဌ်၌။ ယန္တိ၊ ပုဒ်သည်။ အနိယမိတဝစနံ၊ မမှတ်သားအပ်သော အနက်ကို ဆိုသော စကားတည်း။ ကိဉ္စီတိ၊ ပုဒ်သည်။ တထာ၊ တို့အတူပင်တည်း။ ပနာတိ၊ ပုဒ်သည်။ ဝစနာလင်္ကာရမတ္တံ၊ မျှသာတည်း။ တသ္မာ၊ ကြောင့်။ ယံ ကိဉ္စီတိ၊ ပါဌ်ဖြင့်။ ဉေယျဿ၊ တရားကို။ အနဝသေသပရိယာဒါနံ၊ အကြွင်းမဲ့ယူခြင်းကို။ ကတံ၊ သည်။ ဟောတိ၊ ၏။ ဝါ၊ ကား။ ပနာတိ၊ သဒ္ဒါသည်။ ဝိသေသတ္ထဒီပကော၊ အနက်ထူးကိုပြသော။ နိပါတော၊ ပုဒ်တည်း။ တေန၊ ထိုပန–သဒ္ဒါဖြင့်။ (ဇောတီယတိ–၌စပ်) သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ၊ ပုဒ်ဖြင့်။ သဗ္ဗေပတော စ၊ အားဖြင့်ငင်း။ ဝိတ္ထာရတော စ၊ အားဖြင့်ငင်း။ သတ္ထု၊ ၏။ စတုသစ္စာဘိသမ္ဗောဓော၊ လေးပါးသော သစ္စာကို သိခြင်းကို။ ဝုတ္တော၊ ၏။ ဗုဒ္ဓေါတိ ပန ဣမိနာ၊ ပုဒ်ဖြင့်မူကား။ တဒညဿာပိ၊ ထိုမှတပါးလည်း ဖြစ်သော။ ဉေယျဿ၊ တရားကို။ အဝဗောဓော၊ ထိုးထွင်း၍ သိခြင်းကို။ (ဝုတ္တော၊ ၏။) ဝါ၊ တနည်း။ ပုရိမေန၊ သမ္မာသမ္ဗုဒ္ဓေါ–ဟူသော ရှေးပုဒ်ဖြင့်။ သတ္ထု၊ ၏။ ပဋိဝေဓဉာဏာနုဘာဝေါ၊ ထို ပဋိဝေဓဉာဏ်၏ အာနုဘော်ကို။ (ဝုတ္တော၊ ၏။) ပစ္ဆိမေန၊ ဗုဒ္ဓေါ – ဟူသော နောက်ပုဒ်ဖြင့်။ ဒေသနာဉာဏာနုဘာဝေါပိ၊ ဒေသနာဉာဏ်၏ အာနုဘော်ကိုလည်း။ (ဝုတ္တော၊ ၏။) ဣတိ၊ သို့။ ဥပရိ၊ အထက်၌။ ဝုစ္စမာနော၊ သော။ ဝိသေသော၊ ကို။ ဇောတီယတိ၊ ပန–သဒ္ဒါဖြင့် ထွန်းပြအပ်၏။ သဗ္ဗသော၊ အချင်းခပ်သိမ်း၊ ဝါ၊ အလုံးစုံကုန်သော။ ပဋိပက္ခေဟိ၊ တို့မှ။ ဝိမုစ္စတိ၊ လွတ်မြောက်တတ်၏။ ဣတိ၊ ကြောင့်။ ဝိမောက္ခော၊ မည်၏။ အဂ္ဂမဂ္ဂေါ၊ အရဟတ္တမဂ်ကိုရ၏။ တဿ၊ ထိုဝိမောက္ခ၏။ အန္တော၊ အဆုံးသည်။ အဂ္ဂဖလံ၊ အရဟတ္တဖိုလ်တည်း။ တသ္မိံ၊ ထိုအရဟတ္တဖိုလ်ကို။ လဒ္ဓေ၊ ရအပ်ပြီးသည်ရှိသော်။ လဒ္ဓဗ္ဗတော၊ ရအပ်ရနိုင်သည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုအရဟတ္တဖိုလ်၌။ ဘဝံ၊ ဖြစ်သောဉာဏ်သည်။ ဝိမောက္ခန္တိကဉာဏံ၊ မည်၏။ သဗ္ဗညုတညာဏေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ သဗ္ဗမ္ပိ၊ သော။ ဗုဒ္ဓဉာဏံ၊ ဗုဒ္ဓဉာဏ်တော်အပေါင်းကို ရှာ၏။ ဇဝံ ပဝတ္တောတိ ဧတ္ထ၊ ပါဌ်၌။ သဗ္ဗညုတာယ ဗုဒ္ဓေါ။ ပ။ ဗုဒ္ဓေါတိ၊ ဟူသော။ အယံ နိဒ္ဒေသပါဠိနယော၊ နည်းကို။ (ဝေဒိတဗ္ဗော၊ ၏။)

[သဗ္ဗညုတာယ၊ အလုံးစုံကို သိသည်၏အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ သဗ္ဗဒဿာဝိတာယ၊ အလုံးစုံကို မြင်တတ်သည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါမည်၏။ အနညနေယျတာယ၊ တပါးသောသူက သိစေအပ်သူ မဟုတ်သည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဝိသဝိတာယ၊ အထူးထူးသော ဂုဏ်တို့ကို ဖြစ်ပွါးစေတတ်သည်၏ အဖြစ်ကြောင်း။ ဗုဒ္ဓေါ၊ မည်၏။ ခီဏာသဝသင်္ခါတေန၊ အာသဝေါ ကုန်ခြင်း အဖို့အားဖြင့်။ ဗုဒ္ဓေါ၊ မည်၏။ နိရုပလေပသင်္ခါတေန၊ တဏှာဒိဋ္ဌိမလူးလဲခြင်း အဖို့အားဖြင့်။ ဗုဒ္ဓေါ၊ မည်၏။ ဧကန္တဝီတရာဂေါ၊ စင်စစ်ကင်းသော ရာဂရှိတော်မူ၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဧကာယနမဂ္ဂံ၊ တခုတည်းသောလမ်း တကြောင်းတည်းသောလမ်းသို့။ ဂတော၊ သွားတော်မူ၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဧကော၊ တပါးတည်းဖြစ်၍။ အနုတ္တရံ၊ အလွန်အကဲ မရှိ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗောဓိံ၊ ဓိဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော်မူ၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓေါ၊ ၏။ အဗုဒ္ဓိဝိဟတတ္တာ၊ ဉာဏ်၏ ဆန့်ကျင်ဖက် မောဟကို ပယ်သတ်ပြီးသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓိပဋိလာဘာ၊ အသိဉာဏ်ကို ရခြင်းကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဗုဒ္ဓေါတိ ဧတံ နာမံ၊ ဗုဒ္ဓ-ဟူသော ဤအမည်ကို။ မာတရာ၊ မယ်တော်သည်။ န ကတံ၊ မပြုအပ်၊ ဝါ၊ ပြုအပ်သည်မဟုတ်။ ပိတရာ၊ သည်။ န ကတံ၊ မဟုတ်။ ဘာတရာ၊ သည်။ န တကံ၊ မဟုတ်။ ဘဂိနိယာ၊ အစ်မ ညီမသည်။ န ကတံ၊ မဟုတ်။ မိတ္တာမစ္စေဟိ၊ တို့သည်။ န ကတံ၊ မဟုတ်။ ဉာတိသာလောဟိတေဟိ၊ အဆွေအမျိုးတို့သည်။ န ကတံ၊ မဟုတ်။ သမဏဗြာဟ္မဏေဟိ၊ တို့သည်။ န ကတံ၊ မဟုတ်။ ဒေဝတာဟိ၊ နတ်တို့သည်။ န ကတံ၊ မဟုတ်။ ဗုဒ္ဓေါတိ၊ ဟူသော။ ယဒိဒံ၊ အကြင်အမည်သည်။ (အတ္ထိ၊ ၏။) ဧတံ၊ ဤဗုဒ္ဓ-ဟူသော အမည်သည်။ ဝိမောက္ခန္တိကံ၊ အရဟတ္တဖိုလ်၌ ဖြစ်သော အမည်ပေတည်း။ ဘဂဝန္တာနံ၊ ဘုန်းတော်ကြီးကုန်သော။ ဗုဒ္ဓါနံ၊ တို့၏။ ဗောဓိယာ၊ ၏။ မူလေ၊ ၌။ သဗ္ဗညုတညာဏဿ၊ ကို။ ပဋိလာဘာ၊ ရသည်နှင့်။ သဟ၊ တပြိုင်နက်။ သစ္ဆိကာ၊ တရားအလုံးစုံကို မျက်မှောက် ပြုခြင်းကြောင့် ဖြစ်သော။ ပညတ္တိ၊ ပေတည်း။]

[၂၅၀] စ၊ ဆက်။ ဧတ္ထ၊ ဤအရာ၌။ ယသ္မာ၊ ကြောင့်။ တဿာ၊ ထိုနိဒ္ဒေသပါဠိ၏။ ပဋိသမ္ဘိဒါပါဠိယာ၊ နှင့်။ ဘေဒေါ၊ ကွဲပြားခြင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဒွီသု၊ နှစ်နည်းတို့တွင်။ ဧကေနပိ၊ တနည်းဖြင့်လည်း။ အတ္ထသိဒ္ဓိ၊ အကျိုး၏ပြီးခြင်းသည်။ (ဟောတိ၊ ၏။)။ ဣတိ၊ သို့။ ဒဿနတ္ထံ၊ ငှါ။ ပဋိသမ္ဘိဒါနယော ဝါတိ၊ ဟူ၍။ အနိယမတ္ထော၊ အနိယမအနက်ရှိသော။ ဝါ-သဒ္ဒေါ၊ ကို။ ဝုတ္တော၊ ၏။

တတ္ထ၊ ထိုပါဠ်၌။ လောကေ၊ ၌။ အဝဂန္တာ၊ သက်ဝင်တတ်သော သူကို။ အဝဂတောတိ၊ တ-ဟူ၍။ ဝုစ္စတိ ယထာ၊ သို့။ ဧဝံ၊ တူ။ သုဒ္ဓကတ္တုဝသေန၊ ဖြင့်။ သစ္စာနိ၊ တို့ကို။ ဗုဇ္ဈိတာ၊ သိတော်မူတတ်၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ပဏ္ဏသောသာ၊ သစ်ရွက်တို့ကို ခြောက်စေတတ်ကုန်သော။ ဝါတာ၊ လေတို့ကို။ ပဏ္ဏသုသာတိ၊ သ-တို့ဟူ၍။ ဝုစ္စန္တိ ယထာ၊ သို့။ ဧဝံ၊ တူ။ ဟေတုကတ္တုဝသေန၊ ဖြင့်။ ပဇာယ၊ သတ္တဝါအပေါင်းကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဣတိ၊ ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ စ၊ ဆက်။ ဧတ္ထ၊ ဤဗုဒ္ဓေါ-ဟူသော ပုဒ်၌။ ဟေတုအတ္ထော၊ ကို၊ ဝါ၊ သည်။ အန္တောနီတော၊ အတွင်း၌ဆောင်အပ်၏၊ ဝါ၊ အတွင်း၌ ငုပ်လျက်ရှိ၏။

သဗ္ဗညုတာယ ဗုဒ္ဓေါတိ၊ ကား။ သဗ္ဗဓမ္မဗုဇ္ဈနသမတ္ထာယ၊ အလုံးစုံသော တရားတို့ကို သိခြင်းငှါ စွမ်းနိုင်သော။ ဗုဒ္ဓိယာ၊ သဗ္ဗညုတဉာဏ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ အတ္ထော၊ နက်။ သဗ္ဗဒဿာဝိတာယ ဗုဒ္ဓေါတိ၊ ကား။ သဗ္ဗဓမ္မာနံ၊ တို့ကို။ ဉာဏစက္ခုနာ၊ ဖြင့်။ ဒိဋ္ဌတ္တာ၊ မြင်အပ်ပြီးသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ အတ္ထော၊ နက်။ အနညနေယျတာယ ဗုဒ္ဓေါတိ၊ ကား။ အညေန၊ တပါးသောသူသည်။ အဗောဓနီယတော၊ မသိစေအပ်သည် အဖြစ်ကြောင့်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ဗုဒ္ဓတ္တာ၊ သိတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ အတ္ထော၊ နက်။ ဝိသဝိတာယ ဗုဒ္ဓေါတိ၊ ကား။ နာနာဂုဏဝိသဝနတော၊ အထူးထူးသော ဂုဏ်ကျေးဇူးတို့ကို ဖြစ်ပွါးစေတတ်သောကြောင့်။ ပဒုမမိဝ၊ ကဲ့သို့။ ဝိကသနဋ္ဌေန၊ ပွင့်ခြင်းအနက်သဘောကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ အတ္ထော၊ နက်။ ခီဏာသဝသင်္ခါတေန ဗုဒ္ဓေါတိ ဧဝမာဒီဟိ၊ ဤသို့ အစရှိကုန်သော။ ဆဟိ၊ ကုန်သော။ ပရိယာယေဟိ၊ ယာယ်တို့ဖြင့်။ နိဒ္ဒက္ခယဝိဗုဒ္ဓေါ၊ အိပ်ပျော်ခြင်း၏ ကုန်ခြင်းအားဖြင့် နိုးသော။ ပုရိသော ဝိယ၊ သို့။ သဗ္ဗကိလေသနိဒ္ဒက္ခယဝိဗုဒ္ဓတ္တာ၊ အလုံးစုံသော ကိလေသာတည်းဟူသော အိပ်ပျော်ခြင်း၏ ကုန်ခြင်းဖြင့် နိုးတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ ဧကာယနမဂ္ဂံ ဂတောတိ ဗုဒ္ဓေါတိ၊ ကား။ ဂမနတ္ထာနံ၊ သွားခြင်းအနက်ရှိသော ဓာတ်တို့၏။ ဗုဒ္ဓိအတ္ထတာယ၊ သိခြင်းအနက်ရှိသည် အဖြစ်ကြောင့်။ ဗုဒ္ဓိအတ္ထာနမ္ပိ၊ သိခြင်းအနက်ရှိသော ဓာတ်တို့၏လည်း။ ဂမနတ္ထတာ၊ သွားခြင်းအနက်ရှိသည် အဖြစ်ကို။ လဗ္ဘတိ၊ ၏။ ဣတိ၊ ကြောင့်။ ဧကာယနမဂ္ဂံ၊ တခုတည်းသော လမ်းသို့။ ဂတတ္တာ၊ သွားတော်မူပြီးသည် အဖြစ်ကြောင့်။ ဗုဒ္ဓေါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ အတ္ထော၊ နက်။ ဧကော။ ပ။ ဗုဒ္ဓေါတိ၊ ကား။ ပရေဟိ၊ တို့သည်။ ဗုဒ္ဓတ္တာ၊ သိစေအပ်သည်

အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်သည်။ န၊ မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ သယမေဝ၊ သာလျှင်။ အနုတ္တရံ၊ သော။ သမ္မာသမ္ဗောဓိံ၊ ဉာဏ်ကို။ အဘိသမ္ဗုဒ္ဓတ္တာ၊ သိတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ အတ္ထော၊ နက်။ အဗုဒ္ဓိ။ ပ။ ဗုဒ္ဓေါတိ၊ ကား။ ဗုဒ္ဓိ၊ ဗုဒ္ဓိ–ဟူသောပုဒ်။ ဗုဒ္ဓံ၊ ပုဒ်။ ဗောဓော၊ ပုဒ်။ ဣတိ၊ ဤသုံးပုဒ်သည်။ အနတ္ထန္တရံ၊ အနက်အထူး မရှိ။ တတ္ထ၊ ထိုသုံးပုဒ်တို့တွင်။ (ဗုဒ္ဓဂုဏယောဂတော–၌စပ်) ရတ္တဂုဏယောဂတော၊ နီသောအဆင်းနှင့် ယှဉ်ခြင်းကြောင့်။ ပဋော၊ ပုဆိုးသည်။ ရတ္တော ယထာ၊ ရတ္တ–နီသည် မည်သကဲ့သို့။ ဧဝံ၊ တူ။ ဗုဒ္ဓဂုဏယောဂတော၊ သိသော ဉာဏ်ဟူသော ဗုဒ္ဓဂုဏ်နှင့် ယှဉ်ခြင်းကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ၊ သို့။ ဉာပနတ္ထံ၊ ငှါ။ ဝုတ္တံ၊ ၏။ တတော ပရံ၊ ၌။ ဗုဒ္ဓေါတိ နေတံ နာမန္တိအာဒိ၊ စကားကို။ (ဝုတ္တံ–၌စပ်) အယံ ပညတ္တိ၊ သည်။ အတ္ထာနုဂတာ၊ အနက်သို့ အစဉ်လိုက်သော အမည်ပညတ်တည်း။ ဣတိ၊ သို့။ ဗောဓနတ္ထံ၊ ငှါ။ ဝုတ္တံ၊ ၏။ ဣတိ ဧဝံ၊ သို့။ ဧတ္ထ၊ ဤဗုဒ္ဓေါ–ဟူသော ပုဒ်၌။ ဣမိနာပိ ကာရဏေန၊ ဤဆိုခဲ့သော အကြောင်းကြောင့်တည်း။ ဘဂဝါ၊ သည်။ ဗုဒ္ဓေါ၊ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၁၄၂။ အဿာတိ၊ ကား။ ဘဂဝတော၊ ၏။ ဂုဏဝိသိဋ္ဌ။ ပ။ ဓိဝစနန္တိ၊ ကား။ ဘဂဝါတိ၊ ဟူသော။ ဣဒံ ဝစနံ၊ သည်။ သဗ္ဗေဟိ၊ ကုန်သော။ သီလာဒိဂုဏေဟိ၊ တို့ဖြင့်။ ဝိသိဋ္ဌဿ၊ ထူးသော။ တတော ဧဝ၊ ထိုသို့ ထူးသောကြောင့်ပင်လျှင်။ သဗ္ဗသတ္တေဟိ၊ တို့ထက်။ ဥတ္တမဿ၊ မြတ်သော။ ဂရုနော၊ အလေးပြုအပ်သော မြတ်စွာဘုရားအား။ ဂါရဝဝသေန၊ ရှိသေလေးစားသည်၏ အစွမ်းဖြင့်။ ဝုတ္တဝစနံ၊ ဆိုအပ်သော စကားတည်း။ တထာ–တံ ဝစနံ၊ သည်။ ဟိ–သစ္စံ၊ မှန်၏။ လောကနာထော၊ လောက၏ အားကိုးရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ (ဥတ္တမံ ဂါရဝဋ္ဌာနံ–၌စပ်) အပရိမိတနိရုပမပ္ပဘာဝသီလာဒိဂုဏဝိသေသသမင်္ဂိတာယ စ၊ မနှိုင်းယှဉ်အပ်ကုန်သော နှိုင်းယှဉ်စရာ ဥပမာကင်းသော အစွမ်းသတ္တိရှိသော သီလအစရှိကုန်သော ဂုဏ်ကျေးဇူး အထူးတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၎င်း။ (ဂါရဝဋ္ဌာနံ–၌ပင် စပ်) [၂၅၁] သဗ္ဗာနတ္ထပရိဟာရပုဗ္ဗင်္ဂမာယ၊ ခပ်သိမ်းသော အကျိုးမဲ့ကို ရှောင်လွှဲဖယ်ရှားခြင်းလျှင် ရှေ့သွားရှိသော။ နိရဝသေသဟိတသုခဝိဓာနတပ္ပရာယ၊ အကြွင်းမဲ့ အလုံးစုံသော စီးပွါးချမ်းသာကို စီရင်ခြင်းလျှင် ပြဓာန်းခြင်းရှိသော၊ ဝါ၊ စီရင်ခြင်းလျှင် ထို (သဗ္ဗာနတ္ထပရိဟာရ)၏ နောက်လိုက်ရှိသော။ နိရတိသယာယ၊ အလွန်အကဲ မရှိသော။ ပယောဂသမ္ပတ္တိယာ၊ ဖြင့်။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ သတ္တဝါအပေါင်းအား။ အစ္စန္တုပကာရိတာယ စ၊ စင်စစ် ကျေးဇူးပြုတတ်သည် အဖြစ်ကြောင့်၎င်း။ အပရိမာဏာသု၊ အတိုင်းအရှည်မရှိကုန်သော။ လောကဓာတူသု၊ တို့၌။ အပရိမာဏာနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ ဥတ္တမံ၊ မြတ်သော။ ဂါရဝဋ္ဌာနံ၊ ရှိသေလေးစားခြင်း၏ တည်ရာသည်။ ဟောတိ၊ ၏။ ဣတိ၊ ပြီး၏။

ဘဂဝါတိ ဝစနံ သေဋ္ဌန္တိ၊ ကား။ သေဋ္ဌဝါစကံ၊ အမြတ်ကိုဟောသော။ ဝစနံ၊ သဒ္ဒါကို။ (ဝုတ္တံ–၌စပ်) သေဋ္ဌဂုဏသဟစရဏတော၊ မြတ်သောဂုဏ်နှင့်တကွ ဖြစ်ခြင်းကြောင့်။ သေဋ္ဌန္တိ၊ မြတ်၏ဟူ၍။ ဝုတ္တံ၊ ၏။ အထ ဝါ၊ တနည်း။ ဝုစ္စတိ၊ ဟောအပ်၏။ ဣတိ၊ ကြောင့်။ ဝစနံ၊ မည်၏။ အတ္ထော၊ အနက်ကိုရ၏။ တသ္မာ၊ ကြောင့်။ ဘဂဝါတိ ဝစနေန၊ ဟူသောသဒ္ဒါဖြင့်။ ဝစနီယော၊ ဟောအပ်သော။ ယော အတ္ထော၊ သည်၊ (အတ္ထိ၊ ၏။) သော အတ္ထော၊ သည်။ သေဋ္ဌော၊ မြတ်၏။ ဣတိ အတ္ထော၊ နက်။ ဘဂဝါတိ ဝစနမုတ္တမန္တိ ဧတ္ထာပိ၊ ပါဌ်၌လည်း။ ဧသေဝ နယော၊ တည်း။ ဂါရဝယုတ္တောတိ၊ ကား။ ဂရုဂုဏယောဂတော၊ လေးသော သီလစသောဂုဏ်နှင့် ယှဉ်ခြင်းကြောင့်။ ဂရုဘာဝယုတ္တော၊ လေးသည်၏အဖြစ်နှင့်ယှဉ်၏။ ဝါ၊ တနည်း။ ဂရုကရဏံ၊ အလေးအမြတ်ပြုခြင်းကို။ သာတိသယံ၊ အလွန်အကဲနှင့်တကွ။ အရဟတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။ ဂါရဝယုတ္တော၊ မည်၏။ ဂါရဝါရဟော၊ ရှိသေ လေးစားခြင်းကို ထိုက်၏။ ဣတိ အတ္ထော၊ နက်။

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘဂဝါတိ ဣဒံ နာမံ၊ အမည်သည်။ ဂုဏဝိသေသဟေတုကံ၊ ဂုဏ်ကျေးဇူး အထူးလျှင် အကြောင်းရှိ၏။ ဣတိ၊ သို့။ သင်္ခေပတော၊ ဖြင့်။ ဝုတ္တမတ္ထံ၊ ကို။ ဝိတ္ထာရတော၊ ဖြင့်။ ဝိဘဇိတုကာမော၊ ဖြစ်၍။ နာမံ ယေဝ၊ ကိုသာလျှင်။ တာဝ၊ စွာ။ အတ္ထုဒ္ဒါရဝသေန၊ အနက်ကို ထုတ်ပြသည်၏ အစွမ်းအားဖြင့်။ ဒဿေန္တော၊ ၍။ စတုဗ္ဗိဓံ ဝါ နာမန္တိအာဒိံ၊ ကို။ အာဟ၊ ၏။ တတ္ထ၊ ထိုပါဌ်၌။ အာဝတ္ထိကန္တိ၊ ကား။ အဝတ္ထာယ၊ အခိုက်အတန့်အားဖြင့်။ ဝိဒိတံ၊ ထင်ရှားသော။ တံ တံ အဝတ္ထံ၊ ထိုထို အခိုက်အတန့်ကို။ ဥပါဒါယ၊ ၍။ ပညတ္တံ၊ အပ်သော။ ဝေါဟရိတံ၊ ခေါ်အပ်သော အမည်တည်း။ တထာ၊ တူ။ တေန တေန လိင်္ဂေန၊ ထိုထို အသွင်သဏ္ဍာန်ဖြင့်။ ဝေါဟရိတံ၊ အမည်သည်။ လိင်္ဂိကံ၊ မည်၏။ နေမိတ္တိကန္တိ၊ ကား။ နိမိတ္တတော၊ အကြောင်း နိမိတ်မှ။ အာဂတံ၊ လာသော အမည်တည်း။ အဓိစ္စသမုပ္ပန္နန္တိ၊ ကား။ ယဒိစ္ဆာယ၊ အကြင် အကြင်အလိုဖြင့်၊ ဝါ၊ အလိုရှိကာမျှဖြင့်။ ပဝတ္တံ၊ ဖြစ်သောအမည်တည်း။ ယဒိစ္ဆာယ၊ အကြင် အကြင်အလိုမှ၊ ဝါ၊ ဖြစ်ပေါ်တိုင်းသော အလိုမှ။ အာဂတံ၊ လာသောအမည်သည်။ ယာဒိစ္ဆကံ၊ မည်၏။ ပဌမေန၊ သော။ အာဒိ–သဒ္ဒေန၊ ဖြင့်။ ဗာလော၊ သူငယ်။ ယုဝါ၊ လုလင်ပျို။ ဝုဍ္ဎော၊ ကြီးသောသူ။ ဣတိ ဧဝမာဒိံ၊ ကို။ သင်္ဂဏှာတိ၊ ၏။ ဒုတိယေန၊ ဒုတိယအာဒိ–သဒ္ဒါအားဖြင့်။ မုဏ္ဍီ၊ ဦးပြည်းသော ဦးခေါင်းရှိသောသူ။ ဇဋီ၊ ဆံကျစ်ရှိသောသူ။ ဣတိ ဧဝမာဒိံ၊ ကို။ (သင်္ဂဏှာတိ၊ ၏။) တတိယေန၊ ဖြင့်။ ဗဟုဿုတော၊ အကြားအမြင်များသော ပုဂ္ဂိုလ်။ ဓမ္မကထိကော၊ တရားဟောသော ပုဂ္ဂိုလ်။ ဈာယီ၊ ဈာန်ဝင်စားလေ့ရှိသော ပုဂ္ဂိုလ်။ ဣတိ ဧဝမာဒိံ၊ ကို။ (သင်္ဂဏှာတိ၊ ၏။) စတုတ္ထေန၊ စတုတ္ထအာဒိသဒ္ဒါဖြင့်။ အဃမရိသနံ၊ မကောင်းမှုအပြစ်ကို သည်းခံစေသော၊ ဝါ၊ မကောင်းမှုအပြစ်ကို ပပျောက်စေသော။ ပါဝစနံ၊ ကြိုရဝေဒကျမ်း၌လာသော ဆုတောင်း စကားတော်။ ဣတိ ဧဝမာဒိံ၊ ကို။ သင်္ဂဏှာတိ၊ ၏။ နေမိတ္တိကန္တိ၊ ဟူ၍။ ဝုတ္တမတ္ထံ၊ ကို။ ဗျတိရေကဝသေန၊ ဖြင့်။ ပတိဋ္ဌာပေတုံ၊ ငှါ။ န မဟာမာယာယာတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဝိမောက္ခန္တိကန္တိ ဣမိနာ၊ ပုဒ်ဖြင့်။ (ဒဿေတိ–၌စပ်) ဣဒံ နာမံ၊ ဘဂဝါ–ဟူသော ဤအမည်သည်။ အရိယာယ ဇာတိယော၊ ဇာတိဖြင့်။ ဇာတက္ခဏေယေဝ၊ ဖြစ်သောခဏ၌ပင်လျှင်။ ဇာတံ၊ ဖြစ်၏။ ဣတိ၊

သို့။ ဒဿေတိ၊ ပြ၏။ ဝိမောက္ခန္တိကံ၊ အရဟတ္တဖိုလ်၌ဖြစ်သည်။ ယဒိ (သိယာ)၊ အံ့။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ ကသ္မာ၊ ကြောင့်။ အညေဟိ၊ ကုန်သော။ ခီဏာသဝေဟိ၊ တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသနည်း။ ဣတိ၊ သို့မေးဖွယ်ရှိသော ကြောင့်။ သဟ၊ ပ။ ပဋိလာဘာတိ၊ ဟူ၍။ အာဟ၊ ၏။ ဟိ၊ မှန်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အရဟတ္တဖလံ၊ ဖိုလ်သည်။ နိပ္ဖန္န မာနံ၊ ပြီးလတ်သော်။ သဗ္ဗညုတညာဏာဒီဟိ၊ ကုန်သော။ သဗ္ဗေဟိ၊ ကုန်သော။ ဗုဒ္ဓဂုဏေဟိ၊ တို့နှင့်။ သဒ္ဓိံ ယေဝ၊ သာလျှင်။ နိပ္ဖန္နတိ၊ ၏။ တေန၊ ကြောင့်။ ဝိမောက္ခန္တိကန္တိ၊ ကဟူ၍။ ဝုတ္တံ၊ ၏။ သဗ္ဗိကာ ပညတ္တီတိ၊ ကား။ သဗ္ဗမ္မာနံ၊ တို့ကို။ သဗ္ဗိကိရိ ယာနိမိတ္တာ၊ မျက်မှောက်ပြုခြင်းလျှင် အကြောင်းရှိသော။ ပညတ္တိ၊ တည်း။ အထ ဝါ၊ တနည်း။ သစ္ဆိကာ ပညာတ္တီတိ၊ ကား။ ပစ္စက္ခသိဒ္ဓါ၊ မျက်မှောက်အားဖြင့် ပြီးသော။ ပညတ္တိ၊ တည်း။ ဟိ၊ ချဲ့။ သာ၊ ထိုပညတ်သည်။ ယံဂုဏနိမိတ္တာ၊ အကြင်ဂုဏ်တို့ လျှင် အကြောင်းရှိ၏။ တေ၊ ထိုဂုဏ်တို့သည်။ သတ္ထု၊ မြတ်စွာဘုရားအား။ ပစ္စက္ခဘူတာ၊ မျက်မှောက်ဖြစ်၍ ဖြစ်ကုန်၏။ ဣတိ၊ ကြောင့်။ သာပိ၊ ထိုအမည်ပညတ် သည်လည်း။ ဂုဏာ ဝိယ၊ ဂုဏ်ကဲ့သို့။ သစ္ဆိကတာ ဧဝ နာမ၊ မျက်မှောက်ပြုအပ် သည် မည်သည်သာလျှင်။ ဟောတိ၊ ၏။ ပရေသံ၊ တို့၏။ ဝေါဟာရမတ္တေန၊ ဖြင့်။ န (ဟောတိ)၊ ဖြစ်သည်မဟုတ်။ ဣတိ၊ ကား။ အဓိပ္ပါယော၊ တည်း။

[၂၅၂] ၁၄၃။ မဟာထေရဿ၊ အရှင်သာရိပုတ္တရာ မထေရ်၏။ ဂရုဘာဝတော၊ အလေးပြုအပ်သည်၏ အဖြစ်ကြောင့်။ ဗဟုဝစနေန၊ ဖြင့်။ ဝဒန္တီတိ၊ ဟူ၍၊ အာဟ၊ ၏။ ဝါ၊ တနည်း။ သံဂီတိကာရေဟိ၊ တို့သည်။ ကတံ၊ သော။ အနုဝါဒံ၊ တဖန် ထပ်၍ ဆိုခြင်းကို။ သန္ဓာယ၊ ၍။ (အာဟ၊ ၏။) အဿ၊ အား။ ဣဿရိယာဒိဘေဒေါ၊ စသည်အပြားရှိသော။ ဘဂေါ၊ ဘဂဟု ဆိုအပ်သော ဘုန်းတန်ခိုးတော်သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်။ ဘဂီ၊ မည်၏။ အကာသိ ဘဂ္ဂန္တိ၊ ကား။ ရာဂါဒိပါပဓမ္မံ၊ ကို။ ဘဂ္ဂံ၊ ဖျက်စီးခြင်းကို၊ ဝါ၊ ပျက်စီးသည်ကို။ အကာသိ၊ ပြုလေပြီ။ ဘဂ္ဂဝါ၊ ဖျက်ဆီးတော်မူပြီ။ ဣတိ အတ္ထော၊ နက်။ ဗဟူ တိ ဉာယေဟီတိ၊ ကား။ ကာယာဘာဝနာဒိကေဟိ၊ အစရှိကုန်သော။ အနေကေဟိ၊ ကုန်သော။ ဘာဝနာက္ကမေဟိ၊ တို့ဖြင့်။ သုဘာဝိတတ္တနောတိ၊ ကား။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ဘာဝိတသဘာဝဿ၊ ပွါးစေအပ်ပြီးသော သဘောရှိ၏။ စ၊ မှန်။ ဇတံ၊ ဤ သုဘာဝိတတ္တနော – ဟူသောပုဒ်သည်။ ပစ္စတ္တေ၊ ပဌမာအနက်၌။ သာမိဝစနံ၊ သာမိဝိဘတ် အဆုံးရှိသော ပုဒ် တည်း။ (ဤဒဋ္ဌီဝါကျကိုထောက်လျှင် ဘာဝိသတဘာဝဿ – အရာ၌ ဘာဝိတသဘာဝေါ–ဟု ပဌမာဝိဘတ်နှင့် ရှိသင့်၏)

နိဒ္ဒေသေ ဝုတ္တနယေနာတိ ဧတ္ထ၊ ဟူသောဤပါဌ်၌။ အယံ၊ ဤဆိုအပ် လတ့ံသည်ကား။ နိဒ္ဒေသနယော၊ နိဒ္ဒေသနည်း တည်း။

ဘဂဝါတိ ဇတံ၊ ဟူသောဤအမည်သည်။ ဂါရဝါဓိဝစနံ၊ အလေးပြုအပ်သည် အဖြစ်ကို ဆိုသောစကားတည်း၊ ဝါ၊ အလေးပြုခြင်းကို ပြဆိုသော စကားတည်း။ အပိ စ၊ တနည်းလည်း။ အဂ္ဂရာဂေါ၊ ဖျက်ဆီးအပ်ပြီးသော ရာဂ ရှိတော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်တော်မူ၏။ (ဘဂ္ဂဒေါသော–စသော ပါဌ်တို့၌ အနက်လွယ်ပြီ) ဓမ္မရတနံ၊ ကို။ ဘဇိ၊ အကျဉ်းအားဖြင့် ဝေဘန်တော်မူ၏။ ဝိဘဇိ၊ အကျယ်အားဖြင့် ဝေဘန်တော်မူ ၏။ ပဝိဘဇိ၊ တဖန်အကျယ်အားဖြင့် ဝေဘန်တော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည် ၏။ ဘဝါနံ၊ တို့၏။ အန္တကရော၊ အဆုံးကို ပြုတတ်၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည် ၏။ ဘာဝိတကာယော၊ ပွါးစေအပ်ပြီးသော ကာယရှိ၏။ ဘာဝိတသီလော၊ ပွါးစေအပ်ပြီး သော သီလရှိ၏။ ဘာဝိတစိတ္တော၊ ပွါးစေအပ်ပြီးသော စိတ်ရှိ၏။ ဘာဝိတပညော၊ ပွါး စေအပ်ပြီးသော ပညာရှိ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဝါ၊ တနည်း။ ဘဂဝါ၊ သည်။ အပ္ပသဒ္ဒါနိ၊ နည်းသော ပြောဆိုသံ ရှိကုန်သော။ အပ္ပနိဂ္ဃောသာနိ၊ နည်းသော မြို့ရွာ၏ ကြွေးကြော်သံ ရှိကုန်သော။ ဝိဇနဝါတာနိ၊ လူတို့ကြောင့်ဖြစ်သော လေကင်း ကုန်သော။ မနုဿရာဟဿေယျကာနိ၊ လူတို့၏ လျှို့ဝှက်သော အမှုကို ပြုခြင်းငှါ လျောက်ပတ်ကုန်သော။ ပဋိသလ္လာနသာရုပ္ပါနိ၊ ဆိတ်ငြိမ်စွာ ကိန်းအောင်းခြင်းငှါ လျောက်ပတ်ကုန်သော။ အရညဝနပတ္ထာနိ၊ တောအရပ် တောအုပ်တို့ကိုငှင်း။ ပန္တာနိ၊ အလွန်အစွန်အဖျားကျကုန်သော၊ ဝါ၊ မြို့ရွာတို့မှ အလွန်ဝေးကုန်သော။ သေနာသနာနိ၊ တို့ကိုငှင်း။ ဘဇိ၊ မှီဝဲတော်မူ၏။ ဝါ၊ တနည်း။ ဘဂဝါ၊ သည်။ စီဝရ။ ပ။ ပရိက္ခာရာနံ၊ သင်္ကန်း ဆွမ်း ကျောင်း ဆေးပစ္စည်း တို့၏။ ဘာဂီ၊ အဖို့ရှိတော်မူ၏၊ ဝါ၊ ရခြင်း၏ အကြောင်းဖြစ်သော ဘုန်းကံရှိတော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဝါ၊ တနည်း။ ဘဂဝါ၊ သည်။ အတ္ထရသဿ၊ သ–ကို။ ပ။ အဓိပညာယ၊ ကို။ ဘာဂီ၊ ဆည်း ကပ်မှီဝဲတော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဝါ၊ တနည်း။ စတုန္နံ၊ ကုန်သော။ ဈာနာနံ၊ တို့ကို။ ပ။ ဒသန္နံ၊ ကုန်သော။ ကသိဏသမာပတ္တီနံ၊ တို့ကို။ အာနာပါနဿတိ သမာဓိဿ၊ ကို။ အသုဘသမာပတ္တိယာ၊ ကို။ ဘာဂီ၊ ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဝါ၊ တနည်း။ စတုန္နံ၊ ကုန်သော။ သတိပဋ္ဌာနာနံ၊ တို့ကို။ပ။ အဋ္ဌင်္ဂိကဿ၊ ရှိသော။ အရိယဿ မဂ္ဂဿ၊ ကို။ ဘာဂီ၊ ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဝါ၊

တနည်း။ ဘဂဝါ၊ သည်။ ဒသန္နံ၊ ကုန်သော။ တထာဂတဗလာနံ၊ တို့ကို။ပ။ ဆန္နံ၊ ကုန်သော။ ဗုဒ္ဓဓမ္မာနံ၊ အသာဓာရဏ ဉာဏ်တော်တည်းဟူသော ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို။ ဘာဂီ၊ ဆည်းကပ်မှီဝဲလေ့ ရှိတော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဘဂဝါတိ ဧတံ နာမံ၊ အမည်သည်၊ (မာတရာ၊ သည်။ န ကတံ၊ မဟုတ်။)။ပ။ ဘဂဝါတိ၊ ဟူသော။ ယဒိဒံ ယံ ဣဒံ နာမံ၊ သည်။ (အတ္ထိ၊ ၏။ ဧတံ နာမံ၊ သည်။) သစ္ဆိကာ၊ သော။ ပညတ္တိ၊ တည်း။ (ဣတိ၊ ဤကား နိဒ္ဒေသ နည်းတည်း။)

[၂၅၃] စ၊ ဆက်။ ဧတ္ထ၊ ဤပါဠိ၌။ ဂါရဂါမိဝစနန္တိအာဒီနိ၊ ပုဒ်တို့သည်။ ဂါထာယံ၊ ၌။ အာဂတပဒါနုက္ကမေန၊ လာသောပုဒ်အစဉ်ဖြင့်။ နိဒ္ဒိဋ္ဌာနိ၊ ညွှန်ပြအပ်ကုန်သည်။ ယဒိပိ န (ဟောန္တိ)၊ ကုန်။ ပန၊ သို့သော်လည်း။ ယထာရဟံ၊ စွာ။ သဗ္ဗေသမ္ပိ၊ ကုန်သော။ တေသံ။ ထိုဂါထာ၌လာသော ပုဒ်တို့၏။ နိဒ္ဒေသဘာဝေန၊ အကျယ်ပြသော အဖွင့်၏အဖြစ်ဖြင့်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ တတ္ထ၊ ထိုပါဠိ၌။ ဂါရဝါဓိဝစနန္တိ၊ ကား။ ဂရူနံ၊ အလေးပြုအပ်သော ပုဂ္ဂိုလ်တို့၏၊ ဝါ၊ တို့အား။ ဂရုဘာဝဝါစကံ၊ အလေးပြုအပ်သည် အဖြစ်ကို ဆိုသော၊ ဝါ၊ အလေးပြုခြင်းကို ပြဆိုသော။ ဝစနံ၊ တည်း။ ဘဇီတိ၊ ကား။ ဘာဂသော၊ အဖို့အားဖြင့်။ ကထေသိ၊ ဟောတော်မူ၏။ တေန၊ ကြောင့်။ ဝိဘဇီတိ၊ ဟူ၍။ အာဟ၊ ၏။ ဓမ္မရတနန္တိ၊ ကား။ မဂ္ဂဖလာဒိအရိယဓမ္မရတနံ၊ မဂ်ဖိုလ် အစရှိသော အရိယာတရားတည်းဟူသော ရတနာကို။ ။ပုန၊ တဖန်။ ဘဇီတိ၊ ကား။ သေဝိ၊ မှီဝဲပြီ။ ဘာဂီတိ၊ ကား။ ဘာဂဓေယျဝါ၊ ကြီးမားသောဘုန်းကံ ရှိတော်မူ၏။ ။ပုန၊ တဖန်။ ဘာဂီတိ၊ ကား။ ဘဇနသီလော၊ ဆည်းကပ် မှီဝဲလေ့ရှိ၏။ (ဘဇ-ဓာတ် ဏီ-ပစ္စည်းဖြင့် ပြီးသောပုဒ်ဟု ဆိုလို၏) အတ္ထရသဿာတိ၊ ကား။ အတ္ထသန္နိဿယဿ၊ အနက်လျှင် မှီရာရှိသော။ ရသဿ၊ အရသာကို။ ဟိ၊ မှန်။ ဝိမုတ္တာယတနသီသေ၊ သီသ၌။ ဌတွာ၊ ၍။ ဓမ္မံ၊ ကို ကထေန္တဿ၊ ဟောသောပုဂ္ဂိုလ်အားငှါး။ သုဏန္တဿ စ၊ နာသောပုဂ္ဂိုလ်အားငှါး။ တဒတ္ထံ၊ ထိုအနက်ကို။ အာရဗ္ဘ၊ ၍။ ဥပ္ပဇ္ဇနကပီတိသောမနဿံ၊ ဖြစ်သော ပီတိသောမနဿသည်။ အတ္ထရသော၊ မည်၏။ ဓမ္မံ၊ ဒေသနာပါဠိကို။ အာရဗ္ဘ၊ ၍။ (ဥပ္ပဇ္ဇနကပီတိသောမနဿံ၊ သည်။) ဓမ္မရသော၊ မည်၏။ ယံ၊ ယင်းအတ္ထရသ ဓမ္မရသကို။ သန္ဓာယ၊ ၍။ အတ္ထဝေဒံ၊ အနက်ကို သိ၍ဖြစ်သော ပီတိသောမနဿကို။ လဘတိ၊ ၏။ ဓမ္မဝေဒံ၊ ဒေသနာပါဠိကို သိ၍ဖြစ်သော ပီတိသောမနဿကို။ လဘတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ ဝိမုတ္တိရသဿာတိ၊ ကား။ ဝိမုတ္တိဘူတဿ၊ အရဟတ္တဖိုလ်ဖြစ်၍ ဖြစ်သော။ (ရသဿ၊ ကို။) ဝါ၊ တနည်း။ ဝိမုတ္တိသန္နိဿယဿ၊ အရဟတ္တဖိုလ်လျှင် မှီရာရှိသော။ ရသဿ၊ ကို။ သညာဘာဝနာနန္တိ၊ ကား။ အနိစ္စသညာဒီနံ၊ ကုန်သော။ ဒသန္နံ၊ ကုန်သော။ သညာဘာဝနာနံ၊ တို့ကို။ ဆန္နံ ဗုဒ္ဓဓမ္မာနန္တိ၊ ဟူသော စကားကို။ (ဝုတ္တံ-၌စပ်) ဆ၊ ကုန်သော။ အသာဓာရဏဉာဏာနိ၊ တို့ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ တတ္ထ တတ္ထ၊ ထိုထိုပုဒ်တို့၌။ ဘဂဝါတိ၊ ဟူ၍။ သဒ္ဒသိဒ္ဓိ၊ သဒ္ဒါ၏ ပြီးခြင်းကို။ နိရုတ္တိနယေန၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏။

၁၄၄။ ဘာဂျဝါတိအာဒီဟိ၊ အစရှိကုန်သော။ ပဒေဟိ၊ တို့ဖြင့်။ ဝုစ္စမာနော၊ သော။ အတ္ထော၊ ကို။ (သင်္ဂဟိတော ဧဝ-၌စပ်) ဘဂီ ဘဇီတိ နိဒ္ဒေသဂါတာယ၊ ဖြင့်။ သင်္ဂဟိတော ဧဝ၊ သာလျှင်။ ယဒိပိ ဟောတိ၊ ၏။ တထာပိ၊ သော်လည်း။ ပဒသိဒ္ဓိ၊ ပ။ သဟိတော၊ ပုဒ်၏ပြီးခြင်း အနက်ကို ဝေဘန်ခြင်း, အနက်ယောဇနာခြင်း အစရှိသည်နှင့်တကွဖြစ်သော။ သံဝဏ္ဏနာနယော၊ နည်းသည်။ တတော၊ ထိုနိဒ္ဒေသမှ။ အညာကာရော၊ တပါးသော အခြင်းအရာရှိ၏။ ဣတိ၊ ကြောင့်။ အယံ ပန အပရော နယောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အာဒိကန္တိ၊ ပုဒ်၌။ အာဒိ-သဒ္ဒေန၊ ဖြင့်။ ဝဏ္ဏဝိကာရော၊ ဝဏ္ဏ၏ ဖောက်ပြန်ခြင်းငှါး။ ဝဏ္ဏလောပေါ၊ ဝဏ္ဏ၏ကျေခြင်းငှါး။ ဓာတုအတ္ထေန၊ ဓာတ်၏အနက်နှင့်။ နိယောဇနဥ္စ၊ ယှဉ်စေခြင်းငှါး။ ဣတိ၊ သို့။ တိဝိဓံ၊ သော။ ဣမံ လက္ခဏံ၊ ကို။ သင်္ဂဏှာတိ၊ ၏။ သဒ္ဒနယေနာတိ၊ ကား။ ဗျာကရဏနယေန၊ ဗျာကရဏ်းနည်းဖြင့်။ ပိသောဒရာဒီနံ၊ ကုန်သော။ သဒ္ဒါနံ၊ တို့၏။ အာကတိဂဏဘာဝတော၊ အာကတိဂိုဏ်း၏ အဖြစ်ကြောင့်။ ပိသောဒရာဒိပက္ခေပလက္ခဏံ ဂဟေတွာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပက္ခိပနမေဝ၊ ထည့်ခြင်းသည်ပင်လျှင်။ လက္ခဏံ၊ မည်၏။ ဟိ၊ မှန်။ တပ္ပရိယာပန္နတာကရဏံ၊ ထို ပိသောဒရာဒိဂိုဏ်း၌ အတွင်းဝင်သည်၏ အဖြစ်ကိုပြုခြင်းသည်။ ပက္ခိပနံ၊ ထည့်ခြင်းမည်၏။ ပါရပ္ပတ္တန္တိ၊ ကား။ ပရမုက္ကံသဂတံ၊ အလွန်အကဲ ခေါင်ထိပ်သို့ရောက်သော။ ပါရမိဘာဝပ္ပတ္တံ၊ ပါရမီအဖြစ်သို့ရောက်သော။ ဘာဂျန္တိ၊ ကား။ ကုသလံ၊ ဘုန်းကံကုသိုလ်သည်။ တတ္ထ၊ ထိုဘုန်းကံကုသိုလ်တို့တွင်။ မဂ္ဂကုသလံ၊ သည်။ လောကုတ္တရသုခနိဗ္ဗတ္တကံ၊ လောကုတ္တရာ ချမ်းသာကို ဖြစ်စေတတ်၏။ ဣတရံ၊ ဤမှတပါးသော လောကီကုသိုလ်သည်။ လောကိယသုခနိဗ္ဗတ္တကံ၊ လောကီ ချမ်းသာကို ဖြစ်စေတတ်၏။ ဝါ၊ တနည်း။ ဝိဝဋ္ဋူပနိဿယံ၊ ဝဋ္ဋကင်းရာနိဗ္ဗာန်လျှင် မှီရာရှိသော။ ဣတရမ္ပိ၊ ဤမှတပါးသော လောကီကုသိုလ်သည်လည်း။ ပရိယာယတော၊ အားဖြင့်။ လောကုတ္တရ သုခနိဗ္ဗတ္တကံ၊ သည်။ သိယာ၊ ဖြစ်နိုင်၏။

လောဘာဒယောတိ၊ စသည်တို့ကို။ ဧကေကဝသေန၊ ဖြင့်။ ဂဟိတာ၊ ကုန်၏။ ဝိပရီတမနသိကာရော၊ ကို။ ဝိပလ္လာသဘာဝသာမညေန၊ ဝိပလ္လာသအဖြစ်ချင်း တူသည်၏ အဖြစ်ဖြင့်။ တထာ၊ တူဧကေကဖြင့်။ (ဂဟိတော၊ ၏။) အဟိရိကာဒယော၊ တို့ကို။ ဒုကဝသေန၊ ဖြင့်။ (ဂဟိတာ၊ ကုန်၏။) စ၊ ဆက်။ လောဘာဒယော၊ တို့ကို။ တိဝိဓာ ကုသလမူလန္တိ တိကဝသေန၊ မူလ-ဟူသော တိက၏အစွမ်းဖြင့်။ ပုန၊ တဖန်။ ဂဟိတာ၊ ၏။ ကာယဒုစ္စရိတာဒိ၊ ပ။ ပပဉ္စာဒယော၊ ကာယဒုစရိုက်စသည်, တဏှာသံကိလေသစသည်, ရာဂမလစသည်, ရာဂဝိသမစသည်, ကာမသညာ စသည်, ကာမဝိတက်စသည်, တဏှာပပဉ္စ စသည်တို့သည်။ တိဝိဓဒုစ္စရိတာဒယော၊ သုံးပါးအပြားရှိသော ဒုစရိုက် စသည်တို့ မည်ကုန်၏။ သုဘသညာဒိကာ၊ စသည်တို့သည်။ စတုဗ္ဗိဓဝိပရိယေသာ၊ လေးပါးသော ဝိပရိယေသတို့ မည်ကုန်၏။ ဘိက္ခုနော၊ အား။ တဏှာ၊ သည်။ ဥပ္ပဇ္ဇ

မာနာ၊ ဖြစ်သည်ရှိသော်။ စီဝရဟေတု ဝါ၊ သင်္ကန်းဟူသော အကြောင်းကြောင့်မူလည်း။ ဥပ္ပဇ္ဇတိ၊ ၏။ ပိဏ္ဍပါတ (ဟေတု ဝါ၊ လည်း။ ဥပ္ပဇ္ဇတိ၊ ၏။) သေနာသန (ဟေတု ဝါ၊ လည်း။ ဥပ္ပဇ္ဇတိ၊ ၏။) ဣတိ ဘဝါဘဝဟေတု ဝါ၊ ဤသို့ သာ၍သာ၍ ကောင်းသော ထောပတ်ဆီ ပျားစသော အကြောင်းကြောင့်မူလည်း။ (ဥပ္ပဇ္ဇတိ၊ ၏။) ဣတိ ဧဝံ၊ သို့။ အာဂတာ၊ လာကုန်သော တဏှာ၏ ဖြစ်ကြောင်းတို့သည်။ စတ္တာရော တဏှုပ္ပါဒါ၊ တို့မည်ကုန်၏။ ဗုဒ္ဓေ၊ ၌။ ကင်္ခတိ၊ ယုံမှား၏။ ဓမ္မေ၊ ၌။ (ကင်္ခတိ၊ ၏။) သံဃေ၊ ၌။ (ကင်္ခတိ၊ ၏။) သိက္ခာယ၊ ၌။ (ကင်္ခတိ၊ ၏။) သဗြဟ္မစာရီသု၊ သီတင်းသုံးဘော်တို့၌။ ကုပိတော၊ အမျက်ထွက်သည်။ အနတ္တမနော၊ သည်။ အာဟတစိတ္တော၊ ထိပါးသော စိတ်ရှိသည်။ ခီလဇာတော၊ ဖြစ်သော ဒေါသငြောင့်ရှိသည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ အာဂတာနိ၊ လာကုန်သော အကုသိုလ်တရားတို့သည်။ ပဉ္စ စေတောခိလာနိ၊ လတို့မည်ကုန်၏။ ကာမေ၊ ၌။ အဝီတရာဂေါ၊ မကင်းသော ရာဂရှိသည်။ ဟောတိ၊ ၏။ ကာယေ၊ ၌။ အဝီတရာဂေါ၊ သည်။ ရူပေ၊ ဗဟိဒ္ဓ ရုပ်၌။ အဝီတရာဂေါ၊ သည်။ (ဟောတိ၊ ၏။) ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ဥဒရာဝဒေဟကံ၊ ဝမ်းပြည့်အောင်။ ဘုဉ္ဇိတွာ၊ စား၍။ သေယျသုခံ၊ လျောင်းအိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာကို။ ပဿသုခံ၊ ဘယ်ညာနံစောင်းပြောင်း၍ အိပ်ခြင်းကြောင်းဖြစ်သော ချမ်းသာကို။ မိဒ္ဓသုခံ၊ ငိုက်မျဉ်းခြင်းကြောင့်ဖြစ်သော ချမ်းသာကို။ အနုယုတ္တော၊ အားထုတ်လျက်။ ဝိဟရတိ၊ နေ၏။ အညတရံ၊ တပါးပါးသော။ ဒေဝနိကာယံ၊ နတ်အပေါင်း နတ်အမျိုးကို။ ပဏိဓာယ၊ ရည်ရွယ်တောင့်တ၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်၏။ ဣတိ၊ သို့။ အာဂတာ၊ လာကုန်သော တရားတို့သည်။ ပဉ္စ ဝိနိဗန္ဓာ၊ န္ဓတို့မည်ကုန်၏။ ရူပါဘိနန္ဒနာဒယော၊ ရုပ်ကို နှစ်သက်ခြင်းစသည်တို့သည်။ ပဉ္စာဘိနန္ဒနာ၊ နတို့မည်ကုန်၏။ ကောဓော၊ အမျက်ထွက်ခြင်း။ မက္ခော၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း။ ဣဿာ၊ မနာလိုခြင်း။ သာဌေယျံ၊ မိမိ၌မရှိသော ဂုဏ်ကျေးဇူးတို့ကို ဖော်ပြလျက် စဉ်းလဲကောက်ကျစ်ခြင်း။ ပါပိစ္ဆတာ၊ ယုတ်မာသော အလိုရှိသည်၏အဖြစ်။ သန္ဒိဋ္ဌိပရာမာသော၊ မိမိအယူကို မှားယွင်းစွာ သုံးသပ်ခြင်း။ ဣတိ ဣမာနိ၊ ဤတရားတို့သည်။ ဆ ဝိဝါဒမူလာနိ၊ လတို့မည်ကုန်၏။ ရူပတဏှာဒယော၊ စသည်တို့သည်။ ဆ တဏှာကာယာ၊ ယတို့ မည်ကုန်၏။

ကာမရာဂ။ပ။ ဝိဇ္ဇာ၊ တို့သည်။ သတ္တာနုသယာ၊ တို့မည်ကုန်၏။ မိစ္ဆာဒိဋ္ဌိအာဒယော၊ မိစ္ဆာဒိဋ္ဌိ စသည်တို့သည်။ အဋ္ဌ မိစ္ဆတ္တာ၊ တ္တတို့မည်ကုန်၏။ တဏှံ၊ ကို။ ပဋိစ္စ၊ စွဲ၍။ ပရိယေသနာ၊ ရှာမှီးခြင်းငှင်း။ ပရိယေသနံ၊ ကို။ ပဋိစ္စ၊ ၍။ လာဘော၊ ရခြင်းငှင်း။ လာဘံ၊ ကို။ ပဋိစ္စ၊ ၍။ ဝိနိစ္ဆယော၊ ဆုံးဖြတ်ခြင်းငှင်း။ ဝိနိစ္ဆယံ၊ ကို။ ပဋိစ္စ၊ ၍။ ဆန္ဒရာဂေါ၊ နှစ်သက်တပ်မက်ခြင်းငှင်း။ ဆန္ဒရာဂံ၊ ကို။ ပဋိစ္စ၊ ၍။ အဇ္ဈောသာနံ၊ မျို၍ပြီးဆုံးစေခြင်း ငှင်း။ အဇ္ဈောသာနံ၊ ကို။ ပဋိစ္စ၊ ၍။ ပရိဂ္ဂဟော၊ သိမ်းပိုက်ခြင်းငှင်း။ ပရိဂ္ဂဟံ၊ ကို။ ပဋိစ္စ။ ၍။ မစ္ဆရိယံ၊ ဝန်တိုခြင်း ငှင်း။ မစ္ဆရိယံ၊ ကို။ ပဋိစ္စ၊ ၍။ အာရက္ခာ၊ စောင့်ရှောက်ခြင်းငှင်း။ အာရက္ခာဓိကရဏံ၊ စောင့်ရှောက်ခြင်း ဟူသော အကြောင်းကြောင့်။ ဒဏ္ဍာဒါနာဒယော၊ ဒုတ်ကိုစွဲကိုင်ခြင်း စသည်တို့ငှင်း။ ဣတိ၊ သို့။ ဧတေ၊ ဤတရားတို့သည်။ နဝ၊ ကုန်သော။ တဏှာမူလကာ၊ မူလကတို့ မည်ကုန်၏။ စတ္တာရော၊ ကုန်သော။ သဿတဝါဒါ၊ တို့ငှင်း။ (အနက်လွယ်ပြီ) ပဉ္စ၊ ကုန်သော။ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ၊ တို့ငှင်း။ ဣတိ၊ သို့။ ဧတာနိ၊ ဤတရားတို့သည်။ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ မည်ကုန်၏။ အဇ္ဈတ္တိကဿ၊ အဇ္ဈတ္တိက ခန္ဓာကို။ ဥပါဒါယ၊ ၍။ အသ္မီတိ၊ ငါဖြစ်၏ဟု။ ဟောတိ၊ ၏။ ဣတ္ထသ္မီတိ၊ ဤသို့သော အပြားအားဖြင့် ငါဖြစ်၏ဟု။ ဧဝသ္မီတိ၊ ဤအတူငါဖြစ်၏ဟု။ အညထာသ္မီတိ၊ တပါးသော အပြားအားဖြင့် ငါဖြစ်၏ဟု။ ဘဝိဿန္တိ၊ ဖြစ်အံ့ဟု။ ဣတ္ထံ ဘဝိဿန္တိ၊ ဤသို့သော အပြားအားဖြင့် ဖြစ်အံ့ဟု။ ဧဝံ ဘဝိဿန္တိ၊ ဟု။ အညထာ ဘဝိဿန္တိ၊ ဟု။ အသသ္မီတိ၊ ငါမြဲသည်ဟု။ သာတသ္မီတိ၊ ငါမမြဲဟု။ သိယန္တိ၊ ဖြစ်ရာအံ့ လောဟု။ ဣတ္ထံ သိယန္တိ၊ ဟု။ ဧဝံ သိယန္တိ၊ ဟု။ အညထာ သိယန္တိ၊ ဟု။ အဟံ၊ သည်။ အပိ သိယန္တိ၊ ဖြစ်လို၏ဟု။ အဟံ၊ သည်။ ဣတ္ထံ အပိသိယန္တိ၊ ဟု။ အဟံ၊ သည်။ ဧဝံ အပိ သိယန္တိ၊ ဟု။ အဟံ၊ သည်။ အညထာ အပိ သိယန္တိ၊ ဟု။ ဟောတိ၊ ၏။ ဣတိ၊ သို့။ အဋ္ဌာရသ၊ တို့ငှင်း။ ဗာဟိရဿ၊ ဗာဟိရခန္ဓာကို။ ဥပါဒါယ၊ စွဲ၍။ ဣမိနာ၊ ဤထီးစသော ဝတ္ထုဖြင့်။ အသ္မီတိ၊ ငါဖြစ်၏ဟု။ ဟောတိ၊ ၏။ ဣမိနာ ဣတ္ထသ္မီတိ၊ ဟု။ ဣမိနာ ဧဝသ္မီတိ၊ ဟု။ ဣမိနာ အညထာသ္မီတိ၊ ဟု။ ဣတိအာဒိကာ၊ ကုန်သော။ ဝုတ္တနယာ၊ ဆိုအပ်သော နည်းရှိကုန်သော။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါးသော တဏှာဝိစရိုက်တို့ငှင်း။ ဣတိ၊ သို့။ ဆတ္တိံသ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) အတီတာ၊ အတိတ်ဖြစ်ကုန်သော။ ဆတ္တိံသ၊ တို့ငှင်း။ အနာဂတာ၊ ဆတ္တိံသ၊ တို့ငှင်း။ ပစ္စုပ္ပန္နာ၊ ဆတ္တိံသ၊ တို့ငှင်း။ ဣတိ၊ သို့။ အဋ္ဌသတတဏှာဝိစာရိတာနိ၊ တရာ့ရှစ်ပါးသော တဏှာဝိစရိုက်တို့သည်။ (ဟောန္တိ၊ ကုန်၏။)

[၂၅၅] ပဘေဒသန္ဒေါ၊ ကို။ ပစ္စေကံ၊ အသီးအသီး။ သမ္ဗန္ဓိတဗ္ဗော၊ ၏။ တတ္ထ၊ ထိုစပ်ရာ၌။ အယံ၊ ကား။ ယောဇနာ၊ တည်း။ လောဘပ္ပဘေဒါ၊ လောဘအပြား။ ဒေါသပ္ပဘေဒါ၊ ပြား။ ယာဝ အဋ္ဌသတတဏှာဝိစရိတပ္ပဘေဒါ၊ တရာ့ရှစ်ပါးသော တဏှာဝိစရိုက်အပြားတိုင်အောင်။ (ယောဇေတဗ္ဗော၊ ၏။) သဗ္ဗာနိ၊ ကုန်သော။ သတ္တာနံ၊ တို့၏၊ ဝါ၊ တို့အား။ ဒရထပရိဠာဟကရာနိ၊ ပူပန်ခြင်း ပူလောင်ခြင်းကို ပြုတတ်ကုန်သော။ ကိလေသာနံ၊ တို့၏။ အနေကာနိ သတသဟဿာနိ၊ အသိန်းမကတို့ကို၊ ဝါ၊ သိန်းပေါင်းများစွာတို့ကို။ အဘဉ္ဇိ၊ ချိုးဖျက်တော်မူပြီ။ ဣတိ၊ သို့။ ယောဇနာ၊ ကို။ (ကာတဗ္ဗာ၊ ၏။) ဟိ၊ မှန်။ အာရမ္မဏာဒိဝိဘာဂတော စ၊ အာရုံစသည်ကို ဝေဘန်သော အားဖြင့်ငှင်း။ ပဝတ္တိအာကာရဝိဘာဂတော စ၊ ဖြစ်ပုံအခြင်းအရာကို ဝေဘန်သောအားဖြင့်ငှင်း။ ကိလေသာ၊ တို့သည်။ အနန္တပ္ပဘေဒါ၊ အဆုံးအပိုင်းအခြားမရှိသော အပြားရှိကုန်၏။ ဣတိ၊ ဤတွင် တရပ်ပြီး၏။ သင်္ခေပတောတိ ဧတ္ထ၊ အစရှိသော ပါဌ်၌။ သမုစ္ဆေဒပ္ပဟာနဝသေန၊ ဖြင့်။ သဗ္ဗသော၊ သိမ်း။ အပ္ပဝတ္တိကရဏေန၊ မဖြစ်ခြင်းကို ပြုသဖြင့်။ ကိလေသမာရံ စ၊ ကိုငှင်း။ (အဘဉ္ဇိ-၌ စပ်) သမုဒယပ္ပဟာနပရိညာဝသေန၊ သမုဒယကို

ပယ်ခြင်း (ခန္ဓာတို့ကို) ပိုင်းခြား၍ သိခြင်းတို့၏ အစွမ်းအားဖြင့်။ ခန္ဓမာရံ စ၊ ကိုငင်း။ သဟာယဝေကလ္လကရဏဝသေန၊ အကူအညီအဖော်၏ ချို့တဲ့သည်၏ အဖြစ်ကိုပြုခြင်း၏အစွမ်းဖြင့်။ သဗ္ဗထာ၊ အားဖြင့်။ အပ္ပဝတ္တိကရဏေန၊ ဖြင့်။ အဘိသင်္ခါရမာရံ စ၊ ကိုငင်း။ ဗလဝိဓမနဝိသယာတိက္ကမနဝသေန၊ စစ်သည်ဗိုလ်ပါကို တွန်းလှန်ဖြိုဖျက်ခြင်း, နယ်ပယ်ကို ကျော်လွန်ခြင်းတို့၏အစွမ်းဖြင့်။ ဒေဝပုတ္တမစ္စုမာရဉ္စ၊ ကိုငင်း။ အဘဉ္ဇိ၊ ပြီ။ ဘဂ္ဂေ၊ ပျက်သည်တို့ကို။ အကာသိ၊ ပြီ။ ပရိဿယာနဉ္စ၊ ကား။ ဥပဒ္ဒဝါနံ၊ ကပ်၍ နှိပ်စက်တတ်သော ဘေးရန်တို့ကို။ သမ္ဘတိ စ၊ ယခုမျက်မှောက်၌ငင်း။ အာယတိဥ္စ၊ နောင်အခါ၌ငင်း။ သတ္တာနံ၊ တို့၏၊ ဝါ၊ တို့အား။ အနတ္ထာဝဟတ္တာ၊ အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်။ မာရဏဋ္ဌေန၊ သေစေသော အနက်ကြောင့်။ ဝိဗန္ဓနဋ္ဌေန၊ နှိပ်စက်တတ်သော အနက်ကြောင့်။ ကိလေသာဝ၊ တို့သည်ပင်လျှင်။ မာရော၊ မည်၏။ ဣတိ၊ ကြောင့်။ ကိလေသမာရော၊ မည်၏။ ဝဓကဋ္ဌေန၊ သတ်တတ်သော အနက်ကြောင့်။ ခန္ဓာဝ၊ တို့သည်ပင်လျှင်။ မာရော၊ မည်၏။ ဣတိ၊ ကြောင့်။ ခန္ဓမာရော၊ မည်၏။ တထာ–တံ ဝစနံ၊ သည်။ ဟိ၊ မှန်။ ဝဓကံ ရူပံ၊ သတ်တတ်သော ရုပ်ကို။ ဝဓကံ ရူပန္တိ၊ ဟူ၍။ ယထာဘူတံ၊ စွာ။ နပ္ပဇာနာတိ၊ မသိ။ ဣတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဇာတိဇရာဒိမဟာဗျသနနိဗ္ဗတ္တနေန၊ ဇာတိ ဇရာ အစရှိသော ကြီးစွာသော ပျက်စီးခြင်းတို့ကို ဖြစ်စေခြင်းကြောင့်။ အဘိသင်္ခါရောဝ၊ သည်ပင်လျှင်။ မာရော၊ မည်၏။ ဣတိ၊ ကြောင့်။ အဘိသင်္ခါရမာရော၊ မည်၏။ သံကိလေသနိမိတ္တံ၊ သံကိလေသ၏ အကြောင်းသည်။ ဟုတွာ၊ ၍။ ဂုဏမာရဏဋ္ဌေန၊ ဒါန သီလစသော ဂုဏ်ကို သတ်တတ်သော အနက်ကြောင့်။ ဒေဝပုတ္တောဝ၊ ဝသဝတ္တီနတ်သားသည်ပင်လျှင်။ မာရော၊ မည်၏။ ဣတိ၊ ကြောင့်။ ဒေဝပုတ္တမာရော၊ မည်၏။ သတ္တာနံ၊ တို့၏။ ဇီဝိတဿ စ၊ အသက်၏ငင်း။ ဇီဝိတပရိက္ခာရာနဉ္စ၊ အသက်၏ အရံအတားဖြစ်သော ဝတ္ထုတို့၏ငင်း။ ဇာနိကရဏေန၊ ဆုံးရှုံးခြင်းကို ပြုသဖြင့်။ မဟာဗာဓရူပတ္တာ၊ လွန်စွာ နှိပ်စက်တတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဝါ၊ ကြီးစွာသော လူသတ်သမားနှင့် တူသည်၏အဖြစ်ကြောင့်။ မစ္စုဧဝ၊ သေခြင်းသည်ပင်လျှင်။ မာရော၊ မည်၏။ ဣတိ၊ ကြောင့်။ မစ္စုမာရော၊ မည်၏။

သတပုညလက္ခဏဓရဿာတိ၊ ကား။ အနေက။ ပ။ ဝဟတော၊ အရာမကများစွာသော၊ ဝါ၊ ရာပေါင်းများစွာသော ကောင်းမှုတို့ကြောင့်ဖြစ်သော မဟာပုရိသလက္ခဏာတော်တို့ကို ဆောင်သော။ (အဿ၊ ထိုမြတ်စွာဘုရား၏။) ရူပကာယသမ္ပတ္တိ၊ ရူပကာယ၏ ပြည့်စုံခြင်းကို။ ဒီပိတာ၊ ပြအပ်သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ အဘယ့်ကြောင့် ဖလသမ္ပဒါလေးပါးလုံးကို ပြသည်ဟု မဆိုမူ၍ ရူပကာယသမ္ပတ္တိကို ပြသည်ဟူ၍သာ ဆိုသနည်းဟူမူကား။) ဣတရာသံ၊ ကုန်သော။ ဖလသမ္ပဒါနံ၊ တို့၏။ မူလဘာဝတော စ၊ အရင်းခံ၏ အဖြစ်ကြောင့်ငင်း။ အဓိဋ္ဌာနဘာဝတော စ၊ တည်ရာ၏ အဖြစ်ကြောင့်ငင်းပေတည်း။ ဓမ္မကာယသမ္ပတ္တိ၊ ကို။ ဒီပိတာ၊ သည်။ ဟောတိ၊ ၏။ (ကသ္မာ၊ အဘယ့်ကြောင့် ဓမ္မကာယသမ္ပတ္တိ အလုံးစုံကို ပြနိုင်သနည်းဟူမူကား။) ဉာဏသမ္ပဒါဒီနံ၊ တို့၏။ ပဟာနသမ္ပဒါပုဗ္ဗ–ကတ္တာ၊ ပဟာနသမ္ပဒါလျှင် ရှေ့သွားရှိသည်၏ အဖြစ်ကြောင့်တည်း။ ဘာဂျဝတာယ၊ တာဖြင့်။ လောကိယာနံ၊ လောက၌ အတွင်းဝင်ကာမျှဖြစ်သော လူသာမန် လူပြိန်းတို့၏။ ဗဟုမတဘာဝေါ၊ များစွာ မြတ်နိုးအပ်သည်၏ အဖြစ်ကို။ (ဒီပိတော၊ ၏။) ဘဂ္ဂဒေါသတာယ၊ တာဖြင့်။ ပရိက္ခကာနံ၊ ထက်ဝန်းကျင် စူးစမ်းဆင်ခြင်တတ်သော လူပညာရှိတို့၏။ ဗဟုမတဘာဝေါ၊ ကို။ (ဒီပိတော၊ ၏။) ဣတိ၊ သို့။ ယောဇနာ၊ ကို။ (ဝေဒိတဗ္ဗာ၊ ၏။) ဇဝံ၊ တူ။ ဣတော၊ မှ။ ပရေသုပိ၊ နောက်စကားရပ်တို့၌လည်း။ ယထာသမ္ဘဝံ၊ အရေအတွက်သချာ အားလျော်စွာ၊ ဝါ၊ အစဉ်အတိုင်း။ ယောဇေတဗ္ဗံ၊ ၏။ ဟိ၊ မှန်။ ပုညဝန္တံ၊ ဘုန်းကြီးသော ပုဂ္ဂိုလ်ကို။ ခတ္တိယာဒယော၊ မင်းအစရှိကုန်သော။ ဂဟဋ္ဌာ၊ အိမ်နေ လူတို့သည်။ အဘိဂစ္ဆန္တိ၊ ဆည်းကပ်ကုန်၏။ တာပသပရိဗ္ဗာဇကာဒယော၊ ရသေ့ပရိဗိုဇ် အစရှိကုန်သော။ ပဗ္ဗဇိတာ၊ တို့သည်။ "ဒေါသဝိနယာယ၊ ဒေါသကို ပယ်ဖျောက်ခြင်းငှါ။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ဟောပေ၏။" ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပဟီနဒေါသံ၊ ပယ်ပြီးသော ကိလေသာဒေါသရှိသော ပုဂ္ဂိုလ်ကို။ (အဘိဂစ္ဆန္တိ၊ ကုန်၏။) အဘိဂတာနံ၊ ဆည်းကပ်လာကုန်သော။ နေသံ စ၊ ထိုလူရှင်တို့၏လည်း။ ကာယစိတ္တဒုက္ခာပနယနေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ပယ်ဖျောက်ခြင်း၌။ ပဋိဗလဘာဝေါ၊ စွမ်းနိုင်သည်၏ အဖြစ်ကို။ (ဒီပိတော၊ ၏။ ကသ္မာ၊ ကား။) အာမိသဒါနဓမ္မဒါနေဟိ၊ တို့ဖြင့်။ ဥပကာရသဗ္ဘာဝတော၊ ကျေးဇူးပြုခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း။ တဿ၊ ထိုဘုရား၏။ ရူပကာယံ၊ ကို။ ပသာဒစက္ခုနာ၊ ဖြင့်။ (ဒိသွာ၊ ရှုမြင်၍။) ဓမ္မကာယံ၊ ကို။ ပညာစက္ခုနာ၊ ဖြင့်။ ဒိသွာ၊ ၍။ ဒုက္ခဒ္ဒယဿ၊ ဆင်းရဲနှစ်ခု အပေါင်း၏။ ပဋိပ္ပဿမ္ဘနတော၊ ငြိမ်းခြင်းကြောင့်။ ဥပဂတာနံ၊ ဆည်းကပ်လာကုန်သော။ တေသံ စ၊ ထိုလူရှင်တို့အားလည်း။ (ဤ၌ စ–သဒ္ဒါကား ဝိသုဒ္ဓိမဂ်မှ စ–သဒ္ဒါဖြစ်သည်၊ ၎င်းဖြင့် ဝုတ္တတ္ထကို ဆည်းသည်) အာမိသဒါနဓမ္မဒါနေဟိ၊ တို့ဖြင့်။ ဥပကာရိတာ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကို။ (ဒီပိတာ၊ ၏။) ပုဗ္ဗေ၊ ရှေးဘဝ၌။ အာမိသဒါနဓမ္မဒါနေဟိ၊ တို့ဖြင့်။ မယာ၊ သည်။ [၂၅၆] အယံ လောကဂ္ဂဘာဝေါ၊ ဤလောကထက် မြတ်သည်၏အဖြစ်ကို။ အဓိဂတော၊ ၏။ တသ္မာ၊ ကြောင့်။ တုမှေဟိပိ၊ တို့သည်လည်း။ ဧဝမေဝ၊ လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။ ဣတိ ဇဝံ၊ သို့။ သမ္မာပဋိပတ္တိယံ၊ ၌။ နိယောဇနေန၊ တိုက်တွန်းခြင်းဖြင့်။ အဘိဂတာနံ၊ ဆည်းကပ်လာကုန်သော လူရှင်တို့ကို။ (သဗ္ဗောဇနသမတ္ထတာ–၌ စပ်) လောကိယလောကုတ္တရသုခေဟိ၊ တို့နှင့်။ သဗ္ဗောဇနသမတ္ထတာ စ၊ ယှဉ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကိုလည်း။ ဒီပိတာ၊ သည်။ ဟောတိ၊ ၏။

သကစိတ္တေ၊ မိမိစိတ်၌။ ဣဿရိယံ၊ အစိုးရခြင်းဟူသည်။ အတ္တနော၊ ၏။ စိတ္တဿ၊ ကို။ ဝသီဘာဝါပါဒနံ၊ ဝသီဘော်သို့ ရောက်စေခြင်းတည်း။ ယေန၊ ယင်းသို့ မိမိစိတ်၌ အစိုးရခြင်းကြောင့်။ ပဋိက္ကူလာဒီသု၊ ပဋိက္ကူလစသော အာရုံတို့၌။ အပ္ပဋိက္ကူလသညိတာဒိဝိဟာရသိဒ္ဓိ၊ လ–ဟု အမှတ်ရှိသည်၏ အဖြစ်အစရှိသော နေခြင်း၏ပြီးခြင်းသည်။ (ဟောတိ၊ ၏။) အဓိဋ္ဌာနိဒ္ဓိအာဒိကော၊ နိဒ္ဓိအစရှိသော။ ဣဒ္ဓိဝိဓောပိ၊ တန်ခိုးဖန်ဆင်းခြင်းသည်လည်း။ စိတ္တိဿရိယမေဝ၊ စိတ်၌ အစိုးရခြင်း

သည်သာလျှင်တည်း။ (ကသ္မာ၊ ကား။) စိတ္တဘာဝနာယ၊ သည်။ ဝသီဘာဝပ္ပတ္တိယာ၊ ဝသီဘော်သို့ ရောက်လတ်သော်။ ဣဇ္ဈန တော၊ ပြီးခြင်းကြောင့်တည်း။ အဏိမာလဃိမာဒိကန္တိ (ဇွေထ္တ)၊ ဟူသော ဤပုဒ်၌။ အာဒိသဒ္ဒေန၊ ဖြင့်။ မဟိမာ၊ ၎င်း။ပ။ ယတ္ထ ကာမဝသာယိတာ၊ ၎င်း။ ဣတိ၊ သို့။ ဣမေ ဆပိ၊ ဤခြောက်ပါးတို့ကိုလည်း။ သင်္ဂဟိတာ၊ ကုန်၏။ တတ္ထ၊ ထိုခြောက်ပါး တို့တွင်။ ကာယဿ၊ ၏။ အဏုဘာဝကရဏံ၊ အဏုမြူသဖွယ်သေးငယ်သည်၏ အဖြစ်ကို ပြုခြင်းသည်။ အဏိမာ၊ မည်၏။ အာကာသေ၊ ၌။ ပဒသာ ဂမနာဒိနာ၊ ခြေဖြင့်သွားခြင်းစသည်ဖြင့်။ လဟုဘာဝေါ၊ ပေါ့ပါးလျင်မြန်သည်၏ အဖြစ်သည်။ လဃိမာ၊ မည်၏။ မဟတ္တံ၊ ကြီးသည်၏ အဖြစ်သည်။ မဟိမာ၊ မည်၏။ ကာယဿ၊ ၏၊ ဝါ၊ ကို။ မဟန္တတာပါဒနံ၊ ကြီးသည်၏အဖြစ်သို့ ရောက်စေခြင်းပင်တည်း။ ဣဋ္ဌဒေသပ္ပတ္တိ၊ အလိုရှိရာအရပ်သို့ ရောက်ခြင်းသည်။ ပတ္တိ၊ မည်၏။ အဓိဋ္ဌာ နာဒိဝသေန၊ ဖြင့်။ ဣစ္ဆိတနိပ္ဖါဒနံ၊ အလိုရှိအပ်သောအမှုကို ပြီးစေခြင်းသည်။ ပါကမ္မံ၊ မည်၏။ သယံသိတာ၊ မိမိအလို အတိုင်း ဖြစ်နိုင်သည်၏ အဖြစ်ဟူသော။ ဣဿရဘာဝေါ၊ အစိုးရသည်၏အဖြစ်သည်။ ဤသိတာ၊ မည်၏။ ဣဒ္ဓိဝိဓေ၊ အထွေထွေ အမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း၌။ ဝသီဘာဝေါ၊ အလိုအတိုင်းဖြစ်ခြင်းသည်။ ဝိသိတာ၊ မည်၏။ အာကာသေန၊ ဖြင့်။ ဂစ္ဆတော ဝါ၊ သွားသောသူ၏၎င်း။ အညံ၊ သော။ ကိဉ္စိ၊ သော။ ကရောတော ဝါ၊ ပြုသောသူ၏ ၎င်း။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသောအရပ်၌။ ဝေါသာနပ္ပတ္တိ၊ အဆုံးသို့ရောက်ခြင်းသည်။ ယတ္ထကာမဝသာယိတာ၊ မည်၏။ "ကုမာရကရူ ပါဒိဒဿနံ၊ သတို့သားသူငယ်၏ ရုပ်သဏ္ဌာန်စသည်ကို ပြခြင်းတည်း။" ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ ဇဝံ၊ သို့။ အဋ္ဌ ဝိဓံ၊ သော။ ဣဒံ၊ ဤတန်ခိုးသည်။ လောကိယသမ္မတံ၊ လောက၌ထင်ရှားသော ပညာရှိတို့သည် မြတ်သည်ဟု သမုတ်အပ် သော။ ဣဿရိယံ၊ ယ–ဘုန်းတန်ခိုးတော်ပေတည်း။ ပန၊ ဆက်။ တံ၊ ထိုဘုန်းတန်ခိုးတော်သည်။ ဘဂဝတော၊ ၏၊ ဝါ၊ အား။ ဣဒ္ဓိဝိဓဉ္ဉောဂဓံ စ၊ ဣဒ္ဓိဝိဓအဘိညာဉ်၌ အတွင်းဝင်သည်၎င်း။ အနညသာဓာရဏဉ္စ၊ တပါးသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံ သည်၎င်း။ (ဟောတိ၊ ၏။) ဣတိ၊ ကြောင့်။ သဗ္ဗာကာရပရိပူရံ အတ္ထီတိ၊ ဟူ၍။ အာဟ၊ ၏။

ကေသဉ္စိ၊ အချို့သော ပုဂ္ဂိုလ်တို့၏။ ယသော၊ အကျော်အစောသည်။ ပဒေသဝုတ္တိ စ၊ တစိတ်တဒေသ အရပ်၌သာ ဖြစ်ခြင်းရှိသည်၎င်း။ အယထာဘူတဂုဏသန္နိဿယတ္တာ၊ မဟုတ်မမှန်သော ဂုဏ်လျှင်မှီရာရှိသည်၏ အဖြစ်ကြောင့်။ အပရိသု ဒ္ဓေါ စ၊ မစင်ကြယ်သည်၎င်း။ ဟောတိ၊ ၏။ တထာဂတဿ၊ ၏။ (ယသော၊ သည်။) ဇဝံ၊ ဤကဲ့သို့။ န၊ မဟုတ်။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ လောကတ္တယဗျာပကောတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဌ်၌။ ဣဓအဓိဂတသတ္တုဂုဏာနံ၊ ဤလူ့ လောက၌ ရအပ် သိအပ်ပြီးသော ဘုရား၏ ဂုဏ်ကျေးဇူး ရှိကုန်သည် ဖြစ်၍။ အာရုပ္ပေ၊ ၌။ ဥပ္ပန္နာနံ၊ ဖြစ်သောပုဂ္ဂိုလ်တို့အား။ ဣတိပိ သော ဘဂဝါတိအာဒိနာ၊ ဖြင့်။ ဘဂဝတော၊ ၏။ ဂုဏေ၊ တို့ကို။ အနုဿရန္တာနံ၊ အဖန်တလဲလဲ အောက်မေ့ကုန်လတ် သော်၊ ဝါ၊ အောက်မေ့သော ပုဂ္ဂိုလ်တို့အား။ ဘဂဝတော၊ ၏။ ယသော၊ သည်။ ပါကဋော၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ လောကတ္တယဗျာပကောတိ၊ ဟူ၍။ အာဟ၊ ၏။ ယထာဘုစ္စဂုဏာဓိဂတတ္တာ ဇဝ၊ ဟုတ်တိုင်းမှန်သော ဂုဏ်ကျေးဇူး ဖြင့် ရအပ်သည်၏ အဖြစ်ကြောင့်ပင်လျှင်။ အတိဝိယ၊ လျှင်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ အနဝသေသလက္ခဏာနုဗျဉ္စနာဒိ သမ္ပတ္တိယာ၊ အကြွင်းမဲ့အလုံးစုံကုန်သော လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်စသည်တို့နှင့် ပြည့်စုံခြင်းကြောင့်။ သဗ္ဗာကာ ရပရိပူရာ၊ သည်။ (ဟောတိ၊ ၏။) သဗ္ဗင်္ဂပစ္စင်္ဂသိရီ၊ အလုံးစုံသော အင်္ဂါကြီးငယ်တို့၏ ကြက်သရေဟူသည်။ သဗ္ဗေသံ၊ ကုန် သော။ အင်္ဂပစ္စင်္ဂါနံ၊ တို့၏။ သောဘာ၊ တင့်တယ်ခြင်းတည်း။ တိဏ္ဏော၊ မိမိကိုယ်တိုင် ကူးမြောက်သည်ရှိသော်။ တာရေယျံ၊ ကူးမြောက်စေအံ့။ ဣတိအာဒိနာ၊ ဖြင့်။ ယံ ယံ၊ အကြင် အကြင် အကျိုးစီးပွါးကို။ ဧတေန လောကနာထေန၊ ဤမြတ်စွာ ဘုရားသည်။ မနောဝစီပဏိဓာနဝသေန၊ စိတ်နှင့်နှုတ်ကိုထားခြင်း ဖြစ်စေခြင်း၏ အစွမ်းအားဖြင့်။ ဣစ္ဆိတံ၊ အလိုရှိအပ်သည် ၏။ ကာယပဏိဓာနဝသေန၊ ကိုယ်ကို ထားခြင်းဖြစ်စေခြင်း၏ အစွမ်းအားဖြင့်။ ပတ္ထိတံ၊ တောင့်တအပ်၏။ (ဤအရာ၌ "ဣစ္ဆိ တံ မနောပဏိဓာနဝသေန, ပတ္ထိတံ ကာယဝစီပဏိဓာနဝသေန"–ဟုရှိလျှင် ယုတ္တရဖြစ်ရာ၏) တထေဝါတိ၊ ကား။ ပဏိဓာနာ နုရူပမေဝ၊ ဆုတောင်းသည် အားလျော်စွာသာလျှင်။ ဝီရိယပါရမိဘာဝပ္ပတ္တော စ၊ ဝီရိယ ပါရမီအဖြစ်သို့ရောက်သော လုံ့လ သည်၎င်း။ အရိယမဂ္ဂပရိယာပန္နော စ၊ အရိယာမဂ်၌ အကျုံးဝင်သော လုံ့လသည်၎င်း။ သမ္မာဝါယာမသင်္ခါတော၊ သမ္မာဝါယာ မဟုဆိုအပ်သော။ ပယတ္တော၊ မည်၏။

ဘာဒေဟီတိ၊ ကား။ သဗ္ဗတ္တိကဒုကပဒသင်္ဂဟိတေဟိ၊ အလုံးစုံသောတိကပုဒ် ဒုကပုဒ်တို့ဖြင့် ရေတွက်အပ်ကုန် သော။ ပဘေဒေဟိ၊ တို့ဖြင့်။ ပဋိစ္စသမုပ္ပါဒါဒီဟီတိ၊ ပုဒ်၌။ အာဒိ–သဒ္ဒေန၊ ဖြင့်။ ကေဝလံ၊ သက်သက်။ ဝိဘင်္ဂပါဠိယံ၊ ၌။ အာဂတာ၊ ကုန်သော။ သတိပဋ္ဌာနာဒယော၀၊ တို့ကိုသာလျှင်။ သင်္ဂဟိတာ၊ ကုန်သည်။ န၊ မဟုတ်ကုန်။ အထ ခေါ၊ စင်စစ် သော်ကား။ သင်္ဂဟာဒယော စ၊ ဓာတုကထာကျမ်းမှ သင်္ဂဟစသည်တို့ကို၎င်း။ သမယဝိမုတ္တာဒယော စ၊ ပုဂ္ဂလပညတ်ကျမ်းမှ သမယဝိမုတ္တစသည်တို့ကို၎င်း။ [၂၅၇] ဌပနာဒယော စ၊ ကထာဝတ္ထုကျမ်းမှ ဌပနာစသည်တို့ကို၎င်း။ တိကပဋ္ဌာနာဒယော စ၊ တိကပဋ္ဌာန်းစသည်တို့ကို၎င်း။ သင်္ဂဟိတာ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဒုက္ခသစ္စဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ ပီဠ နဋ္ဌ–ဟူသည်။ တံသမင်္ဂိနော၊ ထိုဒုက္ခသစ္စာနှင့်ပြည့်စုံသော။ သတ္တဿ၊ ကို။ ဟိံ သနံ၊ ညှင်းဆဲခြင်းတည်း။ အဝိပ္ဖါရိကတာ ကရဏံ၊ မပြန့်ကား မစည်ပင်သည်၏ အဖြစ်ကိုပြုခြင်းတည်း။ သင်္ခတဋ္ဌော၊ သင်္ခတဋ္ဌ–ဟူသည်။ သမေစ္စ၊ အညီအညွတ် ပေါင်းစု၍။ သမ္ဘုယ၊ တကွဖြစ်၍။ ပစ္စယေဟိ၊ အကြောင်းတို့သည်။ ကတဘာဝေါ၊ ပြုအပ်သည် အဖြစ်တည်း။ သန္တာပဋ္ဌော၊ သန္တာပဋ္ဌ–ဟူသည်။ ဒုက္ခဒုက္ခတာဒီဟိ၊ တာ စသည်တို့ဖြင့်။ သန္တပ္ပနံ၊ ပူပန်စေခြင်းတည်း။ ပရိဒဟနံ၊ ပူလောင်စေခြင်းတည်း။ ဝိပရိဏာမဋ္ဌော၊ ဝိပရိဏာမဋ္ဌ–ဟူသည်။ ဇရာယ စ၊ ဖြင့်၎င်း။ မရဏေန စ၊ ဖြင့်၎င်း။ ဣတိ၊ သို့။ ဒွိဓာ၊ ဖြင့်။ ဝိပရိဏာမေ

တဗ္ဗတာ၊ ပြောင်းလွဲဖောက်ပြန် စေအပ်သည်အဖြစ်တည်း။ သမုဒယဿ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ အာယူဟနဋ္ဌ–ဟူသည်။ ဒုက္ခဿ၊ ကို။ နိဗ္ဗတ္တနဝသေန၊ ဖြစ်စေသည်၏ အစွမ်းဖြင့်။ သမ္ပိဏ္ဍနံ၊ ပေါင်းခြင်းတည်း။ နိဒါနဋ္ဌော၊ နိဒါနဋ္ဌော–ဟူသည်။ ဣဒံ၊ ဤသည်ကား။ တံ ဒုက္ခံ၊ သင်အလိုရှိသော ထိုဆင်းရဲပင်တည်း။ ဝါ၊ ထို ဆင်းရဲသည်။ ဣဒံ၊ ဤအရာပင်တည်း။ ဣတိ၊ သို့။ နိဒဒန္တံ့သ ဝိယ၊ အပ်နှင်းဘိသကဲ့သို့။ သမုဋ္ဌာပနံ၊ ဖြစ်ပေါ်စေသော အကြောင်းတည်း။ သံယောဂဋ္ဌော၊ သံယောဂဋ္ဌ–ဟူသည်။ သံသာရဒုက္ခေန၊ နှင့်။ သံယောဇနံ၊ ယှဉ်ခြင်း–ယှဉ်စေခြင်းတည်း။ ပလိဗောဓဋ္ဌော၊ ပလိဗောဓဋ္ဌ–ဟူသည်။ မဂ္ဂါဓိဂမဿ၊ မဂ်ကိုရခြင်းကို။ နိဝါရဏံ၊ တားမြစ်ခြင်းတည်း။ နိရောဓဿ၊ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ နိဿရဏဋ္ဌ–ဟူသည်။ သဗ္ဗူပဓီနံ၊ ခပ်သိမ်းသော ဥပဓိတို့ကို။ ပဋိနိဿဂ္ဂသဘာဝတ္တာ၊ ဝေးစွာ စွန့်လွှတ်ခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်။ တတော၊ ထိုဥပဓိတို့မှ။ ဝိနိဿဋတာ၊ ထွက်မြောက်ကျွတ်လွတ်သည်၏ အဖြစ်တည်း။ ဝါ၊ တနည်း။ တန္နိဿရဏနိမိတ္တတာ၊ ထိုဥပဓိ–တို့မှ ကျွတ်လွတ်ခြင်း၏ အကြောင်း၏ အဖြစ်တည်း။ ဝိဝေကဋ္ဌော၊ ဋ္ဌ–ဟူသည်။ သဗ္ဗသင်္ခါရဝိသံယုတ္တတာ၊ အလုံးစုံသော သင်္ခါရတို့နှင့် မယှဉ်သည်အဖြစ်တည်း။ အသင်္ခတဋ္ဌော၊ အသင်္ခတဋ္ဌ–ဟူသည်။ ကေနစိပိ၊ သော။ ပစ္စယေန၊ အကြောင်းသည်၊ ဝါ၊ ဖြင့်။ အနဘိသင်္ခတတာ၊ မပြုအပ်သည်၏ အဖြစ်တည်း။ အမတဋ္ဌော၊ အမတဋ္ဌ–ဟူသည်။ နိစ္စသဘာဝတ္တာ၊ မြဲသောသဘောရှိသည်၏ အဖြစ်ကြောင့်။ မရဏာဘာဝေါ၊ သေခြင်း၏ မရှိခြင်းတည်း။ ဝါ၊ တနည်း။ သတ္တာနံ၊ တို့၏။ မရဏာဘာဝဟေတုတာ၊ သေခြင်းမရှိခြင်း၏ အကြောင်း၏ အဖြစ်တည်း။ မဂ္ဂဿ၊ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌော၊ နိယျာနဋ္ဌ–ဟူသည်။ ဝဋ္ဋဒုက္ခတော၊ မှ။ နိဂ္ဂမနဋ္ဌော၊ ထွက်သွားခြင်း သဘောတည်း။ ဟေတုအတ္ထော၊ ဟူသည်။ နိဗ္ဗာနဿ၊ သို့။ သမ္ပာပကဘာဝေါ၊ ရောက်စေတတ်သည်၏ အဖြစ်တည်း။ ဒဿနဋ္ဌော–ဟူသည်။ အစ္စန္တသုခုမဿ၊ စင်စစ်နူးညံ့သိမ်မွေ့သော။ နိဗ္ဗာနဿ၊ ကို။ သန္ဒဿကရဏံ၊ မျက်မှောက်ပြုခြင်းတည်း။ အာဓိပတေယျဋ္ဌော၊ အာဓိပတေယျဋ္ဌ–ဟူသည်။ စတုသစ္စဒဿနေ၊ သစ္စာလေးပါးကို မြင်ခြင်း၌။ သမ္ပယုတ္တာနံ၊ တို့၏၊ ဝါ၊ တို့ကို။ အာဓိပစ္စကရဏံ၊ အကြီးအမှူး၏ အဖြစ်ကိုပြုခြင်းတည်း၊ ဝါ၊ အစိုးရသည်၏ အဖြစ်ကို ပြုခြင်းတည်း။ ဝါ၊ တနည်း။ ဝိသေသတော၊ အထူးအားဖြင့်။ မဂ္ဂါဓိပတိဝစနတော၊ အဂ္ဂါဓိပတိကို ဟောတော်မူခြင်းကြောင့်။ အာရမ္မဏာဓိပတိဘာဝေါ၊ အာရမ္မဏာဓိပတိ၏ အဖြစ်တည်း။ ဟိ၊ ချဲ့၍ဆိုဦးအံ့။ ဈာနာဒီနံ၊ ဈာန် အစရှိသည်တို့၏။ အာရမ္မဏာဓိပတိဘာဝေ၊ အာရမ္မဏာဓိပတိ၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ဈာနာဓိပတိနော ဓမ္မာ တိ၊ ဟူ၍။ ဧဝမာဒိ၊ ဤသို့–အစရှိသည်ကို။ အဝတွာ၊ မဟောမူ၍။ မဂ္ဂါဓိပတိနော ဓမ္မာ ဣစ္စေဝ၊ ဟူ၍သာလျှင်။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ မဂ္ဂဿ၊ မဂ္ဂသစ္စာ၏။ အာရမ္မဏာဓိပတိဘာဝေ၊ အာရမ္မဏာဓိပတိအဖြစ်၌။ ဝိသေသော၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။ ဧတေ စ ပီဠနာဒယော၊ စသည်တို့သည်လည်း။ သောဠသာကာရာ နာမ၊ တို့မည်ကုန်၏။ ပန၊ စောဒနာအံ့။ ဧတ္ထ၊ ဤသစ္စာလေးပါးတို့၌။ အညေသု၊ ကုန်သော။ ရောဂဂဏ္ဍာဒိအာကာရေသု၊ တို့သည်။ ဝိဇ္ဇမာနေသု၊ ကုန်လျက်။ ဧတေဝ၊ ဤတဆယ့်ခြောက်ပါးသော အနက်သဘော တို့ကိုသာလျှင်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပရိဂ္ဂယှန္တိ၊ သိမ်းယူအပ်ပါကုန်သနည်း။ ဣတိ၊ ဤကားစောဒနာတည်း။ သလက္ခဏတော စ၊ မိမိ၏ လက္ခဏာအားဖြင့်၎င်း။ သစ္စန္တရဒဿန တော စ၊ သစ္စာတပါးတို့ကို မြင်သောအားဖြင့်၎င်း။ အာဝိဘာဝတော၊ ထင်စွာဖြစ်ခြင်းကြောင့်။ (ဧတေဝ၊ တို့ကိုသာလျှင်။ ပရိဂ္ဂ ယှန္တိ၊ ကုန်၏။) သွာယမတ္ထော၊ ထိုအနက်သည်။ ပရတော၊ နောက်၌။ သစ္စကထာယမေဝ၊ သစ္စကထာ၌သာလျှင်။ အာဝိဘဝိ ဿတိ၊ လတ္တံ့။

ကသိဏာဒိအာရမ္မဏာနိ၊ ကသိုဏ်းစသည်လျှင် အာရုံရှိကုန်သော။ ရူပါဝစရဇ္ဈာနာနိ၊ ရူပါဝစရဈာန်တို့သည်။ ဒိဗ္ဗဝိ ဟာရော၊ ရမည်၏။ မေတ္တာဒိဈ္ဈာနာနိ၊ မေတ္တာဈာန် စသည်တို့သည်။ ဗြဟ္မဝိဟာရော၊ ရမည်၏။ ဖလသမာပတ္တိ၊ ဖလသမာ ပတ်သည်။ အရိယဝိဟာရော၊ ရမည်၏။ ကာမေတိ၊ တို့မှ။ ဝိဝေကဋ္ဌကာယတာဝသေန၊ ကင်းဆိတ်ရာအရာ၌ တည်သော ကိုယ်ရှိသည်၏အဖြစ်၏ အစွမ်းအားဖြင့်။ ဧကီဘာဝေါ၊ တယောက်ထီးတည်း၏ အဖြစ်သည်။ ကာယဝိဝေကော၊ ကာယဝိဝေ ကမည်၏။ ပဋ္ဌမဇ္ဈာနာဒိနာ၊ ဖြင့်။ နီဝရဏာဒီဟိ၊ တို့မှ။ ဝိဝိတ္တစိတ္တတာ၊ ကင်းဆိတ်သော စိတ်ရှိသည်၏ အဖြစ်သည်။ စိတ္တဝိ ဝေကော၊ စိတ္တဝိဝေကမည်၏။ နိဗ္ဗာနံ၊ သည်။ ဥပဓိဝိဝေကော၊ ဥပဓိဝိဝေက–မည်၏။ အညေတိ၊ ကား။ လောကိယာဘိညာဒိ ကေ၊ အဘိညာဉ်စသည်တို့ကို။

ဘဝေသု၊ ဘဝတို့၌။ ပရိဗ္ဗမနံ၊ လှည့်လည်ခြင်းသည်။ ကိလေသာဘိသင်္ခါရဝသေန၊ ကိလေသာတိသင်္ခါရတို့၏ အစွမ်းအားဖြင့်။ (ဟောတိ၊ ၏။) သော စ၊ ထိုလှည့်လည်ခြင်းသည်လည်း။ တဏှာပဓာနော၊ တဏှာလျှင် ပြဓာန်းခြင်းရှိ၏။ ဣတိ၊ ကြောင့်။ တဏှာသင်္ခါတံ ဂမနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဝန္တန္တိ၊ ကား။ အရိယမဂ္ဂမုခေန၊ အရိယာတည်းဟူသော ခံတွင်းဖြင့်။ ဥဂ္ဂိရိတံ၊ ထွေးအန်အပ်ပြီး။ ပုန၊ တဖန်။ အပစ္စာဝမနဝသေန၊ ပြန်၍ မမျိုသည်၏ အစွမ်းအားဖြင့်။ ဆဍ္ဍိတံ၊ စွန့်အပ်ပြီး။ နိရုတ္တိန ယေန၊ ဖြင့်။ ဘဂဝါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဒဿေန္တော၊ ဖြစ်၍။ ယထာ။ပ။ မေခလာတိ၊ ဟူ၍။ အာဟ၊ ၏။

[၂၅၈] အပရော၊ အဋ္ဌကထာနည်းမှတပါးသော။ နယော၊ နည်းသစ်ကို။ (မယာ၊ သည်။ ဝုစ္စတေ၊ အံ့။) ဘဂဝါ၊ ဂုဏ် ကျေးဇူးအဖို့ ရှိတော်မူ၏။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ မည်တော်မူ၏။ ဘဂဝါ၊ ဆည်းပူးအပ်သော ပါရမီ စသည်ရှိတော်မူ၏၊ ဝါ၊ ပါရမီစသည်ကို ဆည်းပူးတော်မူပြီ။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ ၏။ ဘာဂေ၊ နေ့စဉ်သုံးဆောင် အပ်သော သမာပတ်စသော အဖို့တို့ကို။ ဝနိ၊ ချဉ်းကပ်မှီဝဲတော်မူပြီ။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ ၏။ ဘဂေ၊ ချဉ်းကပ်အပ် ချဉ်းကပ်သင့်သော လောကီ လောကုတ္တရာစည်းစိတ်တို့ကို။ ဝနိ၊ ပြီ။ ဣတိ၊ ကြောင့်။ ဘဂဝါ၊ ၏။ ဘတ္တဝါ၊ ဆည်းကပ်ကိုးကွယ်သူများစွာ ရှိတော်မူ၏။

က္လတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဘာဂေ၊ လောကီကြက်သရေ စသည်တို့ကို။ ဝမိ၊ ထွေးအန်စွန့်ပယ်တော်မူပြီ။ က္လတိ၊ ကြောင့်။ ဘဂဝါ၊ မည်၏။ ဘာဂေ၊ ခန္ဓာစသော တရားအဖို့တို့ကို။ ဝမိ၊ ပြီ။ က္လတိ၊ ကြောင့်။ ဘဂဝါ၊ မည်တော်မူ၏။

[၄၅၉] ၃၆၁။ ကောသမာဓီတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ သရူပါဒိပုစ္ဆာ၊ သရုပ်စသည်ကို မေးခြင်းသည်။ ယာဝ ဒေဝ ဝိဘာဂါဝဗောဓနေတ္ထာ၊ ခွဲခြမ်း ဝေဘန်သောအားဖြင့် သိခြင်းအကျိုး ရှိသည်သာလျှင်။ (ဟောတိ၊ ၏။ ခွဲခြမ်းဝေဘန်၍ သိသည် တိုင်အောင် အကျိုးရှိသည်ဟုဆိုလို၏) ဟိ၊ မှန်။ သရူပါဒိတော၊ သရုပ်အစရှိသောအားဖြင့်။ ဉာတဿ၊ သိအပ်ပြီးသော တရား၏။ ပဘေဒေါ၊ ကို။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ ဝိတ္ထာရဿ၊ အကျယ်စကား၏။ သခေ်ပပုဗ္ဗကတ္တာ၊ အကျဉ်းစကားလျှင် ရှေ့သွား ရှိသည်၏အဖြစ်ကြောင့်။ သုဝိညေယျော၊ သိလွယ်သည်။ ဟောတိ၊ ၏။ ဝိတ္ထာရဝိဓိနာ စ၊ အကျယ်ပြခြင်း အစီအရင်ဖြင့်လည်း။ သခေ်ပဝိဓိ၊ အကျဉ်းပြခြင်း အစီအရင်ကို။ သင်္ဂယှတိ၊ သိမ်းယူအပ်၏။ ဣတိ၊ ကြောင့်။ သမာဓိဿ။ပ။ ဒဿေတုန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အထ ဝါ၊ ကား။ ကော သမာဓီတိအာဒိနာပိ၊ အစရှိသော မေးခွန်းဖြင့်လည်း။ သမာဓိဿဝ၊ ၏သာလျှင်။ ပကာရဘေဒေါ၊ အထူးအပြားကို။ ဒဿီယတိ၊ ၏။ ဘာဝနာနိသံသောပိ၊ ဘာဝနာ၏အကျိုး အာနိသင်သည်လည်း။ ဘာဝနာနယနိဿိတော ဧဝ၊ ဘာဝနာနည်းကို မှီသည်သာလျှင်။ (မဟာတိ၊ ၏။) ဣတိ အဓိပ္ပါယေန၊ ဖြင့်။ ဝိတ္ထာရံ ဘာဝနာနယဥ္စ ဒဿေတုန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ (ကော သမာဓိ-စသော မေးခွန်းထဲ၌ သမာဓိ၏ဝိတ္ထာရနှင့် ဘာဝနာနယတို့ တိုက်ရိုက်အားဖြင့် မပါခဲ့သောကြောင့် ရှင်းပြသည်) သဗ္ဗပ္ပကာရတောတိ၊ ကား။ ပလိဗောဓုပစ္ဆေဒါဒိကဿ၊ ပလိဗောဓကို ဖြတ်ခြင်းအစရှိသော။ သဗ္ဗဿ၊ သော။ ဘာဝနာယ၊ ၏။ ပုဗ္ဗကိစ္စဿ၊ ကို။ ကရဏပ္ပကာရတော စေဝ၊ ပြုခြင်း အပြားအားဖြင့်၎င်း။ သဗ္ဗကမ္မဋ္ဌာနဘာဝနာဝိဘာဝနတော စ၊ အလုံးစုံသော ကမ္မဋ္ဌာန်းကို ပွါးစေခြင်း အစီအရင်ကို ထင်စွာ ပြခြင်းအားဖြင့်၎င်း။

သမတ္တာ ဟောတီတိ၊ ဟူ၍။ ဝတွာ၊ ဆိုပြီး၍။ တမေဝ သမတ္တဘာဝံ၊ ထိုပြီးစီးပြည့်စုံသည်၏ အဖြစ်ကိုပင်လျှင်။ ဝိဘာဝေတုံ၊ ငှါ။ ဒုဝိဓောယေဝါတိအာဒိ၊ ကို။ ဝုတ္တံ၊ ၏။ ဣဓအဓိပ္ပေတော သမာဓီတိ၊ ဟူသော ပါဌ်ဖြင့်။ လောကိယသမာဓိံ၊ လောကီ သမာဓိကို။ အာဟ၊ ၏။ ဒသသု ကမ္မဋ္ဌာနေသူတိ၊ ကား။ ဥပစာရာဝဟာနီတိ၊ ဥပစာရသမာဓိကို ဆောင်တတ်ကုန်၏ ဟူ၍၊ ဝါ၊ ဥပစာရသမာဓိကို ဖြစ်စေကုန်၏ဟူ၍။ ဟေဋ္ဌာ၊ ၌။ ဝုတ္တာနိ၊ ဆိုအပ်ခဲ့ကုန်ပြီးသော။ ဒသ၊ ကုန်သော။ ယာနိ ကမ္မဋ္ဌာနာနိ၊ တို့သည်။ (သန္တိ၊ကုန်၏။) တေသု၊ ထိုဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌။ အပ္ပနာပုဗ္ဗဘာဂစိတ္တေသူတိ၊ ကား။ အပ္ပနာယ၊ ၏။ ပုဗ္ဗဘာဂ စိတ္တေသု၊ ရှေးအဖို့ဖြစ်သော စိတ်တို့၌။ အဋ္ဌန္နံ၊ ကုန်သော။ ဈာနာနံ၊ တို့၏။ ပုဗ္ဗဘာဂစိတ္တုပ္ပါဒေသု၊ ရှေးအဖို့ ဖြစ်သော စိတ္တုပ္ပါဒ်တို့၌။ ဧကဂ္ဂတာတိ၊ ကား။ ဧကာဝဇ္ဇနဝီတိယံ စ၊ တူသော အာဝဇ္ဇန်းရှိသော ဝီထိ၌၎င်း။ နာနာဝဇ္ဇနဝီထိယံ စ၊ ကွဲပြားသော အာဝဇ္ဇန်းရှိသော၊ ဝါ၊ အထူးထူးသော အာဝဇ္ဇန်းရှိသော ဝီထိ၌၎င်း။ ဧကဂ္ဂတာ၊ သည်။ အဝသေသကမ္မဋ္ဌာနေ သူတိ၊ ကား။ အပ္ပနာ ဝဟာနီတိ၊ အပ္ပနာကို ဆောင်တတ်ကုန်၏ဟူ၍။ ဝုတ္တေသု၊ ကုန်သော။ တိံ သကမ္မဋ္ဌာနေသု၊ သုံးဆယ် သော ကမ္မဋ္ဌာန်းတို့၌။

## သမာဓိအာနိသံသကထာဝဏ္ဏနာ

၃၆၂။ ပစ္စက္ခဘူတော၊ မျက်မှောက်ဖြစ်၍ ဖြစ်သော။ အတ္တဘာဝေါ၊ ခန္ဓာ ငါးပါးအပေါင်း ဟူသော အတ္တဘောကို။ ဒိဋ္ဌဓမ္မော၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တတ္ထ၊ ထိုမျက်မှောက်အတ္တဘော၌။ သုခဝိဟာရော၊ ချမ်းသာစွာ နေကြောင်းဖြစ်သော တရားသည်။ ဒိဋ္ဌ ဓမ္မသုခဝိဟာရော၊ ရမည်၏။ သမာပဇ္ဇိတွာတိ ဧတေန၊ ဟူသော ဤပုဒ်ဖြင့်။ အပ္ပနာသမာဓိယေဝ၊ ကိုသာလျှင်။ ဝိဘာဝိတော၊ ထင်စွာ ပြအပ်ပြီးသည်။ ကာမံ (ဟောတိ)၊ အကယ်၍ကား ဖြစ်ပေ၏။ ပန၊ သော်လည်း။ ဧကဂ္ဂစိတ္တာတိ ပဒေန၊ ဖြင့်။ ဥပစာရ သမာဓိနောပိ၊ မိကိုလည်း။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ကြောင့်။ တတော၊ ထိုဥပစာရ သမာဓိမှ။ နိဝတ္တနတ္ထံ၊ နစ်စေခြင်းငှါ။ အပ္ပနာသမာဓိဘာဝနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ (သမာဓိ-ဟု သာမန်မဆိုပဲ အပ္ပနာ သမာဓိ-ဟုဆိုခြင်း၏အကြောင်း ကိုပြသည်) န ခေါ ပနေတေတိ၊ ကား။ ဗာဟိရကတာဝိတာ၊ သာသနာပပုဂ္ဂိုလ်တို့သည် ပွါးစေအပ်ကုန်သော။ စိတ္တေကဂ္ဂတာမတ္တ ကရာ၊ စိတ်တည်ကြည်ရုံမျှကို ပြုတတ်ကုန်သော။ ဧတေ ဈာနဓမ္မာ၊ ဤဈာန်တရား တို့ကို။ အရိယဿ ဝိနယေ ဗုဒ္ဓဿဘာဂဝတော သာသနေ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌။ ကိလေသာ နံ၊ တို့ကို။ သလ္လေခနပဋိပဒါ၊ ခေါင်းပါးစေတတ်သော အကျင့်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ကတွာ၊ ဤသို့နှလုံးသွင်း၍၊ ဝါ၊ ဤသို့သော အကြောင်းကြောင့်။ သလ္လေခါတိ၊ သလ္လေခတရားတို့ဟူ၍။ န ဝုစ္စန္တိ၊ ကုန်။ သာသနေ ပန၊ ၌ ကား။ အဝိဟိံ သာဒ ယောပိ၊ အဝိဟိံသာ အစရှိသော တရားတို့သည်လည်း။ လောကုတ္တရပါ- ဒကတ္တာ၊ လောကုတ္တရာ၏ အခြေခံ၏အဖြစ်ကြောင့်။ သလ္လေခါဝ၊ သလ္လေခတရားတို့ မည်ကုန်သည် သာလျှင်တည်း။

သမ္မာခေတိ၊ ကား။ တဏှာသံကိလေသာဒိနာ၊ တဏှာသံကိလေသ အစရှိသည်ဖြင့်။ သံကိလိဋ္ဌတာယ၊ ညစ်နွမ်းစေ အပ်သည်၏ အဖြစ်ကြောင့်။ ပရမသမ္ဗာဓေ၊ အလွန်ကျဉ်းကြပ်သော။ အတိ ဝိယ သင်္ကုဋ္ဌဋ္ဌာနဘူတေ၊ အလွန်ကျဉ်းကြပ်သော အရပ်ဌာန ဖြစ်၍ဖြစ်သော။ သံသာရပ္ပဝတ္တေ၊ သံသရာအယဉ်၌။ ဩကာသာဓိဂမနယေနာတိ၊ ကား။ အတ္တပဋိလာဘယောဂ္ဂ

ဿ၊ လောကုတ္တရာ အကျိုးစီးပွါးကို ရခြင်းငှါ သင့်လျော်သော။ နဝမခဏသခ်ါတဿ။ နဝမခဏဟု ဆိုအပ်သော။ ဩကာသ ဿ၊ အခွင့်အခါကို။ အဓိဂမနယေန၊ ရသောနည်းဖြင့်။ [၄၆၀] ဟိ၊ မှန်။ တဿ၊ ထိုဗုဒ္ဓုပ္ပါဒနဝမခဏ၏။ ဒုလ္လဘတာယ၊ ရခဲ သည်၏အဖြစ်ကြောင့်။ သံဝေဂဗဟုလော၊ ထိတ်လန့်ခြင်း သံဝေဂအဖြစ်များသော။ ပုဂ္ဂလော၊သည်။ အပ္ပနာဓိဂမမ္ပိ၊ အပ္ပနာကို ရခြင်းကိုသော်လည်း။ အနာဂမယမာနော၊ မင့်မဆိုင်းမူ၍။ ဥပစာရသမာဓိမ္ဟိယေဝ၊ ၌သာလျှင်။ ဌတွာ၊ ၍။ သီဃံ၊ စွာ။ သံသာရဒုက္ခံ၊ ကို။ သမာတိက္ကမိဿာမီတိ၊ ကျော်လွန်တော့အံ့ဟု။ ဝိပဿနာယ၊ ၌။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ၏။

အဘိညာပါဒကန္တိ၊ ကား။ ဣဒ္ဓိဝိဓာဒိအဘိညာဉာဏပါဒကဘူတံ၊ ဣဒ္ဓိဝိဓ အစရှိသော အဘိညာဉ်ဉာဏ်၏ အခြေခံ ဖြစ်၍ဖြစ်သော။ အဓိဋ္ဌာနဘူတံ၊ တည်ရာအကြောင်းဖြစ်၍ဖြစ်သော။ ဟောတီတိ ဝုတ္တနယာတိ ဧတ္ထ၊ ဟူသော ဤပါဌ်၌။ ဣတိ–သဒ္ဒေါ၊ သည်။ ပကာရတ္ထော၊ အပြားဟူသော အနက်ရှိ၏။ တေန၊ ထိုဣတိ–သဒ္ဒါဖြင့်။ ဣမိနာ ပကာရေန၊ ဤအပြား အားဖြင့်။ ဝုတ္တနယာ၊ ဆိုအပ်ပြီးသော နည်းရှိကုန်သော။ ဣတိ၊ သို့။ သေသာဘိညာနမ္ပိ၊ ကြွင်းသော အဘိညာဉ်တို့၏လည်း။ ဝုတ္တပ္ပကာရံ၊ ဟောတော်မူအပ်သော အပြားကို။ သင်္ဂဏှာတိ၊ သိမ်းယူ၏။ သတိ သတိ အာယတနေတိ၊ ကား။ ပုရိမဘဝသိဒ္ဓေ၊ ရှေးဘဝ၌ပြီးသော။ အဘိညာဓိဂမဿ၊ အဘိညာဉ်ကို ရခြင်း၏။ ကာရဏေ၊ အကြောင်းသည်။ ဝိဇ္ဇမာနေ၊ ထင်ရှားရှိလတ် သော်။ ဟိ၊ မှန်။ အဘိညာဓိဂမဿ၊ ၏။ အဓိကာရော၊ လွန်ကဲစွာပြုခြင်းကို။ ဣစ္ဆိတဗ္ဗော၊ ၏။ ယော၊ ယင်းအဓိကာရကို။ ပုဗ္ဗ ဟေတူတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ သမာပတ္တီသု၊ တို့၌။ ဝသီဘာဝေါ၊ အလိုရှိတိုင်း နိုင်နင်းသည်၏အဖြစ်ကို။ န (ဝုစ္စတိ)၊ ဆိုအပ် သည်မဟုတ်။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ သတိ သတိ အာယတနေတိ၊ ဟူ၍။ အာဟ၊၏။ အဘိညာသစ္ဆိကရဏီ ယဿာတိ၊ ကား။ ဝက္ခမာနဝိဘာဂါယ၊ ဆိုအပ်လတ့်သော ဝေဘန်ခြင်းရှိသော၊ ဝါ၊ ဆိုအပ်လတ့်သော အပြားရှိသော။ အဘိ ဝိသိဋ္ဌာယ၊ ထူးသော။ ပညာယ၊ အဘိညာဉ် ပညာဖြင့်။ သစ္ဆိကာတဗ္ဗဿ၊ မျက်မှောက်ပြုအပ်သော။ ဓမ္မဿာတိ၊ ကား။ ဘာဝေတဗ္ဗဿ စေဝ၊ ပွါးစေအပ်သည်လည်းဖြစ်သော။ ဝိဘာဝေတဗ္ဗဿ စ၊ ထင်ရှားစေအပ်သည်လည်းဖြစ်သော။ ဓမ္မဿ၊ သဘောတရားကို။ အဘိညာသစ္ဆိကိရိယာယ၊ ထူးသော ပညာဖြင့် မျက်မှောက်ပြုခြင်းငှါ။ စိတ္တံ၊ ကို။ အဘိနိန္နာမေတိ၊ ရှေးရှု ညွတ်စေ၏။ ဣတိ၊ သို့။ ယောဇနာ၊ ကို။ (ဝေဒိတဗ္ဗာ၊ ၏။) တတြ တတြေဝါတိ၊ ကား။ တသ္မိံ တသ္မိံ ယေဝ သစ္ဆိကာတဗ္ဗ ဓမ္မေ၊ ထိုထိုမျက်မှောက်ပြုအပ်သော သဘောတရား၌ပင်လျှင်။ သက္ခိဘာဝါယ၊ မျက်မှောက်ဖြစ်ခြင်းအလို့ငှါ၊ ဝါ၊ မျက်မြင် သက်သေဖြစ်ခြင်းငှါ။ ပစ္စက္ခကာရိတာယ၊ မျက်မှောက်ပြုသူ ဖြစ်ခြင်းငှါ။ သဗ္ဗော၊ ဖြစ်ထိုက်၏။ (ဣတိ၊ ကြောင့်။) သက္ခိ ဘဗ္ဗော၊ မည်၏။ တဿ၊ ထို မျက်မှောက်ဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏၊ ဝါ၊ မျက်မြင်သက်သေဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏၊ ဝါ၊ မျက်မှောက်ပြုသူ ဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏။ ဘာဝေါ၊ အဖြစ်သည်။ သက္ခိဘဗ္ဗတာ၊မည်၏။ တံ သက္ခိဘဗ္ဗတံ၊ ထိုမျက်မှောက်ဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏အဖြစ်သို့၊ ဝါ၊ မျက်မြင်သက်သေဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏အဖြစ်သို့၊ ဝါ၊ မျက်မှောက်ပြုသူဖြစ်ခြင်းငှါ ဖြစ်ထိုက်သည်၏အဖြစ်သို့။

တံ တံ ဘဝဂါမိကမ္မံ၊ ထိုထိုဘဝသို့ ရောက်စေတတ်သော ကံကို။ အာရဗ္ဘ၊ ၍။ ဘဝပတ္ထနာယ၊ ဘဝကို တောင့်တ ခြင်းသည်။ အနုပ္ပန္နာယပိ၊ မဖြစ်ငြားသော်လည်း။ ကမ္မဿ၊ ၏။ ကတူပစိတဘာဝေနေဝ၊ ပြုအပ်ပြီး ဆည်းပူးအပ်ပြီးသည်၏ အဖြစ်ဖြင့်သာလျှင်။ ဘဝပတ္ထနာကိစ္စံ၊ သည်။ ဘိဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဒဿေန္တော၊ ၍။ အပတ္ထယမာနာ ဝါတိ၊ ဟူ၍။ အာဟ၊ ၏။ သဟ၊ တကွ။ ဗျေတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သဟဗျော၊ မည်၏။ သဟာယော၊ အပေါင်း အဖော်ကို။ (လဗ္ဘတိ၊ ၏။) ဣဓ ပန၊ ဤအရာ၌ကား။ ဧကဘဝူပဂေါ၊ တူသော ဘဝသို့ ကပ်ရောက်၍ဖြစ်သောသူကို၊ ဝါ၊ တူသောဘဝ၌ ဖြစ်သောသူကို။ အဓိပ္ပေတော၊ ၏။ တဿ၊ ထိုတူသော ဘဝသို့ ကပ်ရောက်၍ ဖြစ်သောသူ၏၊ ဝါ၊ ဘဝတူ ပုဂ္ဂိုလ်၏၊ ဝါ၊ အပေါင်းအဖော်၏။ ဘာဝေါ၊ သည်။ သဟဗျတာ၊ မည်၏။ တံ သဟဗျတံ၊ ထိုအပေါင်းအဖော်၏အဖြစ်သို့။

ကိံ ပန၊ အသို့နည်း။ အပ္ပနာသမာဓိဘာဝနာယေဝ၊ သည်သာလျှင်။ ဘဝဝိသေသာနိသံသာ၊ ဘဝဝိသေသဟူသော အကျိုးအာနိသင်ရှိသည်။ (ဟောတိ၊ ဖြစ်သလော။) ဥဒါဟု၊ ထိုသို့မဟုတ်။ ဣတရာပိ၊ ဤမှတပါးသော ဥပစာရသမာဓိ ဘာဝနာသည်လည်း။(ဘဝဝိသေသာနိသံသာ၊ သည်။ ဟောတိ၊ ဖြစ်သေးသလော။)ဣတိ၊ သို့။ စောဒနံ၊ ကို။ မနသိကတွာ၊ ၍။ ဥပစာရသမာဓိ ဘာဝနာပီတိအာဒိ၊ ကို။ အာဟ၊ ၏။

နိဗ္ဗာနန္တိ၊ ကား။ တိဿန္နံ၊ သုံးပါးကုန်သော။ ဒုက္ခတာနံ၊ ဒုက္ခတာတို့၏။ နိဗ္ဗုတိ၊ ငြိမ်းခြင်းသို့။ ရူပဓမ္မေ၊ ရုပ်တရား ၌။ ပရိယာပန္နာ၊ အကျုံးဝင်သော။ သင်္ခါရဒုက္ခတာ၊ သင်္ခါရဆင်းရဲ၏ အဖြစ်သည်။ ဝိဇ္ဇမာနာပိ၊ ထင်ရှား ရှိသော်လည်း။ စိတ္တဿ၊ ၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အသန္တသမာဝ၊ မရှိသည်နှင့်တူ သည်သာလျှင်။ (ဟောတိ၊ ၏။) တေန၊ ကြောင့်။ သုခံ ဝိဟရိဿာ မာတိ၊ ဟူ၍။ အာဟ၊ ၏။ သောဠသဟိ ဉာဏစရိယာဟီတိ၊ ကား။ အနိစ္စာနုပဿနာ၊ နာဒင်း။ပ။ ဝိဝဋ္ဋာ နုပဿနာ၊ နာဒင်း။ ဣတိ၊ သို့။ ဣမာဟိ အဋ္ဌဟိ၊ ဤရှစ်ပါးသော အနုပဿနာတို့ဖြင့်ဒင်း။ အဋ္ဌဟိ၊ ကုန်သော။ အရိယမဂ္ဂ ဖလဉာဏေဟိ စ၊ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့်ဒင်း။ ဣတိ ဧဝံ၊ သို့။ သောဠသဟိ၊ ကုန်သော။ (ဉာဏစရိယာဟိ၊ တို့ဖြင့်။) [၄၆၁] နဝဟိ သမာဓိစရိ ယာဟီတိ၊ ကား။ ပဌမန္တံ၊ ကုန်သော။ ရူပဇ္ဈာနာနံ စ၊ ရူပါဝစရစျာန်တို့၏ဒင်း။ စတုန္နံ၊ ကုန်သော။ အရူပဇ္ဈာနာနံ စ၊ တို့၏ဒင်း။ ဝသေန၊ အားဖြင့်။ ဧဝံ၊ သို့။ နဝဟိ၊ ကုန်သော။ (သမာဓိစရိယာဟိ၊ တို့ဖြင့်။) ကေစိ ပန၊ တို့သည်ကား။ စတ္တာရော၊ ကုန်သော။ ရူပဇ္ဈာနသမာဓိ၊ ရူပါဝစရသမာဓိ တို့သည်ဒင်း။ စတ္တာရော၊ ကုန်သော။ အရူပဇ္ဈာနသမာဓိ၊ တို့သည်ဒင်း။ ဥဘယေသံ၊ ရူပါဝစရ အရူပါဝစရဟူသော နှစ်ပါးသော သမာဓိတို့၏။ ဥပစာရသမာဓိ၊

ကို။ ဧကံ၊ တခုတည်းကို။ ကတွာ၊ ၍။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ နဝ၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

သမာဓိဘာဝနာယောဂေတိ၊ ကား။ သမာဓိဘာဝနာယ၊ နာကို။ အနုယောဂေ၊ အနုယုဉ္ဇနေ၊ မပြတ်အားထုတ်ခြင်း၌။ ဝါ၊ ကား။ သမာဓိဘာဝနာသင်္ခါတေ၊ သမာဓိကို ပွါးစေခြင်းဟု ဆိုအပ်သော။ ယောဂေ၊ အားထုတ်ခြင်း၌။ ဘာဝနာ၊ ကို။ ယောဂေါတိ၊ အားထုတ်ခြင်းဟူ၍။ ဝုစ္စတိ၊ ၏။ ယထာဟ၊ ဘုရားအဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူကား။ ယောဂါ၊ ဘာဝနာ အလုပ်ကို အားထုတ်ခြင်းကြောင့်။ ဘူရိ၊ ပညာသည်။ ဝေ၊ စင်စစ်၊ ဇာယတိ၊ ၏။ ဣတိ၊ ဤသို့။ အာဟ၊ ၏။

၃၆၃။ သမာဓိပီတိ (ဇတ္တ)၊ ပါဌ်၌။ ပိသဒ္ဒေန၊ ဖြင့်။ သီလံ၊ ကို။ သမ္ပိဏ္ဍေတိ၊ ၏။

**သမာဓိနိဒ္ဒေသဝဏ္ဏနာ၊ အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။**
**ဣတိ၊ ဤသည်ကား။ ကောဒသမပရစ္ဆေဒဝဏ္ဏနာ၊ ဒ-၏အဖွင့်တည်း၊ ဝါ အဖွင့်သည်။**
**ဣတိ၊ ဤတွင်ပြီး၏၊**
**ပဌမဘာဂေါ၊ ပဌမအပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။**

**မှတ်ချက်**

[ ၂၁၈ ] ဤသို့သော ထောင့်ကွင်းနှင့် ဂဏန်းဖြင့် ဋီကာပါဠ်၏ရောက်ရာ စာမျက်နှာကို ပြသည်။

**မှတ်ချက်**

၁–ဤစကားရပ်ဖြင့် အနုဿရိတဗ္ဗဿ အနုရူပါ သတိ–ဟူသော ဝစနတ္ထလည်း သင့်သည်၊ ၎င်းကို ပဝတ္တယိတဗ္ဗဋ္ဌာနမှီယေဝ ဝါ ပဝတ္တတ္တာ–ဖြင့် ပြသည်ဟု သိစေ၏။

**မှတ်ချက်**

၂–လက်သည်းကွင်းအတွင်းရှိ ဤသို့သော ပုဒ်ပါဠ်များသည် ပါဌသေသ သို့မဟုတ် လိုက်ပုဒ်ဖြစ်သည်။

**မှတ်ချက်**

*အထက်ခေါင်းစီးနောင် လက်သည်းကွင်းအတွင်းရှိ ဂဏန်း ၂–မျိုးဖြင့် မဟာဋီကာပါဠ် စာမျက်နှာနှင့် စာကြောင်းကို ပြသည်။ လက်ဝဲဖက်မျက်နှာရှိ ဂဏန်းသည် ဤနိဿယတွင် ရောက်ဆဲမျက်နှာ၌ အစပုဒ်နှင့်ဆိုင်၏၊ လက်ယာဖက် မျက်နှာရှိ ဂဏန်းသည် ဤနိဿယတွင် ရောက်ဆဲမျက်နှာ၌ အဆုံးပုဒ်နှင့်ဆိုင်၏။

**မှတ်ချက်**

၁–ဤအရာ၌ သမ်ဂီတိ အသမ်ဂီတာ – ဟူသော ပါဠ်သာလျှင် ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယနှင့်၎င်း ပြည်ကြီးမဏ္ဍိုင်ရိုက် မြန်မာမူဟောင်းနှင့်၎င်း သီ, သျာတို့နှင့်၎င်း ညီ၍သင့်ပေသည်။

**မှတ်ချက်**

၁–သင်္ခါရတို့က ပြီးစေအပ်သော နိပ္ဖါဒေတဗ္ဗ ကာမတာကို ထိုသင်္ခါရတို့၏ တည်ရာပြု၍ ဆိုထားသည်ဟု သိစေ၏။ ဋီကာပါဠ် နှာ ၂၂ ကြောင်း ၁၀–၌ထင်ရှားလတ့်။

**မှတ်ချက်**

၂–ဤအရာ၌ ကာမူပပတ္တိဘဝနိဗ္ဗတ္တကသင်္ခါရာနံ–ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် ကာမ ဥပပတ္တိဘဝကို ဖြစ်စေတတ်သော သင်္ခါရတို့အား–ဟု အနက်ပေး။

**မှတ်ချက်**

၁–နိပ္ဖါဒေတဗ္ဗဖြစ်သော ပစ္စယပရိဂ္ဂဟကိုပင်လျှင် နိပ္ဖါဒကဖြစ်သော ပညာ၏ အာဓာရ–ပြု၍ ဆိုထားသည်ဟု ဆိုလို၏။

**မှတ်ချက်**

၁–ပြည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်နိဿယ၌ ဤအရာတွင် အဒ္ဓါ–သဒ္ဓေါ–ဟု ထုတ်ပြ၍ သခေ်ပ–သဒ္ဒေါ–ဟူသော ပါဠ်ကို ပါဠ်ပျက်ဟု မိန့်ဆိုတော်မူ၏၊ ထိုအဆိုသင့်ရာ၏။

**မှတ်ချက်**

၂–ကမ္မံ တဏှာ စ တဿ–ဟု ရှိရာ၌ ကမ္မံ တဿ စ–ဟူ၍သာလျှင် ရှိသင့်၏၊ ထိုသို့ရှိမှ အနက်အဓိပ္ပါယ်ရသည်၊ သာရတ္ထဒီပနီနှင့်လည်း ညီသည်။

**မှတ်ချက်**

၃-သင်္ခါရနှင့် ဘဝသည် ကံအစစ်ဖြစ်၍ရင်း, အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် ထိုကံ၏ အကူအညီအဖော် ဖြစ်၍ရင်း လည်တတ်သောကြောင့် ကမ္မဝဋ်မည်သည်ဟု ဆိုလို၏။

**မှတ်ချက်**

၁-ဝိညာဏ် နာမ်ရုပ်စသော ပစ္စုပ္ပန်အကျိုးသည် အတိတ်အကြောင်း၏ အကျိုးဖြစ်ငြားသော်လည်း အနာဂတ်အကျိုး ၏ အကြောင်းဖြစ်သော တဏှာစသည်အား ကျေးဇူးပြုတတ်သော အကြောင်းဖြစ်သည်-ဟု ဆိုလို၏။

**မှတ်ချက်**

၁-ပါဠိသဒ္ဒါနည်းအရ အပါဒါန်ဖြစ်သော်လည်း မြန်မာဝေါဟာရ၌ ပေါ်လွင်ချောမောစေရန် "နှင့်"ဟု ပြန်သည်၊ နောက်၌လည်း နည်းတူပင်မှတ်။

**မှတ်ချက်**

၁-န အတိဝတ္တိ အနတိဝတ္တိ၊ ဝုတ္တဒေါသဿ အနတိဝတ္တိ ဝုတ္တဒေါသာနတိဝတ္တိ-ဟု ဝစနတ္ထပြု၊ သီမူနှင့်အညီပင်။

**မှတ်ချက်**

၁-ဝိနိဒ္ဒိယံ-ပုဒ်၏အနက်ဟု ဤသို့ ထုတ်ဖော်ရသည်မှာ ဥပလဗ္ဘတိ-ဟူသော ကမ္မဝါစက ပုဒ်နှင့်ညီစေရန် ဖြစ်သည်။ အမှန်မှာ ဥပလဘတိ-ဟု ကတ္တုဝါစကနှင့် ရှိသင့်၏။ ထိုသို့ရှိလျှင် ယာထာဝတော၊ ဇ္ဈာ။ ဥပလဘတိ၊ ရတတ်၏။ ဣတိ၊ ကား။ အတ္ထော၊ ဝိန္ဒတိ-ပုဒ် ဝိဇ္ဇာ-ပုဒ်၏ အနက်တည်း-ဟု အနက်ပေး။

**မှတ်ချက်**

၂-သမန္နာဂတ-ကား ရှိရုံမျှ မကင်းရုံမျှကိုလည်း ပြ၏၊ ပရိပုဏ္ဏ-ကား လိုလေသေးမရှိရအောင် အကြွင်းမဲ့ ပြည့်စုံ သည်ကို ပြ၏၊ ထိုကြောင့် ၎င်းကို အဝိကလတ္တာ-ဟု ထပ်၍ ဖွင့်သည်၊ ဤကား အတ္ထဝိကပ် ၂-ပါးတို့၏ အထူးတည်း။

**မှတ်ချက်**

၁-မဟာကရုဏာသမာပတ္တိဝသေန အသာဓာရဏသဘာဝေါ-ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် မဟာကရုဏာသမာပတ္တိ ဝသေန၊ သမာပတ်၏အစွမ်းဖြင့်။ အသာဓာရဏသဘာဝေါ၊ သဘောရှိ၏-ဟု အနက်ပေး။

**မှတ်ချက်**

၁-ဤပါဌ်မသင့်ဟုထင်၏။ တဒါဂမနံ-ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင်-ထိုပရိနိဗ္ဗာန်စံခြင်းကို ဆိုင်းငံ့တော်မူခြင်းကို-ဟု ဆိုလိုသည်။

**မှတ်ချက်**

၁-သီဟိုဠ်မူ တခု၌ ဒီနတာဘာဝေါ-ဟု ရှိ၏၊ ထိုသို့ရှိလျှင်-ဆင်းရဲပင်ပန်းခြင်း၏ မရှိခြင်းကို။ သတ္တဝါတို့၏ အကျိုးငှါ ဟောပြောဆုံးမနေရသော်လည်း ကရုဏာကြောင့် ပင်ပန်းခြင်း မရှိဟုဆိုလို၏။

**မှတ်ချက်**

၂-သီမူ တခု၌ ဥတ္တမဘာဝေါ ဟု-ရှိ၏၊ ထိုသို့ရှိလျှင်-မြင့်မြတ်သည်၏ အဖြစ်ကို-ဟု အနက်ပေး။

## မှတ်ချက်

၁-သာဝကဗောဓိယာန, ပစ္စေကဗောဓိယာန, မဟာဗောဓိယာန ဟူသော ယာန သုံးပါးတို့တွင် ဤ၌ မဟာဗောဓိယာနကို ဆိုလိုသည်၊ ထို့ကြောင့် အောက်၌ရှိသော သီဟိုဠ်မြန်မာမူ မဟာဗောဓိယာန-ဟူသော ပါဌ်သာသင့်သည်။

## မှတ်ချက်

၁-ဤအရာ၌ ပိသုဏဝါစံ ဖရုသဝါစံ သမ္ဖပ္ပလာပဥ္စာတိ အတ္ထော-ဟု ရှိလျှင် ဝစီ ဒုစရိုက်လေးပါးလုံး ပြည့်စုံရာ၏။

## မှတ်ချက်

၁-အထက်ပါအနက်သည် "ဉာတာယံ ဒိဋ္ဌာယံ ပတ္တာယန္တိ ဝါ ပါဌော၊ တတ္ထ ဂမနေန လောကဿန္တံ ဉာတာ အယံ ဒိဋ္ဌာ အယံ ပတ္တာ အယန္တိ န ဝဒါမီတိ အတ္ထော၊ အယန္တိ နိဗ္ဗာနတ္ထိကော" ဟူသော သာရတ္ထဒီပနီဋီကာ (၁-၂၄၀) ဖြင့် ထင်ရှား၏။ ။ဉာတာယံ ဒိဋ္ဌာယံ ပတ္တာယန္တိ ဝါ၊ ပတ္တာယံ-ဟူ၍မူလည်း။ ပါဌော၊ ပါဌ်တည်း။ တတ္ထ၊ ထိုပါဌ်၌။ "အယံ၊ (လောက၏ အဆုံးဟူသော နိဗ္ဗာန်ဖြင့် အလိုရှိသော) ဤသူသည်။ ဂမနေန၊ ခြေဖြင့်သွားခြင်း (ကိုယ်ဖြင့်သွားခြင်း)ဖြင့်။ လောကဿ၊ ၏။ အန္တံ၊ (အဆုံးဖြစ်သော နိဗ္ဗာန်) ကို။ ဉာတာ၊ သိ၏။ အယံ၊ သည်။ ဒိဋ္ဌာ၊ မြင်၏။ အယံ၊ သည်။ ပတ္တာ၊ ရောက်၏။ ဣတိ၊ သို့။ (အဟံ၊ ငါဘုရားသည်။) န ဝဒါမိ၊ မဟောပေ။" ဣတိ၊ ကား။ အတ္ထော၊ တည်း။ အယန္တိ၊ ဟူသည်ကား။ နိဗ္ဗာနတ္ထိကော၊ နိဗ္ဗာန်ဖြင့် အလိုရှိသောသူသည်။ ဤကား ၎င်းဋီကာ၏အနက်။

## မှတ်ချက်

၁-သင်္ခါရဓမ္မာနံ၊ န သတ္တဿတိ-ဟု ရှိသင့်၏၊ "သင်္ခါရဓမ္မာနံ၊ တို့၏။ သဘာဝေါ၊ တည်း။ သတ္တဿ၊ သတ္တဝါ၏။ န သဘာဝေါ၊ သဘောမဟုတ်"ဟု အနက်ပေး။

## မှတ်ချက်

၁-တထာ ဟိဿ-မှ အဿ-ပုဒ်ကို ဝိဒိတော-နှင့်စပ်ရန် လိုရင်းဖြစ်သည်။ ထို့ကြောင့် တထာ ဟိ-စသည်ကို အနက်မပေး။

## မှတ်ချက်

၁-ယာယ-ဟု ရှိသည့်အတိုင်း အနက်ပေးလိုက်သည်။ ယာ-ဟုသာ ရှိမှသင့်သည်။ ထိုသို့ရှိလျှင် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာတိ၊ ဟူ၍၊ ဝါ၊ ဟူသော။ ပုဂ္ဂလာဓိဋ္ဌာနာယ၊ သော။ ဖြင့်။ သဗ္ဗေသံ၊ ကုန်သော။ သင်္ခါရာနံ၊ တို့၏။ ယာ ပစ္စယာယတ္တဝုတ္တိတာ၊ အကြင် အကြောင်းနှင့် စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ၏။ တာယ၊ ထိုအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်အားဖြင့်-ဟု အနက်ပေး။ ဧကော-၌ ဘိန္နာဓိကရဏ ဝိသေသေနအဖြစ် ဖြင့်စပ်။

## မှတ်ချက်

၁-သတ္တဝါဟုခေါ်သော အတ္တသည် ပျက်စီးခြင်း မရှိပဲ တကြွံတည်း အမြဲတန်းရှိနေသည်ဟု ယူလျှင် သဿတဒိဋ္ဌိ ဖြစ်သည်ဟု ဆိုလို၏။

## မှတ်ချက်

၂-သတ္တဝါဟုခေါ်သော အတ္တသည် ဤဘဝမှ သေပြီးနောက်၌ဖြစ်စေ, တခုခုသော ဘဝမှ သေပြီးနောက်၌ ဖြစ်စေ မရှိတော့ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟု ဆိုလို၏။

## မှတ်ချက်

၁–ပရိတော စာတိ–ဟု ရှိသောမြန်မာမူဟောင်း ပါဌ်အလိုအားဖြင့် အောက်နှင့် ဘေးပတ်ဝန်းကျင်အားဖြင့် တည်နေပုံဖြစ်သည်၊ အထက်သို့ တက်သောအားဖြင့် တည်နေပုံကား ဆိုဖွယ်ရှိသေးသည်–ဟု ယူအပ်၏၊ ၎င်းသည် ကျမ်းဆရာ၏ အလိုကျ၍ ယုတ္တတရ ဖြစ်သကဲ့သို့ ရှိ၏။

## မှတ်ချက်

၁–ဤ၌ ကပ္ပ–သဒ္ဒါသည် ဤသဒူန–စဉ်းငယ်လိုသည် ဟူသောအနက်ကို ဟော၏။ ထို့ကြောင့် ၎င်းကို လုနီးပါး–ဟု ပြန်သည်၊ အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန် နိဿယ ၂–၆၆၅–၌ ပြသော ဗျာကရဏ်းနည်းကို မှီ၏။

## မှတ်ချက်

၁–ဤ၌အတ္တပဒ–ကို ဝါကျဟု ဖွင့်သည်မှာ အဋ္ဌကထာဆရာ၏ အာဘော်မကျဟု ထင်၏၊ အဋ္ဌကထာအလိုမှာ ပဋ္ဌမ အဖွင့်၌ကဲ့သို့ ဂုဏ်အနက်နှစ်ခုရသော ၂–ပုဒ်မဟုတ်၊ တနက်တည်းသာရသော တပုဒ်တည်းဟူ၍သာ သိစေလို၏၊ (သတိပြုရန်)

## မှတ်ချက်

၁–သုတ်ပါဠိ၌ရင်း၌ အဋ္ဌ ဒိသာ–အရ ဝိမောက္ခရှစ်ပါးကို ဝေဘန်ပြထား၏၊ ထိုတွင် နိရောဓသမာပတ်လည်း ပါဝင်၏၊ ထို့ကြောင့် နိဒဿနနည်းဖြင့် အမတဒိသာ–ကိုသာ ယူသင့်၏၊ နိရောဓသမာပတ်ကိုကား မယူသင့်ပြီ။ ဆင်ခြင်ရန်။

## မှတ်ချက်

၁–သတ္တော–ဟု ဩကာရန္တနှင့် မပြီးပဲ အာကာရန္တနှင့် ပြီးပုံကို ကြံအပ်၏၊ ဝိမတိ၌ နိရုတ္တိနည်းဟု ဆို၏။

## မှတ်ချက်

၂–ခရီးခဲကို လွန်သည်တိုင်အောင် ရေကို ဆောင်သွားရသောကြောင့် ရေကို လွန်မြောက်စေသည်ဟု ဆိုသည်။

## မှတ်ချက်

၁–ဤပရိစ္ဆေဒေန စ–ဟူသော ပါဌ်ကို ဆင်ခြင်အပ်၏၊ ယသ–သဒ္ဒါသည် ကိတ္တိအနက်, ပရိဝါရအနက်တို့ကိုသာ ဟော၏၊ ပရိစ္ဆေဒအနက်ကိုကား မဟော၊ ဤအရာ၌ ပရိစ္ဆေဒအနက်ဖြင့်လည်း အကျိုးမရှိ။ ထို့ကြောင့် ပရိစ္ဆေဒေန စ–အရာ၌ ပရိဇနေန–ဟူ၍သာ ရှိသင့်၏။ ၎င်းဖြင့် ပရိဝါရေန–ကို ထပ်၍ဖွင့်သည်ဟု ယူအပ်၏၊ ပရိဇနေန၊ အခြံအရံပုဂ္ဂိုလ် နတ်သမီး အပေါင်းဖြင့်–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–မကောင်းမှုအပြစ်တို့ကို ပြေပျောက်စေရန်အတွက် ဣရုဝေဒကျမ်း၌ ရွတ်ဆို၍ တောင်းပန်ရန် ဂါထာတို့ကို ပြဆိုထား၏၊ ၎င်းတို့ကို ရွတ်ဆို၍ တောင်းပန်ခြင်းဖြင့် အပြစ်ပြေပျောက်သည်ဟု ဗြာဟ္မဏတို့က ယူဆ၍ ၎င်းတို့ကို ရွတ်ဆိုကြ၏၊ ထိုဂါထာတို့ကို ဆိုလို၏။

## မှတ်ချက်

၁–ဤ၌ ပိသောဒရာဒိဂိုဏ်း–ဟူသည်မှာ ဗျာကရဏ်းကျမ်းတို့၌ သီးသန့်သုတ်တို့ဖြင့် မပြီးစေနိုင်၍ ပိသောဒရ–သဒ္ဒါကို ပြီးစေသကဲ့သို့ ချေခြင်း လာခြင်း စသည်တို့ဖြင့် ပြီးစေရသော သဒ္ဒါအပေါင်းပင်ဖြစ်သည်။ ထို့ကြောင့် အဘယာရာမ ဆရာတော်၏ မောဂ္ဂလ္လာန်နိသျ (ပဋ္ဌမအုပ် နှာ–၉၃)၌ အောက်ပါအတိုင်း ထုတ်ပြထားလေသည်။

ဖုသိတံ ဖလဗိန္ဒု၊ ဖုသိတ မုဒရ မဿ ပိသောဒရံ (ပယောဂသိဒ္ဓိ)။ ဖုသိတံ၊ ဖုသိတ–ဟူသည်။ ဖလဗိန္ဒု၊ ရေပေါက်တည်း။ အဿ၊ ထိုမိုးတိမ်အား။ ဖုသိတံ၊ ရေပေါက်ဟူသော။ ဥဒရံ၊ ဝမ်းတိုက်သည်။ အတ္ထိ၊ ရှိ၊ ၏။ (က္လတိ၊ ကြောင့်။) ပိသောဒရံ၊ ပိသောဒရ–မိုးတိမ်မည်၏။ ။ဖုသိတောဒရ–ဟု ဆိုလိုလျက် ဥ–ကို က္လ၊ ဖ–ကို ပ–ပြု၊ တ–ကိုချေ သန္ဓိစပ်၍ ပိသောဒရ ပြီးသည်ဟူလို။ ။တနည်း–ပိသဒ, ပသဒ–ဟူသော သဒ္ဒဒွယသည် ရေပေါက်, ဗိန္ဒု, သမင်ပြောက်–ဟူသော အနက်သုံးပါး၌ ဖြစ်၏။ ထိုကြောင့် "ပိသဒံ ဥဒရံ ယဿ တံ ပိသောဒရံ၊ ပိသဒဿ ဝါ ဥဒရံ ပိသောဒရံ။ ။ယဿ၊ အကြင်မိုးတိမ်၏။ ပိသဒံ၊ ရေပေါက်ဟူသော။ ဥဒရံ၊ ဝမ်းတိုက်သည်။ အတ္ထိ၊ ၏။ တံ၊ ထိုမိုးတိမ်သည်။ ပိသောဒရံ၊ ရ မည်၏။ ဝါ၊ တနည်းကား။ ပိသဒဿ၊ ရေပေါက်၏။ ဥဒရံ၊ ဝမ်းတိုက်တည်း။ ပိသောဒရံ၊ ရေပေါက်၏ ဝမ်းတိုက်ဟူသော မိုးတိမ်"ဟု ဤသို့ကြံသင့်၏။ ဤသို့ကြံလျှင် ဗဟုဗ္ဗီဟိ, ဆဋ္ဌီတပ္ပုရိသ် ပြု၍ ဒ–ကျေ ဝဏ္ဏလောပနိရုတ္တိနည်းကြံသော ကာသိကာဝုတ္တိ သိဒ္ဓန္တကောမုဒီ စသည်တို့နှင့် ညီညွတ်၏။

သရသွတဋီကာ၌ကား "ပိသောဒရော ဝဏ္ဏနာသော ယထာ ပိသဒ+ဥဒရော၊ ဒကာရဿ လောပေါ၊ ပိသဒါနိ ဗိန္ဒုဝေါ ဥဒရေ ယဿ သော ပိသောဒရော၊ မိဂေါ။ အထ ဝါ ပိသဒေါ မိဂေါ၊ တဿ ဥဒရမိဝ ဥဒရံ ယဿ သော ပိသောဒရော"ဟု ဆို၏။ ဤ၌လည်း ဝိဂ္ဂြိုဟ်နှင့် အရကြားမျှသာ ဆိုအပ်ခဲ့ပြီးကျမ်းများနှင့် ထူးသည်၊ နိရုတ္တိနည်းကား မထူး။ ဤသို့ ဝဏ္ဏာဂမ စသော နိရုတ္တိနည်းဖြင့်ပြီးသော သဒ္ဒါအပေါင်းကို ပါဏိနိ, စန္ဒြ–စသော ကျမ်းတို့၌ ပိသောဒရာဒိဂိုဏ်း–ဟု ဆိုသည်။ မုဒ္ဓဗောဓ၌ မနီသာဒိဂိုဏ်း, ကာတန္တ၌ လောကောပစာရဂိုဏ်း, ဤ (မောဂ္ဂလ္လာန်) ကျမ်း၌ တဒမိနာဒိဂိုဏ်းဟု ဆိုသည်၊ အတူတူပင်။ ၎င်းတို့၏ သုတ်များမှာ ပိသောဒရာဒီနိ ယထောပဒိဋ္ဌံ (ပါဏိနိ)၊ ပိသောဒရာဒီနိ (စန္ဒြ)၊ မနီသာ (မုဒ္ဓဗောဓ)၊ လောကောပစာရာ ဂဟဏသိဒ္ဓိ (ကာတန္တ)၊ တဒမိနာဒီနိ (မောဂ္ဂလ္လာန်)တို့ပင် ဖြစ်သည်။ (မောဂ္ဂလ္လာန် နိသျမှ ထုတ်ပြချက်)

အထက်ပါထုတ်ပြချက်၌ ပိသောဒရာဒိဂိုဏ်းဟူသော အမည်ကို ပါဏိနိ, စန္ဒြကျမ်းတို့မှလာသော အမည်ဟုသိရသောကြောင့် ပိသောဒရာဒိပက္ခေပလက္ခဏံ ကတ္တာ–ဟု ဆိုသောစကားဖြင့်လည်း ထိုပါဏိနိစသော ရှေးဗျာကရဏ်းကျမ်းတို့ကို ရည်ညွှန်းသည်ဟု သိအပ်၏။ ထိုပြင် ဤအရာ၌ အာကတိဂိုဏ်းဟူသည်မှာလည်း ထူးခြားသော သီးသန့်ဂိုဏ်းမဟုတ်၊ ရုပ်ပြီးပုံချင်းတူသော သဒ္ဒါအပေါင်းကို အာကတိဂိုဏ်းဟု ခေါ်၏။ ပုရိသ–သဒ္ဒါနှင့် ရုပ်ပြီးတူသော သဒ္ဒါအပေါင်းကို ပုရိသာဒိ အာကတိဂိုဏ်းဟု ခေါ်နိုင်၏။ ထိုအတူပင် ကညာဒိဂိုဏ်း စသည်တို့ကိုလည်း ကညာဒိ အာကတိဂိုဏ်းစသည်ဖြင့် ခေါ်နိုင်၏။ ထိုကြောင့်ပင် ဉာသကျမ်း ၄၈၄–ဃဋ္ဋာဒီနံ ဝါ–သုတ်၏အဖွင့်၌ "အာဂတိဂဏောယံ"ဟု မိန့်ဆိုလေသည်၊ ဃဋ္ဋ–ဓာတ်ကဲ့သို့ပင် ဝိကပ်အားဖြင့် ဝုဒ္ဓိပြုရသော ဓာတ်အပေါင်းကို ဃဋ္ဋာဒိအာကတိဂိုဏ်းဟု ဆိုလို၏။

## မှတ်ချက်

၁–ဝိဘင်္ဂပါဠိ ခုဒ္ဒကဝတ္ထုဝိဘင်း၌ ဝိပရိယာသ–ဟု ရှိ၏၊ ဝိပလ္လာသပုဒ်နှင့် ဝိ+ပရိ+အသ+ဏ–ဟူသော ဥပသာရ ဓာတ် ပစ္စည်းအတူတူပင်ဖြစ်၍ ထိုပါဌ် ယုတ္တတရ ဖြစ်သည်။

## မှတ်ချက်

၁–သီဟိုဠ်မူတွင် အောက်ခြေ၌ မဟာဗျာရှေပတ္တာ–ဟု မူကွဲပြထား၏။ မုဆိုးကြီး သဘောရှိသည်၏ အဖြစ်ကြောင့်–ဟု အနက်ပေးရာ၏။ မဟာဝကေရှပတ္တာ–ရှိသင့်၏။

## မှတ်ချက်

၁–ဘဂ္ဂဒေါသတာ–သည် ပဟာနသမ္ပဒါနှင့်သာ တိုက်ရိုက်ဆိုင်သော်လည်း ထိုပဟာနကို ပြသဖြင့် ပဟာနပုဗ္ဗက ဖြစ်သော ဉာဏသမ္ပဒါစသော ဓမ္မကာယသမ္ပတ္တိ အလုံးစုံကိုလည်း ပြနိုင်သည်ဟု ဆိုလို၏။

## မှတ်ချက်

၂–အာမိသဒါနဓမ္မဒါနေဟိ ဥပကာရသဗ္ဘာဝတော–ဟူသော ဤစကားအလုံးစုံသည် "အဘိဂတာနံ။ပ။ ပဋိဗလဘာဝေါ"ဟူသော အဋ္ဌကထာစကား၌ ဖြည့်စွက်ပြသော ဋီကာဟိတ်ပါဌ်သာတည်း။ မိမိထံသို့ ချဉ်းကပ်လာသော လူနှင့်ရှင်တို့အား အာမိသဒါနဓမ္မဒါနတို့ဖြင့် ကျေးဇူးပြုခြင်းရှိသောကြောင့် ထိုလူနှင့်ရှင်တို့၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်သည်ဟု ဆိုလို၏။ ဤစကားထဲမှ အာမိသဒါနဖြင့် အဘယ်သို့ ကျေးဇူးပြုသနည်း စသည်ဖြင့် ယုံမှားဖွယ်ကို အခြားမဲ့ ဒီပိတတ္ထ၏ အဖွင့်၌ ထင်ရှားပြလတ့ံ။

## မှတ်ချက်

၁-ဤအဖွင့်ဖြင့် "အာမိသဒါနဓမ္မဒါနေဟိ ဥပကာရိတာ" ဟူသော အဋ္ဌကထာပါဌ်ကို ဖွင့်ပြသည်။ ထိုတွင် ရူပကာယံ ပသာဒစက္ခုနာ ဒိသွာ-ဖြင့် အာမိသဒါနဖြင့် ကျေးဇူးပြုပုံကို ပြ၏၊ အလွန်ကြည်ညိုဖွယ်ကောင်းသော ရူပကာယကိုယ်တော်ကို ဖူးမြော်စေခြင်း-ဖူးမြော်ခွင့်ပြုခြင်းဖြင့် ရူပါရုံဟူသော အာမိသကို ပေးကမ်းမစတော်မူသည်ဟု ဆိုလို၏။ ဓမ္မဒါနဖြင့် ကျေးဇူးပြုပုံမှာ ထင်ရှား၏။

## မှတ်ချက်

၁-ဒွိ-ပရိဏာမ-မှ ဝိပရိဏာမ-ဟု ပြီးသည်ကို ပြလိုသည်။ ထိုကြောင့် ဤအရာ၌ ဝိ-မပါပဲ ဒွိဓာ ပရိဏာမေတဗ္ဗ တာ-ဟု ရှိသင့်၏။

## မှတ်ချက်

၁-ဝမန-ပျို့အန်ခြင်း၊ အာဝမန-မျိုခြင်း၊ ပစ္စာဝမန-ပြန်၍ မျိုခြင်း၊ အပစ္စာဝမန-ပြန်၍ မမျိုခြင်း-ဟု ပုဒ်အနက်ပြီးပုံကို ကြံအပ်၏။

## မှတ်ချက်

၁-အပရမ္ပနာတိ ပဒံ ယေသံ ဒေသနာယ အတ္ထိ၊ တေ အပရမ္ပနိယာ။ ယေသံ၊ အကြင် သောဠသဓမ္မတို့၏၊ ဝါ၊ တို့ကို။ ဒေသနာယ၊ ဟောဖော်လျှောက်ကြားသော သမ္ပသာဒနီယ သုတ်ဒေသနာ၌။ အပရမ္ပနာတိ ပဒံ၊ အပရံ ပန ဟူသော ပုဒ်သည်။ အတ္ထိ၊ ရှိ၏။ တေ၊ ထိုသောဠသဓမ္မတို့သည်။ အပရမ္ပနိယာ၊ ယမည်ကုန်၏။ ၎င်းတို့ကို ဟောဖော်လျှောက်ကြားသော ဒေသနာ၌ အပရံ ပန-ပုဒ်ပါရှိသော ဂုဏ်ကျေးဇူးတရားများဟု ဆိုလို၏။ မှန်ပေ၏။ သမ္ပသာဒနီယ သုတ်ဒေသနာ၌ ကုသလဒေသနာမှစ၍ ဣဒ္ဓိဝိဓဒေသနာတိုင်အောင် မြတ်စွာဘုရား၏ ဒေသနာနှင့် ဒေသနာဉာဏ်တော်တည်းဟူသော အနုတ္တရ ဂုဏ်တော် ၁၆-ပါးတို့ကို အပရံ ပန ဘန္တေ-စသည်ဖြင့် အပရံ ပန-ပုဒ်နှင့်တကွ အရှင်သာရိပုတ္တရာမထေရ်က လျှောက်ကြားထားပေ၏။ ထို ဂုဏ် ၁၆-ပါးတို့ကို ရည်၍ ထိုသုတ်၏အဖွင့် (ဒီဋ္ဌ ၃-၅၉)၌ တသ္မိံယေဝ စ ဒိဝါဌာနေ နိသိန္နော ယေ (ယေဝ-ဟု ပျက်လျက်ရှိ၏၊ ဤအရာ၌ ဧဝ-မလို၊ နောက်၌ တေပိ-ဟု နိယတ်ရှိသောကြောင့် ယေ-ဟု အနိယတ်သာ လိုသည်) ဥပရိ "အပရံ ပန ဘန္တေ ဧတဒါနုတ္တရိယ"န္တိ အာဂမိဿန္တိ သောဠသ အပရမ္ပနိယဓမ္မာ၊ တေပိ နိဿယ အနုဿရိတုံ အာရဘတိ-ဟု မိန့်ဆို၏၊ ဤပါဌ်၌ အပရမ္ပနိယ-ဟု ရှိသင့်ရာတွင် အပရမ္ပရိယ-ဟု ပျက်လျက်ရှိ၏၊ ထိုအဋ္ဌကထာ နှာ ၆၆-၇၉-တို့၌လည်း အပရမ္ပရိယဓမ္မေဟု နည်းတူပင် ပျက်လျက်ရှိ၏၊ ထိုပါဌ်ကို ပျက်သည်ဟု သိရကြောင်းမှာ ထိုအဋ္ဌကထာတို့၏ အဖွင့်ဋီကာ နှာ ၅၆-၌ အပရမ္ပရာတိ ပဒံ ယေသံ ဒေသနာယ အတ္ထိ၊ တေ အပရမ္ပရိယာ-ဟု ပြဆိုသော ဝစနတ္ထပင် ဖြစ်သည်၊ ဤဋီကာ၌လည်း အဋ္ဌအထာရှိ ပါဌ်ပျက်သို့လိုက်၍ အပရမ္ပရာတိ-ဟူ၍၎င်း, အပရမ္ပရိယာဝ-ဟူ၍၎င်း ပျက်နေပြန်၏၊ သို့သော် သမ္ပသာဒနီယသုတ်ဒေသနာ၌ အပရံ ပန-ပုဒ်သာရှိ၍ အပရမ္ပရာပုဒ် မရှိသောကြောင့် အပရမ္ပနာတိ ပဒံ-ဟူ၍သာ ပါဌ်မှန်ဖြစ်ကြောင်း ထင်ရှား၏၊ ထိုကြောင့်ပင် နိပ္ပန္နအရာ၌လည်း အပရမ္ပနိယာ-ဟူ၍သာ ပါဌ်မှန်ဖြစ်ကြောင်း ထင်ရှားလေတော့၏၊ သို့ဖြစ်၍ ဤအရာတွင် မဟာဋီကာ၌လည်း သောဠသ အပရမ္ပနိယာ-ဟူ၍သာ ပါဌ်မှန်ဖြစ်ကြောင်း, ထိုပါဌ်၏အရ သောဠသဓမ္မတို့ကိုလည်း ဒီဃနိကာယ် ပါထိကဝဂ် သမ္ပသာဒနီယသုတ်၌ "အပရံ ပန ဘန္တေ ဧတဒါနုတ္တရိယံ" ဟု အစချီလျက် အရှင်သာရိပုတ္တရာမထေရ် လျှောက်ကြားထားသော တဆယ့်ခြောက်ပါးသော ဘုရားဂုဏ်တို့ပင် ဖြစ်ကြောင်း နိသံသယ မှတ်အပ်၏၊ ဤမဟာဋီကာ၌၎င်း မ ဋီ ၁-၃၈၌၎င်း သာရတ္ထဒီပနီဋီကာ ၁-၃၁၅ ၌၎င်း၊ ဣတိဝုတ်အဋ္ဌကထာ နှာ ၆-၌၎င်း၊ အပရန္တပနီယာ-ဟု ရှိသောပါဌ်မှာလည်း အထောက်အထား မရှိသောကြောင့်၎င်း, သင့်လျော်သော အနက်ကို မရနိုင်သောကြောင့်၎င်း ရေကူးပြင် မှားထားသော ပါဌ်ပျက်သာတည်း။ စရိယာပိဋကအဋ္ဌကထာ နှာ ၈-၌ အပရမ္ပရိယာ-ဟု ရှိသော ပါဌ်မှာလည်း (ဒီ၊ ဋ္ဌ ၃-၅၉) စသည်ကိုမှီ၍ ပြင်မှားထားချက်သာ ဖြစ်သည်၊ တနည်းအားဖြင့် ဤအပရမ္ပနိယာ-ပုဒ်ကို ယေ ဝါပန က-ဟူသော ဝေါဟာရမှ နည်းမှီး၍ "အပရမ္ပနာတိ ပဒေန ဒေသိတာ ကထိတာ အပရမ္ပနိယာ" ဟူ၍လည်း ဝစနတ္ထ ပြုသင့်၏၊ ထိုဝစနတ္ထအရဖြင့် "ဝါ၊ အပရမ္ပန-ပုဒ်ဖြင့် လျှောက်ကြားအပ်ကုန်သော"ဟု တနည်း အနက်ပြန်သည်။

## မှတ်ချက်

၁-သံ+အနု+အာနေန္တော-သမန္နာနေန္တော-မှ ဝကို ပုဗ္ဗရုပ်န-ပြု၍ သမန္နာနေန္တော-ဟုပြီးသည်၊ သမန္နာဟရတိ, သမန္နာဟာရော, သမန္နေသတိ, သမန္နာဂတော, သီမံ သမ္မန္နတိ-တို့၌လည်း နည်းတူပင် ဝ-ကို ပုဗ္ဗရုပ်နပြု-၍ န-ဒွေဘော်နှင့်

ပြီးသည်။ ထိုတွင် သမ္မန္နတိ–၌ သံ+မန+ဩ+တိ–သမ္မန္နတိ–မှ သမ္မန္နတိ–ဟုပြီးသည်။ မနုတေ–မှ မန္နတေ–ဟု ပြီးသော သက္ကတပုဒ်ကဲ့သို့တည်း။

**မှတ်ချက်**

၁–ဤ၌ ပရိပါကကာလာဂမနာဒိ စ ပရဟိတပဋိပတ္တိ–ဟု ပါဌ်မှန်ရှိစေရမည်။ ထိုပါဌ်မှ ပရဟိတပဋိပတ္တိ–ပုဒ်ကို အာသယတော, ပယောဂတော–တို့နှင့် ယှဉ်စပ်၍ အနက်ယောဇနာရမည်၊ ဤ၌ ၎င်းအတိုင်းပင် ယောဇနာထားသည်။

**မှတ်ချက်**

၁–ထကြွသောင်းကျန်းခြင်းသည် ရာဂ၏အမူသာ ဖြစ်၏၊ သို့သော် ထိုရာဂနှင့်တကွ ဖြစ်သောစိတ်ကိုလည်း ပရိယုဋ္ဌိတ–ထကြွသောင်းကျန်းသည်ဟု တင်စား၍ ခေါ်ဝေါ်သည်ဟု ဆိုလို၏။

**မှတ်ချက်**

၂–ရာဂေန၊ ကြောင့်။ ပရိယုဋ္ဌိတံ၊ ထကြွသောင်းကျန်းသည်တည်း။ ရာဂပရိယုဋ္ဌိတံ၊ ရာဂကြောင့် ထကြွသောင်းကျန်း သည်ဟု ဝစနတ္ထပြု၍ ရာဂပရိယုဋ္ဌိတံ၊ ရာဂကြောင့် ထကြွသောင်းကျန်းသော။ စိတ္တံ၊ သည်–ဟု အနက်ပေးစေလို၏။

**မှတ်ချက်**

၁–သီဟိုဠ်မူ၌ ဂတံ–ဟု ရှိ၏၊ ထိုအလိုအားဖြင့်၊ ဥဇုဘာဝမေဝ၊ သို့သာလျှင်။ ဂတံ၊ ရောက်၏–ဟု အနက်ပေး၊ ဥဇုဘာဝမေဝ–၌ ဘာဝ–သဒ္ဒါသည် ပုလ္လိင်ဖြစ်၍ ဒုတိယန္တသာ ဖြစ်သင့်၏၊ ပဌမန္တမဖြစ်သင့်။ ထိုကြောင့် ကတံ–ဟူသော ကံဟောပုဒ်၏ ကံမဖြစ်ထိုက်၊ ဂတံ–၏ကံသာဖြစ်ထိုက်သည်။ ထိုကြောင့် သီမူသာ ယုတ္တတရဖြစ်ပေသည်။

**မှတ်ချက်**

၁–ကလျာဏမိတ္တသန္နိဿယနှင့် ကင်း၍ကား မပြီးစီးဟု ဆိုလို၏။

**မှတ်ချက်**

၁–ဥစ္စာနှင့်ပိုင်ရှင် အချင်းချင်းစပ်ဆိုင်ခြင်းကို သံ+သာမိသမ္ဗန်ဟု ခေါ်၏၊ ပဌမပါဒ–စသော အစိတ်အပိုင်းက သံ–ဥစ္စာ+အပေါင်း ဂါထာက သာမီ–ပိုင်ရှင်–ဟု ဤသို့စသည်ဖြင့် ခွဲ၍ မှတ်အပ်၏။

**မှတ်ချက်**

၁–ဤနှစ်ပုဒ်ကို အနုရူပတော–၌စပ်၊ တံတံသိက္ခာပဒဘာဝေန–စသည်ဖြင့် ထိုနှစ်ပုဒ်ကိုပင် ထပ်၍ဖွင့်သည်ဟု ယူအပ်၏။ ပါဌ်နေပုံကား မကောင်းလှ။ တံတံသိက္ခာပဒဘာဝေန ဝါ–ဟု ဝါ–နှင့် တကွသော်လည်း ပါဌ်ရှိသင့်၏၊ သို့ရှိလျှင် ရှေး ၂–ပုဒ်ဖြင့် "သိက္ခာပုဒ်ပညတ်ခြင်း, တရားဟောခြင်းတို့ကို ယူအပ်၏၊ နောက်၌လည်း ပဝတ္တိယမာနဿ စ–ဟု စ–သဒ္ဒါ နှင့်တကွ ရှိသင့်၏။

**မှတ်ချက်**

၁–သဗျဥ္ဇနံ။ သဒ္ဒါနှင့်တကွ အနက်ကို ဟောသည်ဟုယူလျှင် သဒ္ဒါနှင့်အနက်၂–ပါးလုံးပင် ပဓာနဖြစ်နေသောကြောင့် အတ္ထပဓာနဝါဒကို ပယ်မြစ်ရာရောက်သည်ဟု ဆိုလို၏။

**မှတ်ချက်**

၂–သဒ္ဒါရှိကာမျှကိုယူလျှင် မကောင်းသော သဒ္ဒါရှိခြင်းလည်း ပါဝင်နေသောကြောင့် ကောင်းသော သဒ္ဒါရှိခြင်းကို ပြခြင်းမဖြစ်ဟု ဆိုလို၏။

## မှတ်ချက်

၁-ပရိယာယဝသေန အက္ခရဏာတော အဝေဝစနတော-ဟူ၍၎င်း အက္ခရဏာတော အဝေဝစနတော အကထိတတ္တာ-ဟူ၍၎င်း မိန့်ဆိုသော သာရတ္ထ ၁-၃၂၉-နှင့်အညီ ခရဓာတ် သေက ကထန အနက်ဟု ယူအပ်၏။

## မှတ်ချက်

၁-အက္ခရာတလုံးတည်းဖြင့် ပြသည်မဟုတ်၊ အက္ခရာအများဖြင့် ပြသည်ဟု ဆိုလို၏။

## မှတ်ချက်

၂-ဤ၌လည်း ပုဒ်အများဖြင့် ပြသည်ဟု ဆိုလို၏၊ သို့သော် ဝါကျအများဖြင့် ပြသည်ကိုကား မဆိုလို။

## မှတ်ချက်

၁-ဤပုဒ် နောက်သို့ရွေ့ပြီး နောက်ဝါကျထဲရောက်နေသည်၊ ထိုအရာ၌ တာသံ-ပုဒ် မလို၊ ဤ၌သာလိုသည်၊ တာသံ ဗျဥ္ဇနသမ္ပတ္တိဒီပနတော - ဟုပြလတံ့သော ပါဌ် ကဲ့သို့ပင် ဤ၌လည်း တာသံ အတ္ထဂုဏဒီပနတော-ဟု ပါဌ်မှန်ရှိရစေမည်။

## မှတ်ချက်

၂-ဤပုဒ်၏ ရှေး၌ တာသံ-ပိုနေသည်၊ ဓမ္မနှင့် ဒေသနာတို့ကို ရှေး၌ ဆိုခဲ့ပြီးမဟုတ်သောကြောင့် တာသံ-ဟု ဝိသေသနနှင့် ဆိုဖွယ်မရှိပေ။ ထိုကြောင့် ၎င်းပုဒ်သည် အတ္ထဂုဏဒီပနတော-ဟူသော ရှေးဟိတ်ပုဒ်၏ ရှေးမှ ဤနေရာသို့ ရွေ့လျက် မှားနေခြင်းမျှသာ ဖြစ်သည်။ သို့မဟုတ်လျှင် အတ္ထဂုဏဒီပနတော တာသံ-ဟူ၍သော်လည်း ရှေးဟိတ်ပါဌ်နှင့် တပေါင်းတည်း စပ်လျက်ရှိသင့်၏။

## မှတ်ချက်

၁-မြန်မာမူ၌ ဝိပါကာဒီနံ-ဟု ရှိ၏။ သင့်လျော်သောအနက်ကို မရနိုင်။ သီဟိုဠ်မူ၌ကား ဥပ္ပါတကာဒီနံ-ဟူ၍၎င်း, ဝိနိပါတကာဒီနံ - ဟူ၍၎င်း ရှိ၏၊ ၎င်းနှစ်ပုဒ်လုံးပင် အနက်တူ ဖြစ်သင့်၏။

## မှတ်ချက်

၂-အချို့သော ယဇ်ပူဇော်ခြင်းဟူသည်မှာ သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ခြင်းကို ဆိုလို၏။ ကပိလရသေ့၏ သင်္ချာဝါဒ၌ ပကတိသည် ပုရိသခေါ် အတ္တမဟုတ်၊ ပုရိသခေါ် အတ္တသည်လည်း ပကတိမဟုတ်ဟု ခွဲခြား၍ သိလျှင် ဝဋ်ဆင်းရဲမှ လွတ်သည်ဟု ဆို၏၊ ၎င်းကို ပကတိပုရိသန္တရညာဏ-ဟု ဆိုသည်။

## မှတ်ချက်

၁-ဤ ၂-ပုဒ်ဖြင့် ပရသဒ္ဒါလယ ဂန္ထဗ္ဗတံ ဟိတွာ-ကို အဓိပ္ပါယတ္ထအားဖြင့် တနည်းဖွင့်ပြသည်။

## မှတ်ချက်

၁-အဘိဓာ ၁-၁၉၅-၌မူ အဇိမှတာ နွားကျင်ငယ်ရေးကဲ့သို့ မကောက်သည်၏အဖြစ်။ အဝင်္ကတာ-လရေးကဲ့သို့ မကောက်သည်၏အဖြစ်။ အကုဋိလတာ-ထယ်ကိုင်းစွန်းကဲ့သို့ မကောက်သည်၏ အဖြစ်-ဟု ဖွင့်ပြ၏။

## မှတ်ချက်

၁-ဤဋီကာအဖွင့်သည် ရှုပ်ရှုံမျှသာရှိသည်၊ အကျိုးမများ။ အဋ္ဌကထာ၌ ရှိရင်းအတိုင်း စပ်ခြင်းသာ ကောင်းသည်။ အကြောင်းမူကား တိတ္ထိယတို့၏ တပည့်တို့သည်လည်း ယထာနုသိဋ္ဌပဋိပန္နဖြစ်လျှင် သုပ္ပဋိပန္နမည်အံ့လောဟု မေးဖွယ်ရှိ၍

သွာက္ခာတေ ဓမ္မဝိနယေ–ဟု ဆိုသည်။ အပဏ္ဏကပဋိပဒါသည်ကား တိတ္ထိတို့၏ တရား၌ မရှိသောကြောင့် ထိုသို့မေးဖွယ် မရှိတော့ပြီ။ ထိုကြောင့် သွာက္ခာတေ ဓမ္မဝိနယေ–ကို အပဏ္ဏကပဋိပဒံ–သို့လိုက်၍ စပ်ရန် မလိုတော့ပါ၊ ဆင်ခြင်ပါကုန်။

**မှတ်ချက်**

၁–ဤဋီကာအလို သမာဓိဿ သံဝတ္တနံ သမာဓိသံဝတ္တနံ၊ တံ ပယောဇနံ ဧတေသန္တိ သမာဓိသံဝတ္တနိကာနိ...ဟု တဒ္ဓိတ်ဝစနတ္ထ ပြုရာ၏။

**မှတ်ချက်**

၂–မျိုးဇာတ်ချင်းမတူစေကာမူ သီလစင်ကြယ်လျှင် အဆင့်အတန်း မခွဲခြားပဲ ပေါင်းသင်းနိုင်သည်ဟု ဆိုလို၏။

**မှတ်ချက်**

၁–ပယတ–သဒ္ဒါသည် ဆန့်အပ်–ဖြန့်အပ်သည်–ဟူသော အနက်၌လည်းဖြစ်သောကြောင့် ပယတပါဏိ– ဖြန့်အပ်သော လက်ရှိသည်–ဟူသော အနက်လည်း သင့်လျော်၏။

**မှတ်ချက်**

၁–ဤအလိုအားဖြင့် "ဘိယျောသော မတ္တာယ၊ အတိုင်းအရှည်၏ အထက်၌၊ ဝါ၊ အတိုင်းထက်အလွန်"ဟု ပေးရာ၏။ ပြလတံ့သော မဟတိယာ–စသည်အလိုအားဖြင့်မူ "ကြီးကျယ်ပြန့်ပြောသော အတိုင်းအရှည်ဖြင့်"ဟု အနက်ပေးရာ၏။

**မှတ်ချက်**

၁–ဋီကာဆရာ၏ ဝိသုဒ္ဓိမဂ်တွင် သက္ခိဋ္ဌာနေ ဋ္ဌပေတဗ္ဗဒေဝတာနံ–အရာ၌ သက္ခိဋ္ဌာနေ ဋ္ဌပေတဗ္ဗံ ဒေဝတာနံ–ဟု ပါ၍ပျက်ဟန်တူ၏။ ထိုသို့ရှိလျှင် ဋ္ဌပေတဗ္ဗံ–ပုဒ်ကို စပ်ရန်ခဲယဉ်းသောကြောင့် "သက္ခိဋ္ဌာနေ၊ ၌။ ဋ္ဌပေတဗ္ဗံ၊ ထားအပ်သည်ကို။ ဝုတ္တံ၊ ၏။"ဟု နောက်မှ ဝုတ္တံ–နှင့် စပ်စေပြီးလျှင် ကိမတ္ထံ–ဟု မေး၍ "သမာနဂုဏာဒီပနတ္ထံ–ရှိ၏။ ဣတိ ဝေဒိတဗ္ဗံ၊ ၏။"ဟု ဝါကျကို ပြီးဆုံးစေလေသည်၊ မချောလှချေ။ ယခုလက်ရှိ ဝိသုဒ္ဓိမဂ်မှာ ရှင်းနေသောကြောင့် ထိုဋီကာအဖွင့်သည် မည်သို့မျှ အကျိုး မရှိတော့ချေ။

**မှတ်ချက်**

၁–မရဏဿ သရဏံ မရဏဿတိ–ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အနု–မပါပဲ မရဏဿတိယံ–ဟု ရှိသင့်၏။

**မှတ်ချက်**

၂–ဤဟိတ်ပါ၌သုံးခုကို သမုစ္ဆေဒ, ခဏိက, သမ္မုတိမရဏ–သုံးခုနှင့် အစဉ်အတိုင်းဟပ်၍ ယူလေ။

**မှတ်ချက်**

၁–စာမူဟူသမျှတို့၌ ပရိစ္ဆန္နဘာဝတော–ဟု ရှိ၏၊ သို့သော် ပရိစ္ဆိန္နဘာဝတော–ဟု ရှိမှသင့်မည်။

**မှတ်ချက်**

၂–ဝိသုဒ္ဓိမဂ်နိဿယပြည်မူတွင် "ဋီကာ၌ အာဂုရေန္တော–ဟူရကား အာဂု ဝုတ္တမပရာဓေအဘိဓာနကို ကိုး၍ အပြစ်ကို ပြုဆောင်သော–ဟု မြန်မာပြန်ဆို၏"ဟု မှာထားလေသည်။ သက္ကတအင်္ဂလိပ်အဘိဓာန်ကြီး၌ အာဂုရ်–သဒ္ဒါ၏အနက်ကို (၁) ယဇ်ပူဇော်သောအခါ ယဇ်ပုရောဟိတ်၏ ရွတ်ဆိုသောအသံ၊ (၂) အလန့်တကြား ဟစ်အော်ကြွေးကြော်သော အသံ၊ (၃) သဘောတူကြောင်း ပြသောအသံ၊ (၄) ကောင်းချီးပေးသောအသံ–ဟူ၍၎င်း, အာဂုရဏ၏ အနက်ကို အာဂုရ်–ဟု ရွတ်ဆိုခြင်း ဟူ၍၎င်း ပြဆိုထား၏။ ထိုကြောင့် ဤဋီကာ၌ "ပဟရဏာကာရံ ကရောန္တော" ဟူသောပါ၌သာလျှင် စာရယမာနော–ပုဒ်၏

လိုရင်းအနက်အဖွင့်ဟူ၍၎င်း, အာဂုရေဗ္ဗော–ပုဒ်ကိုကား ယဇ်ပူဇော်သူတို့ ဟစ်အော်ကုန်သကဲ့သို့ သတ်ထိုက်သောလူကို သတ်ခါနီးတွင် သူသတ်သမားက (အာဂုရ်)ဟု အလန့်တကြား ဟိန်းဟောက် ဟစ်အော်ပုံကိုပြသော အကူအညီအဖွင့်ဟူ၍၎င်း မှတ်အပ်၏။

## မှတ်ချက်

၁–နေ့သေသူတို့က နည်းသည်ဟု မဆိုနိုင်သောကြောင့်၎င်း, သေသည်၏ အခြားမဲ့၌ပင် ပဋိသန္ဓေနေရမည် ဖြစ်သောကြောင့်၎င်း ဤအဖွင့်ကို ဆင်ခြင်သင့်၏။ အသင့်အားဖြင့်မူ ထိုခေတ်က ဒီဃရတ္တံ ရတ္တညူ–စသည်ဖြင့် ရတ္တိ–ကို ပဓာနပြု၍ ပြောဆိုလေ့ရှိသောကြောင့် ဤ၌လည်း ရတ္တိ–ကို ဆိုသည်ဖြစ်ရာ၏။

## မှတ်ချက်

၁–အသောကမင်းတရားကြီး၏ နောက်ဆုံးပိုင်း အချိန်ကာလ အကြောင်းအရာကို ဒိဗျာဝဒါနမည်သော ကျမ်း (နှာ ၂၇၉)တွင် အခဏ်း ၂၉–အသောကာဝဒါန ဟူသော အမည်ဖြင့် ပြဆိုထားလေသည်။ အောက်ပါမှာ ၎င်းကျမ်းရင်း သက္ကတဘာသာမှ ပါဠိပြန်ဆိုချက်ဖြစ်သည်။ အချို့ပုဒ်ပါဌ်များကို သုတပွါးစေရန် မူရင်းအတိုင်းပင်ထား၍ ထောင့်ကွင်းဖြင့် ဖွင့်ပြသည်။ လိုနေသောအရာ၌ လက်သည်းကွင်းဖြင့် ဖြည့်စွက်ပြသည်။ ပါဠိပညာရှိတို့ အနက်ထင်လောက်သောကြောင့်၎င်း များလွန်းသောကြောင့်၎င်း အနက်ပြန်ဆိုခြင်း မပြုတော့ပေ။

ဒိဗျာဝဒါနကျမ်းမှ ယဒါ ရညာ အသောကေန အဒ္ဓါမလကဒါနေန ဘဂဝံသာသနေ အသောကာဝဒါန [ ဘဂဝတော သာသနေ ] သဒ္ဓါ ပဋိလဒ္ဓါ၊ သော ဘိက္ခူ အဝေါစ "ကေန ဘဂဝံသာသနေ ပဟုတံ ဒါနံ ဒိန္န"န္တိ။ ဘိက္ခူ အဝေါစုံ "အနာထပိဏ္ဍဒေန [ အနာထပိဏ္ဍိကေန ] ဂဟပတိနာ"တိ။ ရာဇာ အာဟ "ကိတ္တကံ တေန ဘဂဝံသာသနေ ဒါနံ ဒိန္န"န္တိ။ ဘိက္ခူ အဝေါစုံ "ကောဋိသတံ တေန ဘဂဝံသာသနေ ဒါနံ ဒိန္န"န္တိ။ သုတွာ စ ရာဇာ အသောကော စိန္တေသိ "တေန ဂဟပတိနာ ဟုတွာ ကောဋိသတံ ဘဂဝံသာသနေ ဒါနံ ဒိန္န"န္တိ။ (အထ) တေန [ အသောကေန] အဘိဟိတံ [ကထိတံ] "အဟမ္ပိ ကောဋိသတံ ဘဂဝံသာသနေ ဒါနံ ဒဿမီ"တိ။ တေန ယာဝ စတုရာသီတိမ္မရာဇိကသဟဿံ [စတုရာသီတိစေတိယသဟဿံ] ပတိဋ္ဌာပိတံ၊ သဗ္ဗတ္ထ စ [ စတူသု စ ဌာနေသု ] သတသဟဿနိ ဒိန္နာနိ ဇာတိယံ, ဗောဓိယံ, ဓမ္မစက္ကေ, ပရိနိဗ္ဗာနေ စာတိ။ ပဉ္စဝဿိကံ ကတံ၊ တတြ စ စတ္တာရိ သတသဟဿနိ ဒိန္နာနိ တီဏိ သတသဟဿနိ ဘိက္ခူနံ ဘောဇိတာနိ–ယတြ ဧကံ အရဟတံ, ဒွေ သေက္ခာနံ ပုထုဇ္ဇနကလျာဏကာနံ စ။ ကောသံ ဌပေတွာ [ ဘဏ္ဍာဂါရံ ဝဇ္ဇေတွာ ] မဟာပထဝိံ, အန္တေပုရအမစ္စဂဏံ, အတ္တာနံ, ကုဏာလံ စ (အတ္တနော ပုတ္တံ) အရိယသံဃေ နိယျာတယိတွာ စတ္တာရိ သတသဟဿာနိ ဒတွာ နိက္ကီတဝါ [ ပဋိက္ကီဏိ ]။ ဇဝံ ဆန္နဝုတိ ကောဋိယော ဘဂဝံသာသနေ ဒါနံ ဒိန္နံ၊ သော ယာဝ ဂိလာနီဘူတော။ အထ ရာဇာ "ဣဒါနိ န ဘဝိဿမီ"တိ ဝိကလဝီဘူတော [အတိဝိယ ဒေါမနဿပ္ပတ္တော]။ တဿ ရာဓဂုတ္တော နာမ (အဂ္ဂ) အမစ္စော (အတ္ထိ) ယေန သဟ ပံသုဒါနံ ဒိန္နံ။ [ပုဗ္ဗေ ကိရ အသောကော ဇယော နာမ ဗာလဒါရကော ဟုတွာ ဘဂဝတော ရာဇဂဟေ ပိဏ္ဍာယ စရတော ဝိဇယေန နာမ သဟာယဒါရကေန သဟ ပံသုဒါနံ အဒါသိ။ တံ သန္ဓာယေတံ ဝုတ္တံ "ယေန သဟပံသုဒါနံ ဒိန္န"န္တိ။ တထာ ဟိ ဝုတ္တံ တသ္မိံယေဝ ဂန္ထေ ဆဗ္ဗီသတိမေ ပံသုပဒါနာဝဒါနေ "ယာဝ ဘဂဝါ ရာဇမဂ္ဂေ ပဋိပန္နော၊ တတြ ဒွေ ဗာလဒါရကာ ဧကော အဂ္ဂကုလိကပုတ္တော, ဒုတိယော ကုလိကပုတ္တော စ ပံသွာဂါရေဟိ ကီဠန္တိ၊ ဧကဿ ဇယောတိ နာမံ အဟောသိ, ဒုတိယဿ ဝိဇယောတိ။ တေဟိ ဘဂဝါ ဒိဋ္ဌော ဒွတ္တိံ သမဟာပုရိသလက္ခဏာ လင်္ကတသရီရော အသေစနကဒဿနော စ။ အထ ဇယေန ဒါရကေန 'သတ္တုံ ဒဿာမီ"တိ ပံသုဥ္စလိ ဘဂဝတော ပတ္တေ ပက္ခိတ္တော၊ ဝိဇယေန စ ကတဉ္စလိနာ (ဟုတွာ) အဗ္ဘနုမောဒိတံ" ဣတိ စ၊ "ပဿသိ အာနန္ဒ ဒါရကံ ယေန တထာဂတဿ ပတ္တေ ပံသုဥ္စလိ ပက္ခိတ္တော"တိ။ "ဇဝံ ဘန္တေ"တိ။ အယမာနန္ဒ ဒါရကော အနေန ကုသလမူလေန ဝဿသတပရိနိဗ္ဗုတဿ (မဟာဝိဟာရဝါသိနိကာယမတေန ပန "သာဓိကဒွိဝဿသတပရိနိဗ္ဗုတဿာ"တိ ဝတ္တဗ္ဗံ) တထာဂတဿ ပါဋလိပုတ္တေ နဂရေ အသောကော နာမ ရာဇာ ဘဝိဿတိ စတုဘာဂစက္ကဝတ္တီ ဓမ္မိကော ဓမ္မရာဇာ၊ သော မေ သရီရဓာတုယော ဝိတ္ထာရိကာ ကရိဿတိ၊ စတုရာသီတိ ဓမ္မရာဇိကသဟဿံ ပတိဋ္ဌာပယိဿတိ၊ ဗဟုဇနဟိတာယ ပဋိပန္နိဿတီတိ "ဣတိ စ။] တဒါသော (ရာဓဂုတ္တော) ရာဇာနံ အသောကံ ဝိကလဝီဘူတံ အဝေက္ခိယ ပါဒေသု နိပစ္စ ကတဉ္စလိ (ဟုတွာ) အဝေါစ–

> ယံ သတ္တုသံဃေဟိ ပဗလေဟိ သမေစ္စ၊
> နောဒ္ဓိက္ခိတံ [ နောဒိက္ခိတံ ] စဏ္ဍဒိပါကရာဘံ။
> ပဒ္ဓါနနသိရိသတသံပဝီတံ [ ပဒုမသဒိသမုခဿ သိရိသတံ သုဋ္ဌု ပီတံ ယေန၊ တတ္တိ အတ္တော ]
> ကသ္မာ သဗမ္ဗံ [ သအဿု ] တဝ ဒေဝ ဝတ္တံ [ မုခံ ] ဣတိ။

ရာဇာ အာဟ "ရာဇပုတ္တ နာဟံ ဒဗ္ဗဝိနာသံ, န ရဇ္ဇနာသနံ, န စ အာသယဝိယောဂံ သောစာမိ၊ ကိန္တု သောစာမိ–အယျေဟိ ယံ ဝိပ္ပယုတ္တာမီ"တိ။

နာဟံ ပုန သဗ္ဗဂုဏောပပန္နံ၊
သံဃံ သမဂ္ဂံ [ ပစ္စက္ခဘူတံ ] နရဒေဝပူဇိတံ။
သံပူဇယိဿာမိ ဝရန္နပါနေဟိ၊
ဧတံ ဝိစိန္တ၂'သု ဝိမောစနံ မေတိ။

"အပိ စ ရာဇပုတ္တ အယံ မေ မနောရထော အဟောသိ 'ကောဋိသတံ ဘဂဝံသာသနေ ဒါနံ ဒဿမီ'တိ၊ သော စ မေ မနောရထော န ပရိပုဏ္ဏော"တိ။ တတော ရညာ အသောကေန "စတဿော ကောဋိယော ပရိပုရယိဿာမီ"တိ ဟိရညသုဝဏ္ဏံ ကုက္ကုဋာရာမံ ပေသိတုမာရဒ္ဓေါ။

တသ္မိံ စ သမယေ ကုဏာလဿ သမ္ပဒိ နာမ ပုတ္တော ယုဝရဇ္ဇေ ပဝတ္တတေ [ တိဋ္ဌတိ ]။ တဿ အမစ္စေဟိ ကတိတံ "ကုမာရ အသောကော ရာဇာ သုအပ္ပကာလာဝဋ္ဌာယီ၊ ဣဒဥ္စ ဒဗ္ဗံ ကုက္ကုဋာရာမံ ပေသီယတိ၊ ကောသဗလိနော စ ရာဇာနော၊ နိဝါရေတဗ္ဗော"တိ, ယာဝကုမာရေန ဘဏ္ဍာဂါရိကော ပတိသိဒ္ဓေါ။ ယဒါ ရညော အသောကဿ အပ္ပတိသိဒ္ဓါ၊ တဒါ တဿ သုဝဏ္ဏဘာဇနေ အာဟာရံ ဥပနာမိယတိ၊ ဘုတ္တာ တာနိ သုဝဏ္ဏဘာဇနာနိ ကုက္ကုဋာရာမံ ပေသေတိ။ အထဿ သုဝဏ္ဏဘာဇနံ ပတိသိဒ္ဓံ၊ ရူပိယဘာဇနေ အာဟာရံ ဥပနာမိယတိ တာနိပိ ကုက္ကုဋာရာမံ ပေသေတိ။ တယော ရူပိယဘာဇနမ္ပိ ပတိသိဒ္ဓံ၊ ယာဝ လောဟဘာဇနေ အာဟာရံ ဥပနာမိယတိ၊ တာနိပိ ရာဇာ အသောကော ကုက္ကုဋာရာမံ ပေသေတိ။ တဿယာဝ မတ္တိက ဘာဇနေ အာဟာရံ ဥပနာမိယတိ။ တသ္မိဥ္စ သမယေ ရညော အသောကဿ အဒ္ဓါမလကံ ဟတ္ထန္တရဂတံ၊ အထ ရာဇာ အသော ကော သံဝိဂ္ဂေါ အမစ္စေ, ပေါရိကေ စ သန္နိပါတာပေတွာ ကထေသိ "ကော သမ္ပတိ [ ဒါနိ ] ပထဝိယံ ဣဿ ရော" တိ။ တတော အမစ္စော ဥဋ္ဌာယာသနာ ယေန ရာဇာ အသောကော၊ တေနဥ္စလိံ ပဏာမေတွာ အဝေါစ "ဒေဝေါ ပထဝိယံ ဣဿ ရော"တိ။ အထ ရာဇာ အသောကော သအဿု ဒုဒ္ဒိနနယနဝဒနော အမစ္စေ အဝေါစ–

ဒက္ခိဏျာ [ ဝစနကောသလ္လတော အနုကမ္ပနတော ဝါ ] အနတံ [ မုသံ ] ဟိ ကိံ
ကထယိတ္ထ ဘဋ္ဌာဓိရဇ္ဇာ မယံ၊
သေသံ တွာမလကဒ္ဓမိစ္စဝသိတံ [ သေသံ တု အာမလကဒ္ဓံ ဣတိ ဧတ္တကမေဝ
ပရိယောသိတံ ] ယတြ ပဘုတ္တံ မမ။
ဣဿရိယံ ဓိရနရိယမုဒ္ဒတနဒီတောယပ္ပဝေသောပမံ [ ဓိရတ္ထု ဣဿရိယဿ
အနရိယဿ စဥ္စလနဒီတောယေ ပဝေသူပမဿ ]
မစ္စိန္ဒဿ မမာပိ ယံ ပဋိဘယံ ဒါလိဒ္ဒိယမ္ဘာဂတံ။

အထဝါကော ဘဂဝတော ဝစနံ အညထာ ကရိဿတိ၊ "သမ္ပတ္တိယော ဟိ သဗ္ဗာ ဝိပတ္တိနိဓနာ"တိ ဘာသိတံ ယံ အဝိ တထဝါဒိနာ ဂေါတမေန၊ န ဟိ တံ ဝိသံပဒတိ။

ပတိသိဿ တေ'သ္မ နေ့ [ ပတိသိဿတေ' သ္မိံ နော? "ဣမသ္မိံ လောကေ ပတိသတ္တု
ဟုတွာ န ဌဿတိ ကောစီ"တိ ဝုတ္တံ သိယာ ] စိရာ အာဏာ မမ ယာဝတီ ယထာ
မနသာ၊
သာဇ္ဇေ့ဝ မဟာဒ္ဒိသိလာတလဝိဟာတနဒီဝ ပဋိနိဝတ္တာ။
အာဏာပိယ ဗျဝရူတဥ္ဇိမ္ဒဥမရံ [ ဗျဝရူတံ သမုဟတံ ဥဇ္ဇိမ္ဒံ ဒုဇ္ဇနကောလာဟလံ စ ဥမရံ
ဥာမရိကပီဠနံ စ ဧတိသံ မတိယံ၊ တံ ] ဏောတပတ္တံ မဟိံ၊
ဥပ္ပါဋိယ ပတိဂမ္ဘိတေ အရိဂဏေ အဿာသိယ ဒီနာတုရေ။
ဘဋ္ဌသာဃတနော န ဘာတိ ကပဏော သမ္ပတျ'သောကော ရာဇာ၊
ဆိန္နာမိလာတဝိသိဏ္ဏပတ္တကုသုမော သုဿတျ'သောကော ယထာ။

တတော ရာဇာ အသောကော သမီပဂတံ ပုရိသံ အာမန္တေတွာ အဝေါစ "ဘဒြမုခ ပုဗ္ဗဂုဏာနုရာဂေန [ကတုပကာရာ နုဿရဏာဝသေနာတိ အဓိပ္ပါယော] ဘဋ္ဌဣဿရိယဿာပိ မမ ဣဒံ တာဝ ပစ္ဆိမံ ဗျာပါရံ ကရောဟိ၊ ဣဒံ မမ အဒ္ဓါမလကံ ဂဟေတွာ ကုက္ကုဋာရာမံ ဂန္တွာ သံဃေ နိယျာတယ၊ မမ ဝစနေန စ သံဃဿ ပါဒါဘိဝန္ဒနံ ကတွာ (ဧဝံ) ဝတ္တဗ္ဗံ 'ဇမ္ဗုဒီပိဿရ ဿ ရညော ဧသ သမ္ပတိ ဝိဘဝေါ'တိ ဣဒံ တာဝ ပစ္ဆိမံ ဒါနံ တထာ ပရိဘုဥ္ဇိတဗ္ဗံ ယထာ မေ သံဃဂတာ ဒက္ခိဏာ ဝိတ္ထိဏ္ဏာ သိယာ"တိ။ အာဟ စ–

ဣဒံ ပဒါနံ စရိမံ မမ’ဇ္ဇ၊ ရုဇ္ဇ စ တံ စေဝ ဂတံ သဘာဝံ။
အာရောဂျဝေဇ္ဇောသဓိဝဇ္ဇိတဿ၊ တာတာ န မေ အရိယဂဏာ ဗဟိဒ္ဓါ။
တံ တထာ ဘုဉ္ဇိယတံ ယေန၊ ပဒါနံ မမ ပစ္ဆိမံ။
ယထာ သံဃဂတာ မေ’ဇ္ဇ၊ ဝိတ္တိဏ္ဏာ ဘဝေတိ။

“ဇဝံ ဒေဝါ”ဟိ သော ပုရိသော ရညော အသောကဿ ပတိဿုတွာ တံ အဒ္ဓါမလကံ ဂဟေတွာ ကုက္ကုဋာရာမံ ဂန္တွာ ဝုမုန္တေ ဌတွာ ကတဥ္စလိ တံ အဒ္ဓါမလကံ သံဃေ နိယျာတယံ အဝေါစ–

ဧကစ္ဆတ္တာသမုဿယံ ဝသုမတိမာဏာပယံ ယော ပုရာ၊
လောကံ တာပယတိမှ မဇ္ဈဒိဝသပ္ပတ္တော ဒိဝါ ဘာကရော။
ဘဂျစ္ဆိဒ္ဒမဝေက္ခ္သ’ဇ္ဇ နရပတိ သောပိ ကမ္မေဟိ ဝဥ္စိတော၊
သမ္ပတ္တော ဒိဝသက္ခယေ ရဝိရိဝ ဘဌပ္ပဘာဝေါ ဌိတော။

ဘတ္တိအဝနတေန [ သဒ္ဓါယ ဩနတေန ] သိရသော ပဏာမိတွာ သံဃဿ တေန ခလု ဒိန္နံ ဣဒံ အာမလကဿ အဒ္ဓံ လက္ခိဏပလ္လစိဟနိတံ။ တတော သံဃတ္ထေရော ဘိက္ခူ အဝေါစ “ဘဒန္တာ ဘဝန္တော သက္ကာ ဒါနိ သံဝေဂံ ဥပ္ပါဒေတုံ၊ ကသ္မာ? ဧဝရူပံ ဝုတ္တံ ဘဂဝတာ “ပရဝိပတ္တိ သံဝေဇနီယံ ဌာန”န္တိ။ ကဿ ဒါနိ သဟဒယဿ သံဝေဂေါ န ဥပ္ပဇ္ဇေယျ။ “ကသ္မာ?...

စာဂသူရော နရိန္ဒေ’သော၊ အသောကော မောရိယကုဥ္စရော။
ဇမ္ဗုဒီပိဿရော ဟုတွာ၊ ဇာတော’ဒ္ဓါမလကိဿရော။
ဘစ္စေဟိ သ ဘူမိပတိ အဇ္ဇ ဟတာဓိကာရော၊
ဒါနံ ပယစ္ဆတိ [ ပဝေစ္ဆတိ ] ကိလာ’မလကဒ္ဓမေတံ။
သိရိဘောဂဝိတ္ထာရမဒေဟျ’ တိဂဗ္ဗိတာနံ၊
ပစ္စာဒိသံ [ ပတိကစ္စေဝ အနာဂတပ္ပဝတ္တိံ အာဒိသန္တံ ] ဣဝ မနာနိ ပုထုဇ္ဇနာနံ။

ယာဝ တံ အဒ္ဓါမလကံ စုဏ္ဏယိတွာ ယူသေ ပက္ခိပိယ သံဃေ စာရိတံ [ ဘာဇိတံ ]။ တတော ရာဇာ အသောကော ရာဓဂုတ္တံ အဝေါစ–“ကထယ ရာဓဂုတ္တ ကော သမ္ပတိ [ ဧတရဟိ ] ပထဝိယံ ဣဿရော”တိ။ အထ ရာဓဂုတ္တော အသောကဿ ပါဒေသု နိပတိတွာ ကတဥ္စလိ အဝေါစ–“ဒေဝေါ ပထဝိယံ ဣဿရော”တိ။ အထ ရာဇာ အသောကော ကထဥ္စိ ဥဋ္ဌာယ စတုဒ္ဒိသံ အဝလောကေတွာ သံဃဿ အဥ္စလိံ ကတွာ အဝေါစ–“ဧသ [ ဧသောဟံ ] ဒါနိ မဟာကောသံ ဌပေတွာ ဣမံ သမုဒ္ဒပရိယန္တံ မဟာပထဝိံ ဘဂဝတော သာဝကသံဃေ နိယျာတယာမိ”တိ။ အာဟ စ…

ဣမံ သမုဒ္ဒဏ္ဍမနီလကဥ္စုကံ၊ အနေကရတ္နာကရဘူသိတာနနံ။
ဒဒါမဟံ ဘူတဓရံ သမန္ဒရံ [ လောကသမ္မတမန္ဒရပဗ္ဗတသဟိတံ ]၊
သံဃဿ တဿံ ဥပဘုဉ္စတံ ဖလန္တိ။

အပိစ…

ဒါနေနာဟမနေန နိ’န္ဒဘဝနံ န ဗြဟ္မလောကေ ဖလံ၊
ကင်္ခါမိ ဒုတ [ သီဃ ] ဝါရိဝေဂစပလံ ပါဂေဝ ရာဇဿိရိံ။
ဒါနဿ’ဿ ဖလံ တု ဘတ္တိမဟတော [ မဟာဘတ္တိကဿ ] ယံ မေ’တ္ထိ တေန
ပါပုဏေယျံ၊
စိတ္တိဿရိယမဟာရိယမရိယမဟိတံ နာယတိ ယံ ဝိကြိယံ ဣတိ။

ယာဝ ပတ္တံ အဘိလိခိတံ ကတွာ ဒန္တမုဒ္ဒါယ မုဒ္ဒိတံ။ တတော ရာဇာ မဟာပထဝိံ သံဃေ ဒတွာ ကာလဂတော [ကာလမကာသိ]။ တဒါ အမစ္စာ နီလပီတာဟိ သိဝိကာဟိ နီဟရိတွာ သရီပူဇံ ကတွာ (အဘိနဝံ) ရာဇာနံ ပတိဋ္ဌာပယိဿာမာတိ အရဒ္ဓါ။ အထ ရာဓဂုတ္တေန ကထိတံ “ရညာ အသောကေန မဟာပထဝီ သံဃေ နိယျာတိတာ”တိ။ တတော အမစ္စာ ပုစ္ဆိံသု “ကိမတ္ထ” န္တိ။ ရာဓဂုတ္တော အဝေါစ “ဧသ ရညော အသောကဿ မနောရထော ဗဘူဝ ‘ကောဋိသတံ ဘဂဝံသာသနေ ဒဿာမိ’တိ၊ တေန ဆန္နဝုတိ ကောဋိယော ဒိန္နာ ယာဝ ရာဇညေန? [ ယုဝရာဇေန ] ပတိသိဒ္ဓါ၊ တဒဓိပ္ပါယေန ရညာ မဟာပထဝီ သံဃေ ဒိန္နာ”တိ။ ယာဝ အမစ္စေဟိ စတဿော ကောဋိယော ဘဂဝံသာသနေ ဒတွာ ပထဝိံ နိက္ကိဏိတွာ သမ္ပဒိ (ကုမာရော) ရဇ္ဇေ ပတိဋ္ဌာပိတော။

## မှတ်ချက်

၁-ဗျာခိသည် ၉၆-ပါးစသည်ဖြင့် များသောကြောင့် ဤဥပမာနၲ ဗဟုဝုစ်ဖြင့်ဆိုသည်ဟု မှတ်အပ်၏။

## မှတ်ချက်

၂-အာယုက္ခယစသည်ဖြင့် များသော မရဏတို့ကိုငဲ့၍ ဤဥပမာ၌လည်း ဗဟုဝုစ်ဖြင့် ဆိုသည်ဟု မှတ်အပ်၏။

## မှတ်ချက်

၁-၎င်းသည် ပဏ္ဍု၏သား ၃-ယောက်တွင် အကြီးဆုံးဖြစ်သည်၊ ပဏ္ဍု၏သားဟု ဆိုရသော်လည်း အမှန်မှာ ပဏ္ဍုမင်း၏မိဖုရား ပိထာ (ဝါ) ကုန္တီ၏သားဖြစ်သည်၊ ကုန္တီသည် ဓမ္မနတ်နှင့်စပ်၍ ရသော သားဟူ၏။ ထိုကြောင့် ၎င်းကို ဓမ္မပုတ္တ-ဟု ဆိုသည်။ သက္ကတ အင်္ဂလိပ်အဘိဓာန်ကြီး၌ ပြဆိုထားသော စကားများဖြစ်သည်။

## မှတ်ချက်

၁-လက္ခဏာငယ် ၈၀-ကို ဇိနာလင်္ကာရဋီကာ ၁၇၇-၌၎င်း သိရီလလိတဝိတ္ထာရ ဘာသာပြန် ၁၆၇-၌၎င်း အပြည့်အစုံ ပြဆိုထားသည်ကို တွေ့ရ၏၊ ထိုတွင် ဇိနာလင်္ကာရ ဋီကာ၌-အသီတာနုဗျဉ္ဇနာနိ နာမ (၁) စိတင်္ဂုလိတာ (၂) အနုပုဗ္ဗင်္ဂုလိတာ (၃) ဝဋ္ဋင်္ဂုလိတာ (၄) တမ္ဗနခတာ (၅) တုင်္ဂနခတာ (၆) သိနိဒ္ဓနခတာ (၇) နိဂူဠ္ဂေါပ္ဖကတာ (၈) သမပါဒတာ။ပ။ (၂၈) ကောဋ္ဌိသဟဿဟတ္ထိဗလဓာရဏတာ (၂၉) တုင်္ဂနာသတာ (၃၀) သုရတ္တဒွိမံသတာ။ပ။ (၈၀) ကေတုမာလာရတနဝိစိတ္တတာတိ ဣမာနိ အသီတိအနုဗျဉ္ဇနာနိနာမ-ဟု အစဉ်အတိုင်း ပြဆိုထား၏။ လလိတဝိတ္ထာရဘာသာပြန်၌လည်း (၁) မြင့်မောက်သော လက်သည်း ခြေသည်းရှိခြင်း (၂) နီသော လက်သည်း ခြေသည်း ရှိခြင်း (၃) ပျောင်းပျော့သော လက်သည်း ခြေသည်း ရှိခြင်း (၄) လုံးသော လက်ချောင်း ခြေချောင်း ရှိခြင်း။ပ။ (၄၉) လုံးသော အစွယ်ရှိခြင်း (၅၀) ထက်သော အစွယ်ရှိခြင်း (၅၁) အစဉ်အတိုင်း တင့်တယ်သော အစွယ်ရှိခြင်း (၅၂) မြင့်သော နှာတံရှိခြင်း (၅၃) စင်ကြယ်သော မျက်စိရှိခြင်း။ပ။ (၈၀) ကြက်သရေရှိသော ကောင်းစွာတည်သော ဇလပ်ပန်းကဲ့သို့ လက်ျာရစ်လည်၍ တည်သော ဆံပင်ရှိခြင်းဟု ပြဆိုထား၏။ အပြည့်အစုံ အလိုရှိလျှင် ထိုကျမ်းရင်းများမှ ယူပါကုန်။ ဤ၌ ဤမျှလောက် ထုတ်ပြခြင်းမှာ တုင်္ဂနခနှင့် တုင်္ဂနာသ ၂-မျိုးလုံး ရှိကြောင်း-ဤအရာ၌ အစဉ်အားလျော်စွာ တုင်္ဂနာခ သာလျှင်သင့်ကြောင်း ဆုံးဖြတ်နိုင်ရန် ထုတ်ပြခြင်းဖြစ်သည်။ သာရတ္ထဋီ ၁-၁၂၅-၌လည်း ဤအတိုင်းပင်ရှိ၏။ ဗုဒ္ဓဝံသအဋ္ဌကထာတွင် မြန်မာမူ၌ တမ္ဗနခ တုင်္ဂနာသ ဝဋ္ဋင်္ဂုလိတာဒီဟိ-ဟု ရှိ၍ သီဟိုဠ်မူ၌ တမ္ဗနခတုင်္ဂနခဝဋ္ဋင်္ဂုလိတာဒီဟိ-ဟု ရှိလေသည်၊ ထိုတွင် သီဟိုဠ်မူကိုသာ ယုတ္တတရဟု မှတ်အပ်၏။

## မှတ်ချက်

၁-ဤ၌ ပရမာယု-အသက်တမ်း အရကို အနည်းငယ်ပိုလွန်၍ အသက်ရှည်နိုင်သော ကာလကိုပါ ယူအပ်၏။ ဥပမာ အသက်တရာတမ်း ဟူရာ၌ တရာထက် အနည်းငယ်လွန်၍ နှစ်ရာမရောက်မီ အသက်ရှည်ရာကာလကိုလည်း တရာတမ်းဟု ယူအပ်သကဲ့သို့ပင်တည်း။

## မှတ်ချက်

၁-ဣဋ္ဌဖြစ်သော ဥပေက္ခာသည် သုခ-၌ဝင်၏၊ အနိဋ္ဌဖြစ်သော ဥပေက္ခာသည် ဒုက္ခ-၌ ဝင်၏။ မဟာဋီ ဒု-၃၂၆-၌ ကြည့်ပါ။

## မှတ်ချက်

၁-သက္ကတ၌ ဧကဝုစ်, ဒွိဝုစ် ဗဟုဝုစ်ဟု ဝုစ်သချာသုံးပါး ရှိသည်ကိုရည်၍ ဆိုဟန်တူသည်၊ ပါဠိ၌ကား ဧကဝုစ် ဗဟုဝုစ်ဟု သချာနှစ်ပါးသာ ရှိသည်။

## မှတ်ချက်

၁–ကေသာမှ ဝက္ကံအထိ အနုလုံနှင့် ဝက္ကံမှကေသာအထိ ပဋိလုံ ဤနှစ်ခုလုံးပေါင်း ဝါရသာလျှင် အန္တမဟုတ်လောဟု မေးဖွယ်ရှိ၍ ၎င်းကို ဖြေရှင်းသည်။

## မှတ်ချက်

၂–သံရေးအာရေးရှိသော ဈေ–ဓာတ်ဖြင့် ပြီးသည်။ သီမူ၌ သမ္မဒေဝ ဈာယောတိ သဇ္ဈာယော–ဟု ရှိ၏။ သံပုဗ္ဗ ဈေ–ဓာတ်ဖြင့် ပြီးသည်ဟု ယူအပ်၏၊ ယုတ္တတရ ဖြစ်ပေ၏။

## မှတ်ချက်

၁–ပညတ်နှင့်တကွ ရှုမှသာလျှင် အာရုံထင်သည်၊ ပညတ်နှင့်ကင်း၍ မထင်သေး၊ ထိုကြောင့် ပုဗ္ဗဘာဂ၌ ပညတ်ကို မလွှတ်ရသေးဟု ဆိုလို၏။

## မှတ်ချက်

၁–အောက်၌ ချထားသော လဒ္ဓဗ္ဗဘိက္ခာ–ဟူသော တဗ္ဗပစ္စည်းနှင့် ဗမာမူသာသင့်သည်။ အထက်၌ မူတင်ထားသော လဒ္ဓဘိက္ခာ–ဟူသော တပစ္စည်းနှင့် သီဟိုဠ်မူ၌ကား ၎င်းအိမ်တို့၌ ရပြီးဆွမ်းတို့ကို မဆိုလိုသောကြောင့် မသင့်။ ဆိုလိုသည်မှာ နှစ်အိမ်၌ရမည့်ဆွမ်းကို တအိမ်တည်း၌ပင် ရသည်ကိုသာ ဆိုလို၏။

## မှတ်ချက်

၁–ဤအလိုအားဖြင့် အပ္ပနာ–တပုဒ်, ကောဋ္ဌာသတော–တပုဒ်, ဝါကျ ဖြစ်သည်၊ ကောဋ္ဌာသတော–ပုဒ်ဖြင့်လည်း ကောဋ္ဌာသတော ကောဋ္ဌာသတော–ဟု ဝိစ္ဆာအနက်ယူရမည်ဟု ဆိုလို၏။ ၎င်း အပ္ပနာ ကောဋ္ဌာသတော–ဟူသော ပါဌ်ဖြင့် အပ္ပနာတော–ဟူသော သံဝဏ္ဏေတဗ္ဗ၏ အဓိပ္ပါယတ္ထကိုသာ ဖွင့်သည်၊ သဒ္ဒတ္ထကိုကား ဖွင့်သည်မဟုတ်ဟူ၍လည်း ဆိုလို၏။ ထို့ကြောင့်ပင် ဤဋီကာ၌ အပ္ပနာတောတိ အပ္ပနာကာရတော–ဟု သဒ္ဒတ္ထကို ဖွင့်ပြပေသည်။

## မှတ်ချက်

၁–ပဘင်္ဂု–၏ အဖွင့်ဖြစ်သောကြောင့် အနုဋီကာနှင့်အညီ ဘန္ဇ–ဓာတ်ဖြင့်ပြီးသော ပဘဉ္ဇန–သာယုတ္တတရ ဖြစ်သည်။

## မှတ်ချက်

၁–ဤ၌ တသ္မိံ တသ္မိံ–ဖြင့် သတိ သတိ–ဟူသော ၂–ပုဒ်ကို ဝိစ္ဆာ–ဟု သိစေသည်။ မှန်ပေ၏။ ကတ္တားကံစသော ကာရကနှ၌ ဝိစ္ဆာဖြစ်လျှင် ကြိယာ၌ ဝိစ္ဆာ မလို၊ ကြိယာ၌ ဝိစ္ဆာဖြစ်လျှင်လည်း ကာရက၌ ဝိစ္ဆာမလို။ ထိုကြောင့် ဤဋီကာတွင် အာယတနေ–ဟူသော လက္ခဏာဝန္တကတ္တား၏ ဝိသေသန၌ တသ္မိံ တသ္မိံ–ဟု ဝိစ္ဆာနှင့် ထားလိုက်သဖြင့် လက္ခဏာကြိယာကို သတိ–ဟု တပုဒ်တည်းသာ ထားပေသည်၊ ထိုအဖွင့်အရ "ထိုထိုအကြောင်း ရှိသော်" ဟူသောအနက်ဖြင့် "အကြောင်းရှိတိုင်း ရှိတိုင်း" ဟူသော ဝိစ္ဆာအနက်ကို ရသည်သာလျှင်တည်း။ ပါဠိ၌ကား လက္ခဏာကြိယာကို သတိ သတိ–ဟု ဝိစ္ဆာနှင့်ထားသောကြောင့် လက္ခဏာဝန္တကတ္တားကို အာယတနေ–ဟု တပုဒ်တည်းသာ ထားပေသည်၊ ထိုပါဠိအရ အကြောင်းရှိလတ် ရှိလတ်သော် ဟူသော အနက်ဖြင့်လည်း အကြောင်းရှိတိုင်း ရှိတိုင်း ဟူသောအနက်ကို သိရသည်သာလျှင်တည်း။ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ–ကဲ့သို့ပင်တည်း။ ထိုကြောင့် ပါဠိ၌ အာယတနေ၊ သည်။ သတိ သတိ၊ ရှိလတ် ရှိလတ်သော်၊ ဝါ၊ ရှိတိုင်း ရှိတိုင်း–ဟု ဤသို့ အနက်ပြန်မှ ဤဋီကာနှင့်လည်း ညီ၍ ညီညွတ်သည်ဟု မြဲမြံစွာ မှတ်ယူအပ်၏။

## မှတ်ချက်

၂–သီတဿ ဝိယ သင်္ခါရဒုက္ခဿ ဘာဝေါ (ဖြစ်ရာ) သီတိဘာဝေါ (သင်္ခါရဆင်းရဲ၏ အေးသကဲ့သို့ ဖြစ်ရာနိဗ္ဗာန်) တံ–ဟု ဝစနတ္ထပြု။

## မှတ်ချက်

၃-သီတာနံ ဝိယ ကိလေသဒရထာနံ ဘာဝေါ (ဖြစ်ခြင်း) သီတိဘာဝေါ၊ တံ-ဟု ဝစနတ္ထပြု။

## မှတ်ချက်

၁-အဒ္ဒ-သဒ္ဒါသည် အစိုဟူသော အနက်ကို ဟော၏၊ ထိုကြောင့် အဘိနဝ-သဒ္ဒါဖြင့် လဲလှယ်၍ ဖွင့်သည်၊ ခြောက်နေသော အသီးဟောင်းမဟုတ်၊ လောလောလတ်လတ် အသီးစိမ်းဟု ဆိုလို၏။ သို့ရာတွင် ထိုအဒ္ဒ, အဘိနဝ ဟူသော ဝိသေသန၏ အကျိုးကိုကား ရှာသင့်သေး၏။ ထိုပြင် ဗီဇ-ဟု မဆို၊ ဖလ-ဟု ဆိုသောကြောင့် ပုတီးနက် အသီးကိုသာ ဆိုလိုဟန်ရှိ၏။ အဘယာရာမဆရာတော်၏ အဘိဓာန်နိသျ၌ "အရိဋ္ဌ-ကို ပုတီးနက်ဟု ပေးကြ၏၊ ၎င်းသစ်သီး၏ အစေ့သည် နက်၍ ပုတီးလုပ်သည်ကို စွဲ၍ ပေးသည်"ဟု ဆို၏။ ထိုအလိုအားဖြင့် ပုတီးနက်သီး၏ အစေ့ကို ယူသင့်၏။

## မှတ်ချက်

၁-ဤဥပလက္ခဏာပေါဋ္ဌလကံ-မူရင်းနှင့် ဥပလက္ခဏာပေါဋ္ဌလကံ-မူကွဲပုဒ်တို့သည် ပါဠိအဘိဓာန်ဟူသမျှတို့၌၎င်း သက္ကတ အင်္ဂလိပ် အဘိဓာန်ကြီး၌၎င်း မရှိကုန်၊ ထိုကြောင့် ၎င်းပုဒ်သည် အိန္ဒိယတောင်ပိုင်းသားတို့၏ စကားသော်လည်း ဖြစ်ရာ၏။

## မှတ်ချက်

၁-ခနက-၌ က-သည် ခုဒ္ဒကဟော၊ တနည်း မောဂ် ၄-၄၀-သုတ်ဖြင့် ပဋိဘာဂတ္ထ၌ က-သက်၍ပြီးသည်ဟု မှတ်အပ်၏။

## မှတ်ချက်

၁-ဤ၌ တက္က-သဒ္ဒါ ယောက်ရိုးတံဟောကြောင်းကို "တက္ကဂတန္တိ သုတ္တကန္တနတက္ကမှိ သုတ္တာဝတ္တနကတက္ကမှိ ဝါ ဝေဌနဝသေန ဌိတံ" ဟူသော မ ဋီ ၂-၂၆၄-ဖြင့် သိအပ်၏။

## မှတ်ချက်

၁-ဤဖြင့် ဟေဋ္ဌာနာဘိ၌-သမာသ်တွဲပုံနှင့်၎င်းဖြင့် ရှေ့ပိုင်း အပိုင်းအခြားကို ဆိုလိုကြောင်းပြ၏။

## မှတ်ချက်

၂-ဤ၌ ပစ္ဆိမ-ဖြင့် မူလ၏ အဓိပ္ပါယက္ကကို ပြသည်။ အရင်းပိုင်း ကျောက်ဆူးရိုး ဟူသည်မှာ ချက်နှင့်ညီမျှသော အလယ်ပိုင်းမှ အောက်ဖက်ကျောက်ဆူးရိုးတို့ကို ဆိုလိုသည်ဟု သိစေသည်။

## မှတ်ချက်

၁-အောက်ဖက် အထက်ဖက်မှ စိုစွတ်စေပုံကို ကောဋ္ဌာသတို့၏ တည်နေပုံနှင့် တိုက်ဆိုင်၍ စိစစ်သင့်၏။

## မှတ်ချက်

၁-ယဝနဃဋ္ဋ-ဟုခေါ်သော ရေစစ်အိုးဟူသည်မှာ ယခုကာလ၌ အိုးအံ့ကြီး၍ ပုလင်းပုကြီးသဖွယ် မြေညက်ဖြင့် လုပ်ထားသော ရေစစ်အိုးမျိုးပင်ဟု ယူအပ်၏။ ၎င်းရေစစ်အိုးကို ရေအိုးထဲ၌ချထားလျှင် အတွင်းသို့ ရေစိမ့်၍ဝင်၏။ ထိုစိမ့်ဝင်သော ရေကို သောက်ကြရ၏။ ထိုရေစစ်အိုးကို ရှေးခေတ်က ယဝန-ယောန-ယောနက ဟု ခေါ်သော ယွန်းလူမျိုး-ဂရိလူမျိုး-ပါရှားလူမျိုး-ပသီလူမျိုးတို့ကစ၍ သုံးခဲ့သောကြောင့် ၎င်းကို ယဝနဃဋ္ဋ-ဟု ခေါ်တွင်သည် ဖြစ်ရာ၏။ ၎င်းမှာ ရေထုတ်ရန် အပေါက်ပါရှိသော်လည်း ရေဝင်ရန်ကား အပေါက်မရှိချေ။ ထိုကြောင့် အမုခေ-ဟူသော ပါဌ်ဖြင့် ရေဝင်ရန် အပေါက်မရှိသည်ကိုသာ ပြသည်ဟု ယူအပ်၏။ လုံးဝအပေါက် မရှိလျှင် အသုံးကျဖွယ် မရှိပေ၊ ထိုသို့ ယဝနဃဋ္ဋ-ဟူက ရေဝင်ပေါက်မရှိသည်ချည်း ဖြစ်သောကြောင့် ယဝနဃဋ္ဋေ-ဟု ဆိုလျှင် ပြီးသင့်ပါလျက် အမုခေ-ဟူသော ဝိသေသနကို အဘယ့်ကြောင့် ဆိုပါ

သနည်းဟု မေးဖွယ်ရှိ၍ ယဝနဃဋ္ဋ နာမ–စသည်ကို ဋီကာဆရာ မိန့်ဆိုတော်မူသည်၊ ဆိုလိုသည်မှာ အချို့မကောင်းသော ယဝနဃဋ္ဋ–ခေါ် ရေစစ်အိုးမှာ စိမ့်ဝင်ရန် စူးငယ်ဖျားခန့် အပေါက်ပါသည်လည်း ရှိရာသေး၏၊ ယခု ဥပမာပြသော ဤရေစစ် အိုး၌ကား စူးငယ်ဖျားမျှ အလွန်သေးငယ်သော ရေဝင်ပေါက်သော်လည်း မရှိဟု သိစေရန် အမုခေ–ဟူသော ဝိသေသနပါ ထည့်၍ပြသည်ဟု ဆိုလို၏။

## မှတ်ချက်

၁–သုတ္တန်နည်း အဘိဓမ္မာနည်းဟု ပြလိုသောအရာ မဟုတ်သောကြောင့် ဤပါဌ်မသင့်။ ရှေးမနသိကာရ–ကောသလ္လ ဆယ်ပါးကိုပြရာ (ဝိသုဒ္ဓိမဂ် ၁–၂၃၈)၌ သုတ္တန်သုံးပါးကို ပြခဲ့သောကြောင့် သုတ္တန္တတ္တယေန–ဟု ရှိမှ သင့်မည်။ သုတ္တန္တတ္တ ယေန၊ အဓိစိတ္တစသော သုတ္တန်သုံးပါး အပေါင်းဖြင့်–ဟုအနက်ပေး။

## မှတ်ချက်

၂–ဤပါဌ်လည်း မသင့်၊ ထိုမနသိကာရကောသလ္လ သုတ္တန်သုံးပါးအရာ၌ ဆိုခဲ့သော "ဝီရိယသမာဓိယောဇနတ္ထံ" ဟူသော ပါဌ်နှင့်အညီ ဝီရိယသမထယောဇနံ–ဟုရှိမှသင့်မည်။ ဝီရိယသမထယောဇနံ၊ ဝီရိယနှင့် သမာဓိကို ယှဉ်စေခြင်းကို။

## မှတ်ချက်

၁–ဤ၌လည်း ဝိသုဒ္ဓိမဂ် ၁–၁၂၅–တွင် ဒသဝိဓအပ္ပနာကောသလ္လအရာ၌ ပြခဲ့သော ဣန္ဒြိယသမတ္တပဋိပါဒနံ– ဟူသော ပါဌ်နှင့်အညီ လဒ္ဓသမတ္တာနိ–ရှိမှ သင့်မည်။ လဒ္ဓသမတ္တာနိ၊ ရအပ်သော ညီမျှသည်၏ အဖြစ်ရှိကုန်သည်–ဟုပေး)

## မှတ်ချက်

၁–ဤ၌လည်း ဝိသုဒ္ဓိမဂ် ၁–၁၈၉–၌ တဒဿ ယာထာဝသရသံ အသုဘလက္ခဏံ အသဥ္ဇာနန္တာ ပုရိသာ ဣတ္ထီသု, ဣတ္ထိယော စ ပုရိသေသု ရတိံ ကရောန္တိ–ဟူသည်နှင့်အညီ အဘိရတိယာ–ဟူ၍သော်ဋ္ဌင်း အရတိရတိယာ–ဟူ၍သော်ဋ္ဌင်း ရှိမှ သင့်ပေမည်။

## မှတ်ချက်

၁–သာရတ္ထ ဋီ ၂–၁၈၂–၌လည်း နည်းတူပင် ဖွင့်ပြထား၏။ ထိုစာအုပ်၌ ပါဌ်နေ ပါဌ်ထား ဤဋီကာစာအုပ်ထက် သန့်ရှင်း၏၊ သို့သော် ဘာဝိတော–ပုဒ်ကို ဤဋီကာတို့၌ ဖွင့်ပြပုံသည် ဆန်းကြယ်လှ၏၊ အမှန်အားဖြင့်မူကား ဘူ+ဏော+တ ပစ္စည်း+ဣ–အာဂုံတို့ဖြင့် ပြီးသော ဘာဝိတော–ပုဒ်သည် ဖြစ်စေအပ်သည် ဟူသောအနက်ကို ဟောသောကြောင့် ရှေးဦးစွာ ဖြစ်စေအပ်သည်ကို ဥပ္ပါဒိတော–ဟုဆိုသည်၊ ထပ်ကာထပ်ကာ ဖြစ်စေအပ်သည်ကို ဝဍ္ဍိတော–ဟု ဆိုသည်ဟူ၍ ဤမျှသာလျှင် အဋ္ဌကထာဆရာ၏ အလိုဖြစ်ရာ၏။ ထိုကြောင့် ဘာဝံ ဣတော–စသည်ဖြင့် အထူးကြံခြင်းသည် အကျိုးမများသည်သာ တည်း။

## မှတ်ချက်

၁–ဤပုဒ်သည် အာနာပါနဿတိယံ–ဟူသော ဝိသုဒ္ဓိမဂ်မှ ပုဒ်တစိတ်ဖြစ်သည်။ သာရတ္ထ ဋီ ၂–၁၈၂–၌ကား အာနာ ပါနဿတိယန္တိ–ဟု အပြည့်အစုံပင် ထုတ်ပြထားပေ၏။

## မှတ်ချက်

၁–ဒမိယိတ္တာတိ ဒမထော–ဟု ကမ္မသာဓနေ ပြု၍ ဘာဝပ္ပဓာန–ဟု ယူအပ်၏။

## မှတ်ချက်

၂–သီမူနှင့်အညီပင်တည်း၊ သာရတ္ထဋီ၌လည်း ဤအတိုင်းပင်ရှိ၏၊ ဒီ ဋီ ၂–၃၀၀၊ မ ဋီ ၁–၃၄၈ တို့၌မူ ကမ္မဋ္ဌာနဿ သလ္လက္ခဏာဝသေန ပဝတ္တာယ–ဟု ဝါကျအဖြစ်ဖြင့် ၃–ပုဒ်ခွဲလျက်ပင် ရှင်းလင်းစွာရှိ၏။

## မှတ်ချက်

၁-ဓေကာ-ကား မသင့်၊ သီမူ၌ ကောဓိ-ဟု ရှိ၏၊ ၎င်းလည်းသင့်၏၊ မောဂ် ၄-၅၅-သုတ်ကြည့်။

## မှတ်ချက်

၁-ဤအရာတွင် ပဋိသမ္ဘိဒါမဂ်၌ ၁-၁၀၆-၇-၌ ဒီဃံ အဿာသဝသေနာတိ မာတိကာယ ဒီဃန္တိ ဝုတ္တအဿာသဝသေန။ ဇဝံ သေသေသု။ ဧကဂ္ဂတန္တိ ဧကဂ္ဂဘာဝံ။ အဝိက္ခေပန္တိ အဝိက္ခိပနံ။ ဧကဂ္ဂတာ ဧဝ ဟိ နာနာရမ္မဏေသု စိတ္တဿ အဝိက္ခိပနတော အဝိက္ခေပေါတိ ဝုစ္စတိ။ ပဇာနတောတိ အသမ္မောဟဝသေန ပဇာနန္တဿ၊ ဝိဒိတာ သတီတိ ဝါ အတ္ထော။ပ။ တာယ သတိယာတိ တာယဥပဋ္ဌိတာယ သတိယာ။ တေန ဉာဏေနာတိ တေန အဝိက္ခေပဇာနနဉာဏေန-ဟု ဖွင့်ထား၏။ ထိုအဖွင့်က သာ၍ ရှင်းလင်းပြတ်သားပေသည်။

## မှတ်ချက်

၂-ဤအရာ၌လည်း ပဋိသံ ၌ အလိုအားဖြင့် "ပဋိနိဿဂ္ဂါနုပဿီတိ ဝုတ္တအဿာသဝသေန" ဟူသော အနက်အဖွင့်ကို မှတ်ယူအပ်၏။ ထိုအနက်အဖွင့်က သာ၍ရှင်းပေသည်။

## မှတ်ချက်

၁-ဤသုတ္တန်နည်းသည် အားထုတ်သောအခါ၌ ဖြစ်စဉ်နှင့်လည်း ညီညွတ်သောကြောင့် ဤဋီကာနိဿယ၌ ၎င်းသုတ္တန် နည်းအရအားဖြင့် အဿာသ-ဝင်သက်၊ ပဿာသ-ထွက်သက် စသည်ဖြင့် ပြန်သည်။

## မှတ်ချက်

၁-သီဟိုဠ်မူ၌ မနသေသူတိ အနဿသရီရေသု သမာနပ္ပမာဏေသုပိ-ဟု ရှိ၏၊ ဤဋီကာ ပါဌ်အလိုအားဖြင့် မနသေသု-ကို မနဿသရီရေသု-ဟု ဖွင့်သည်ဟူ၍၎င်း, ထိုအဖွင့်ဖြင့် သရီရ-ပုဒ်ကျေသည်ဟု ပြသည်ဟူ၍၎င်း, သမာနပ္ပ မာဏေသုပိ-ကို ပါဌသေသအဖြစ်ဖြင့် ထည့်စွက်ပြသည်ဟူ၍၎င်း ယူအပ်၏။ မနသေသု သရီရေသု သမာနပ္ပမာဏေသုပိ-ဟူ၍သော်လည်း မူလပါဌ်မှန်ဖြစ်ရာ၏။ မနသေသု၊ လူတို့တွင်။ သရီရေသု၊ တို့သည်။ သမာနပ္ပမာဏေသုပိ၊ တူညီသော ပမာဏရှိကုန်သော်လည်း-ဟု အနက်ပေးရာ၏။ ဤသို့ ဝုတ္တိနည်းဖြင့် ပါဌသေသထည့်စွက် ဖွင့်ထားခဲ့ရာတွင် နောက်ကာလ၌ ဥလ္လိင်္ဂသံဝဏ္ဏနာဟု ထင်မှတ်၍ မနသေသူတိ-ဟု ဣတိ-ထည့်၍၎င်း သရီရေသု-အရာ၌ မနဿသရီရေသု-ဟူ၍၎င်း ပြင်မိ ဟန်ရှိ၏။

## မှတ်ချက်

၁-ဟတ္ထိ စသော သတ္တဝါတို့ကိုပါ ရည်၍ တေသံ-အရ သတ္တာနံ-ဟု ဖွင့်သည်။ ဟတ္ထိ စသည်တို့အရာ၌ ဒီဃာတိ ဝုစ္စန္တိ-စသည်ဖြင့် ဆိုခဲ့ပြီးဖြစ်သောကြောင့် ၎င်းတို့ကို မယူသင့်ပြီ၊ ထိုကြောင့် ဤအရာ၌ မနဿာနံ-သာသင့်သည်၊ ဆင်ခြင် ရန်။

## မှတ်ချက်

၁-သာရတ္ထ ဋီ ၂-၁၉၂-၌ အသမ္မုယှနဉာဏေနေဝ-ဟု ရှိ၏။ ထိုအလိုအားဖြင့် ပါကဋီကရဏံ၊ ခြင်းဟူသော။ ဝိဘာဝနံ၊ ထင်ရှားစေခြင်းသည်။ တတ္ထ၊ တို့၌။ အသမ္မုယှနဉာဏေနေဝ၊ မတွေမဝေ သိသောဉာဏ်ဖြင့်သာလျှင်-ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁-ဤကား ပြည်ဆရာတော်၏ ဝိသုဒ္ဓိမဂ်နိဿယ၌ ဘာသာပြန်၍ မှာထားသော စကားအရတည်း။ ဤ၌ ကာရိုက်နှင့်တကွဖြစ်သော အနုပ္ပါဒန်-အရ "မဖြစ်ခြင်း" ဟူသော ကာရိုက်မဲ့အနက်သည် မသင့်သကဲ့သို့ရှိ၏၊ ထိုကြောင့် အသတိ-

အရာ၌ သတိ–ဟူ၍သာပါဌ် ရှိစေ၍ “တထာပယောဂေ၊ သည်။ သတိ၊ သော်။ ဥပ္ပန္နနာရဟာဿ၊ သော။ ဩဠာရိကဿသော။ ကာယသင်္ခါရဿ၊ ကို။ ပယောဂသမ္ပတ္တိယာ၊ ဖြင့်။ အနုပ္ပါဒနံ၊ မဖြစ်စေခြင်းတည်း။”ဟု ဤသို့အနက်ပေးမှ သင့်မည်။

## မှတ်ချက်

၁–အပိုင်းအခြားဖြင့် ပိုင်ပိုင်နိုင်နိုင် သင်ယူခြင်းသည် အားထုတ်နည်းကို ကောင်းကောင်း နားလည်စေသောကြောင့် အားထုတ်သော ယောဂီကို ဘာဝနာ၏ အပြီးအဆုံး စျာန်မဂ်ဖိုလ်တို့သို့ ချောမောစွာရောက်စေနိုင်၏၊ ထိုကြောင့် ဆရာအား နောက်ထပ်မေးခြင်း စသည်ဖြင့် အနှောင့်အယှက် မဖြစ်စေ၊ ထိုကြောင့် တရားနှင့်စပ်၍ ညှင်းဆဲခြင်း မဖြစ်ဟု ဆိုလို၏။

## မှတ်ချက်

၁–ပါဌ်ရှိရင်းအတိုင်း သင့်လျော်အောင် ကြံ၍ပေးသော အနက်မျှသာဖြစ်သည်။ သီမူ အလိုအားဖြင့် ပလိဃံသပရိဝတ္တနံ၊ တံခါးကျည်၏ အဖျားပိုင်းအဖို့၏ လျှိုရာ လှည့်ရာဖြစ်သော ကွင်းမည်သည်။ (အတ္ထိ၊ ၏။) တံ၊ ကို–ဟု အနက်ပေးရာ၏။ မကောင်းလှ။ သာရတ္ထဋီ ၂–၂၁၁–၌ ပလိဃာယ ပရိဝတ္တနကံ–ဟုရှိ၏၊ ပလိဃာယ၊ တံခါးကျည်အလို့ငှါ။ ပရိဝတ္တနကံ၊ လျှိုရာလည်ရာဆုံ ကွင်းကို–ဟု ပေးရာ၏၊ အနည်းငယ်သင့်သကဲ့သို့ ရှိ၏။ အကောင်းဆုံးမှာမူ ပလိဃဿ ပဝေသနကံ–ဟု ရှိသင့်၏၊ တံခါးကျည်၏ လျှိုရာ သွင်းစရာ ကွင်း–အပေါက်ကို–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၂–ဤဋီကာပါဌ်ကို ထောက်သောအားဖြင့် ဝိသုဒ္ဓိမဂ်၌ ပဥ္စဝါရ, ဆဝါရတို့လည်း ဇကံ ဒွေ တီဏိ စတ္တာရိ ပဉ္စ၊ ဇကံ ဒွေ တီဏိ စတ္တာရိ ပဉ္စ ဆ–ဟု မရောယှက်ပဲ အသီးအသီး အပြည့်အစုံပင် ရှိသည်ဟု မှတ်အပ်၏။

## မှတ်ချက်

၁–ဌပနာသည် အနုဗန္ဓနာနှင့်သာ ဆိုင်၏၊ ဖုသနာနှင့်ကား မဆိုင်ပေ။ ထိုကြောင့် ၎င်းဌပနာသည် ဖုသနာနှင့် ကင်း၍ ဖြစ်သကဲ့သို့ ဖုသနာနှင့်ကင်း၍ ဂဏနာဖြင့်ရှုခြင်းသည်လည်း မရှိသည်ပင်မဟုတ်ပါလောဟု စောဒနာဖွယ်ရှိ၍ ထိုကို “ဖုသနာယ ဝိနာ ဌပနာယ” စသည်ဖြင့် ထုတ်ပြ၍ ယဒိပိ–စသည်ဖြင့် ဖြေသည်။ ထိုသို့ဖြေရာ၌ စောဒနာအပ်သော ဂဏနာကို ဥပမာအဖြစ်ဖြင့် ပြပြီးလျှင် ဆက်၍စောဒနာဖွယ်ရှိသော အနုဗန္ဓနာကို ဥပမေယျအဖြစ်ဖြင့် ထုတ်ပြလျက် ဖြေရှင်းသည်၊ ၎င်းကို တချက်ခုတ် နှစ်ချက်ပြတ်ဆိုသကဲ့သို့ ဖြေရှင်းခြင်းဟု မှတ်အပ်၏။

## မှတ်ချက်

၁–ဤပုဒ်သည် ဋီကာ၌ တိုက်ရိုက်ပင် ရှိသင့်၏၊ သို့မဟုတ် ဖုသနာယ စ–၏ နောက်တွင် အနုဗန္ဓနာယ စ–ဟု တဖန်ရှိသင့်၏။ ဤသို့ တမျိုးမျိုးရှိပါမှ ယောဇနာဟု ပြသော ဤအဖွင့်သည် သံဝဏ္ဏေတဗ္ဗမှ ထူးခြားခြင်း အကျိုးရှိပေမည်။ ထိုတွင် အနုဗန္ဓနာယ စ–ဟု တဖန်ရှိသင့်ကြောင်းမှာ ဝိမတိ ၁–၂၁၆–၌ “အပ္ပနာယ ပန ဥပ္ပန္နာယ အနုဗန္ဓနာယ, ဌပနာယ စ မနသိကရောတိ နာမာတိ ဒီပိတံ ဟောတိ”ဟု မိန့်ဆိုသော စကားပင်ဖြစ်သည်။ သို့သော် ဤဋီကာ ၃၃၆–၌ ပဋိဘာဂ နိမိတ် ထင်ပေါ်သည်မှစ၍ ရှုပုံ၌ “အနုဗန္ဓနံ ဖုသနဉ္စ ဝိဿဇ္ဇေတွာ ဌပနာဝသေန ဘာဝနာ ဟောတီတိ ဌပနာဝသေနေဝ ဘာဝေတဗ္ဗန္တိ အတ္တော”ဟု မိန့်ဆိုချက်ကို ထောက်လျှင် မနသိ ကရောတီတိ–ပုဒ် တိုက်ရိုက်ရှိသင့်သည်ဟု ဆိုသော ပဌမနည်းသည်သာလျှင် ဋီကာဆရာ၏အလိုနှင့် ညီညွတ်ရာ၏။

## မှတ်ချက်

၁–ဤ ပေခေါလော–ဟူသော ပါဠိမှ ပခက်ဟူသော မြန်မာဝေါဟာရ ဖြစ်လာသည်ဟူ၏။

## မှတ်ချက်

၂–ဌတွာ–၌ တည်ပုံကို ပြခဲ့သည့်အတိုင်းပင် ဤနိသိဒနအရာ၌လည်း နေပုံကို ပြဆိုရမည်ဟု ဆိုလို၏။

## မှတ်ချက်

၁–တောသဥ္စိ အဝိဒိတတ္တေ–ဟူသော လက္ခဏပရိကပ္ပ စကားကို ထောက်၍ ဤသို့အနက်ပြန်ရသည်၊ အဝိဒိတ ဖြစ်လျှင် စိတ္တအဝိက္ခေပ–စသည် မပြီးစီးနိုင်ရာ၊ ထိုအဝိက္ခေပစသည် ပြီးစီးသောကြောင့် ဝိဒိတသာ ဖြစ်ကုန်သည်၊ ထို့ကြောင့် အဖြေဂါထာ၌ ဇာနတော–ဟု ဆိုသည်ဟူ၍ ဆိုလို၏။ နောက်ပုဒ်တို့၌ အနက်ပြန်ပုံကိုလည်း နည်းတူပင် သိအပ်၏။ သို့သော် ဤအဖွင့်အနက်များသည် ပဋိသမ္ဘိဒါမဂ်ပါဠိနှင့် ညီမညီကိုကား ဆင်ခြင်စဉ်းစားအပ်သေး၏။

## မှတ်ချက်

၂–ဤအနက်၌ ကထံ ပညာယတိ–မှစ၍ ကထေတုကမျတာ ပုစ္ဆာမဟုတ်ပဲ ဗျတိရေကဒဋ္ဌိ ပဋိသေဓ အနက်ချည်း ဖြစ်ကုန်၏၊ သို့သော် အဝိဒိတတ္တေ–ဟူသော ပရိကပ္ပကိုငဲ့၍ ဋီကာဆရာ၏ အာဘော်ကျအောင် ဤသို့ ပြန်လိုက်ရပေသည်။

## မှတ်ချက်

၁–အာသံ–ဟု ရှိသော သီမူအရ အာသံ၊ ခံတွင်းကို–ဟု အနက်ပေး၊ မှန်ပေ၏၊ အမရကောသ၌ ခံတွင်းဟော အာသျံ–ပုဒ်ရှိ၏၊ ၎င်းကို ပါဠိပြန်လျှင် အာသံ–ဟု ဖြစ်၏။ ထို့ကြောင့် ဤ၌ မုခံ–အရ မျက်နှာမဟုတ်၊ ခံတွင်းဟု သိစေရန် အာသံ–ဟု ထပ်ဆင့်၍ ဖွင့်ပြသည်ဟူ၍ မှတ်ရာ၏။

## မှတ်ချက်

၁–ဝိဂတော အန္တော ဧတေသန္တိ ဗျန္တာ–ဟု ပြီးရာတွင် ဘူ–နှင့်အလားတူ ဟူ–ဓာတ်၏ ယှဉ်ရာ၌ ဝီ–ပစ္စည်းသက်၍ ဗျန္တီ–ဟု ပြီးသည်။

## မှတ်ချက်

၂–ပဌမအနက်လို အဘ္ဘော ဧဝ ဥပက္ကိလေသော–ဟု ကမ္မဓာရည်းတွဲ၊ ဒုတိယ အနက်အလို အဘ္ဘော စ ဥပက္ကိလေသာ စ–ဟု ဒွန်တွဲ။ သာရတ္ထဋီကာအလိုအားဖြင့်မူ အဗ္ဘာမုတ္တော–ကို သမာသ်ပုဒ် ဟူ၍၎င်း, အာဒိ–ကျေနေသည် ဟူ၍၎င်း အဗ္ဘာ မုတ္တော၊ တိမ်တိုက် စသော ညစ်ညူးကြောင်းတို့မှ လွတ်သော–ဟု အနက်ပေးရာ၏။ ထို့ကြောင့် ၎င်း သာရတ္ထဋီ ၂-၂၁၆–၌ ယထာ ကိံ အဗ္ဘာမုတ္တောဝ စန္ဒိမာ၊ အဗ္ဘာဒိဥပက္ကိလေသဝိမုတ္တော စန္ဒိမာ တာရကရာဇာ ဝိယာတိ။ “အဗ္ဘာမုတ္တောဝ စန္ဒိမာ”တိ ဟိ ပဒဿ နိဒ္ဒေသေ မဟိကာဒီနမ္ပိ ဝုတ္တတ္တာ ဧတ္ထ အာဒိသဒ္ဒလောပေါ ကတောတိ ဝေဒိတဗ္ဗာ–ဟု မိန့်ဆိုထားလေသည်။ ၎င်းကို ထောက်သောအားဖြင့် ဤမဟာဋီကာ၌လည်း အဗ္ဘုပက္ကိလေသဝိမုတ္တော–အရာတွင် အဗ္ဘာဒိဥပက္ကိလေသဝိမုတ္တော–ဟု ရှိသင့်၏။

## မှတ်ချက်

၁–သီဟိုဠ်မူ၌၎င်း မြန်မာမူသစ်၌၎င်း အပ္ပနာဝိတက္ကာဒိ–စသည်ဖြင့် ပါဌ်ရှိ၏၊ ထိုပါဌ်အရ အပ္ပနာမည်သော ဝိတက် အစရှိသော ကြွင်းသော စျာနင်တို့ဖြင့် တန်းဆာဆင်အပ်သည်–ဟု အနက်ပြန်ရာ၏။ သို့ရာတွင် ထိုအပ္ပနာပုဒ်ပါသည့်အတွက် အကျိုးထူးမရှိသည့်ပြင် အပ္ပနာသင်္ခါတာ ဥာပနာ–ဟူသော ဝိသေသျပုဒ်နှင့် ဆံရမည်ဖြစ်သောကြောင့် အနက်အဓိပ္ပါယ်ရှုပ်၏၊ ရှေးဟောင်းမြန်မာမူတို့၌၎င်း သာရတ္ထဋီကာ၌၎င်း ထိုအပ္ပနာ–ပုဒ်မရှိပေ၊ ထိုအပ္ပနာ–ပုဒ် မရှိသော ပါဌ်သည်သာလျှင် ယုတ္တ တရဖြစ်ပေသည်။

## မှတ်ချက်

၂–ဝိစာရာဒိအဝသေသစျာနင်္ဂပဋိမဏ္ဍိတာ၊ ဝိစာရ အစရှိသော ကြွင်းသော စျာနင်တို့ဖြင့် တန်းဆာဆင်အပ်သော–ဟု ဖွင့်ဆိုသင့်သည်ဟု ဆိုလို၏။

## မှတ်ချက်

၁-ပရိယေသတော-အရာတွင် သျှာမူ၌၎င်း, မြန်မာမူဟောင်းတို့၌၎င်း ပရိသေသတောဟု ရှိသောပါဌ်သင့်၏။ သို့သော် သာရတ္ထဋီကာ၌ ရှိသော ပါရိသေသတော-ပါဌ်က သာ၍ ကောင်းသည်။

## မှတ်ချက်

၁-ဝိသုဒ္ဓိမဂ်၌ နိမိတ္တေ ဌပေတဗ္ဗံ-ဟု ရှိသောကြောင့် နိမိတ္တေ-အရကို တတ္ထ-ဟု ပြပြီးလျှင် သတိယာ သုခပ္ပဝတ္တာနတ္ထံ ထိရတရသဥ္စာနနံ-ပုဒ်တို့ကို ဖြည့်စွက်၍ ဌပေတဗ္ဗံ-ကို ပဝတ္တေတဗ္ဗံ-ဟု ဖွင့်ခဲ့သည်သော်လည်း ဖြစ်ရာ၏။

## မှတ်ချက်

၁-ပဌမအဖွင့်အလို အဿာသပဿာသေ၊ ၌။ နာနာကာရံ၊ ကို။ ဝိဘာဝယံ၊ ကွယ်စေလျက်။ ဟု ယောဇနာ။ ဒုတိယအဖွင့်အလို အဿာသပဿာသေ၊ သတိ့မှဖြစ်သော။ နိမိတ္တေ၊ ပဋိဘာဂနိမိတ်၌။ ဟု ယောဇနာ။

## မှတ်ချက်

၁-ပီတိပဋိသံဝေဒီ-စသော သုံးပုဒ်ဖြင့် ဝေဒနာနုပဿနာ၏ဖြစ်ရာ အာရုံဟူသော ဘုံကို ဝေဘန်ခွဲခြားသော အားဖြင့်၎င်း, ပဿမ္ဘယံ စိတ္တသင်္ခါရံ-ပုဒ်ဖြင့် ဝိဘာဂါဒိ-၌ အာဒိ-အရ ချုပ်ငြိမ်းစေခြင်းအားဖြင့်၎င်း ဤသို့ ၄-ပါးခွဲ၍ပြပုံကို သိအပ်၏။

## မှတ်ချက်

၁-သီမူနှင့်အညီပင်တည်း၊ မြန်မာမူ၌ ဒယော-ပိုသည်။ ဤအရာ၌ သညာနှင့်ဝေဒနာမှ တပါးသော စေတသိက်တို့ကို မဆိုလိုပေ၊ ထို့ကြောင့်ပင် ဥပလက္ခဏမတ္တံ သညာ-စသည်ဖြင့် ဆိုလတ့်။

## မှတ်ချက်

၁-အပ္ပနာကောသလ္လဆယ်ပါးအရာတွင် ဣန္ဒြိယသမတ္တပဋိပါဒန-ဟူရာ၌ "ပဋိပါဒန၊ ပြီးစေသည်"ဟု အနက်ပြန်ရိုးရှိသောကြောင့် ဤ၌ " ပဋိပတ္တိ"ကို ပြီးစီးခြင်းဟု အနက်ပြန်သည်။

## မှတ်ချက်

၁-ဤပုဒ်လည်း သီမူနှင့်အညီပင်။ ရင့်ကျက်ခြင်း-ဇရာအနက်ကိုဟောသော ပါက-ဟူသော ဘာဝသာဓနပုဒ်ကို ဘာဝ-ပုဒ်နှင့် သမာသ်တွဲလျက် ပါကဘာဝ-ဟု ရှိသော ပါဌ်သည် ဌီဟူသော ဇရာကို မဟောနိုင်သောကြောင့်၎င်း, ဤအရာ၌ သင့်လျော်သော အခြားအနက်ကိုလည်း မရနိုင်သောကြောင့်၎င့် မသင့်။ သာရတ္ထ ၂-၂၄၆-၌ ရှိသော ပါကဋ္ဌဘာဝ-ဟူသော ပါဌ်လည်း ဋီကာဆရာ၏ ရည်ရွယ်ချက်ကို မပြနိုင်သောကြောင့် မကောင်းလှသေး။ ပါဂဘာဝ-ဟူသော သီမူသာလျှင် ယုတ္တတရဖြစ်ပေသည်။ ထိုပုဒ်ပြီးပုံမှာ ပဂေဝ-ပုဒ်ကဲ့သို့ ပါ+အဘာဝ-ဟု ပုဒ်ဖြတ်၊ ဂ-အက္ခရာလာ၍ ပြီးသည်။ ဆိုလိုသည်မှာ အဘာဝ-မရှိခြင်းသည် ဥပါဒ်သို့ မရောက်သေးမီ မဖြစ်သေးမီက ရုပ်နာမ်တို့၏ မရှိသေးခြင်း ဟူသော ပါဂဘာဝက တမျိုး, ဘင်သို့ရောက်လျက် ကွယ်ပျောက်သွားသဖြင့် ဖြစ်ပြီးရုပ်နာမ်တို့၏ မရှိခြင်း ဟူသော ဝိနာသာဘာဝက တမျိုးဟူ၍ ပရမတ်တရားတို့၏ မရှိခြင်းနှစ်မျိုးရှိရာတွင် ဟုတွာ အဘာဝေါ-ဟူသော ပါဌ်၌ အဘာဝေါ-ဟူသောပုဒ်ဖြင့် ဝိဒ္ဓံသာဘာဝ-ဟုခေါ်သော ဝိနာသအဘာဝကို ပြ၏။ ဟုတွာ-ဖြစ်ပြီး၍-ဟုဆိုသဖြင့် မဖြစ်မီက ရုပ်နာမ် အထည်ကိုယ် မရှိသေးခြင်းဟူသော အဘာဝအဖို့မှ ဖြစ်ပေါ်လာသည်ဟု သိရသောကြောင့်, ၎င်းပုဒ်ဖြင့် "ဖြစ်ပေါ်ပြီးနောက် ပျက်ခြင်းဟူသော ဝိနာသ အဘာဝသည် မဖြစ်မီရှေးအဖို့က မရှိသေးခြင်းဟူသော ပါ-အဘာဝလျှင် ရှေးရှိသည်၏အဖြစ်ကို ပြသည်"ဟု ဆိုလို၏။ ဤပါဂဘာဝ ပုဗ္ဗကတ္တံ ဟူသော ပါဌ်အနက်သည် မရှိသေးသော အဘာဝအဖို့မှ ဖြစ်ပေါ်လာပြီးလျှင် ပျက်၍မရှိခြင်း အဘာဝသို့ပင်ပြန်ရောက်သွားသည်ဟူသော အနက်ကို ပြသောကြောင့် အနိစ္စလက္ခဏာကို အလွန်ပင်ထင်ပေါ်စေနိုင်ပေ၏။ ထို့ကြောင့် ပါကဋ္ဌဘာဝပါကဘာဝတို့ထက် ယုတ္တတရဖြစ်သည်ဟု မှတ်အပ်၏။ မဟာဋီ ၂ ၄၃၈, ကြောင်းရေ ၇-၁၁-၁၅ တို့၌ ပါကဘာဝ-ဟု ရှိရာတို့တွင်လည်း ပါဂဘာဝ-ဟု ရှိသော သီဟိုဠ်မူသာ အသင့်ဟု မှတ်။ ထို့ပြင် ဤဋီကာဒုတိယတွဲ ၄၃၈-၌

ဝိဒ္ဓံသဘာဝတော–ဟူ၍၎င်း ဝိဒ္ဓံသဘာဝတ္တာ–ဟူ၍၎င်း ဝိဒ္ဓံသဘာဝေါ–ဟူ၍၎င်း ပါဌ်ရှိသောကြောင့် ဤအရာ၌ ဝိနာသ ဘာဝသ–ဟု အာဒီဃနှင့် သန္ဓိစပ် ပုဒ်ကိုသာ ပါဌ်မှန်ဟု မှတ်အပ်၏။

## မှတ်ချက်

၁–ဒုက္ခသညာနှင့် ဒုက္ခာနုပဿနာတို့သည် အရတူပင်ဖြစ်သော်လည်း အနိစ္စာနုပဿနာ တာဝ–ဟု အစချီခဲ့သည်နှင့် အညီ ဒုက္ခသညာဒယော–ဟူရာ၌ ဒုက္ခာနုပဿနာဒယော–ဟု ရှိမှ ရှေးနောက်ညီမည်။

## မှတ်ချက်

၁–တတ္ထ ကာရဏာမာဟ–စသည်ဖြင့် ဆိုလတံ့ဖြစ်သောကြောင့် ပါကဋ္ဌာ ဟောန္တိ–ကား စာကိုယ်၌ပင် ရှိသင့်သည်ဟု ယူ၍ ဝါ–ပေါက်လျက် နောက်အနက်ကို ဖော်သည်။

## မှတ်ချက်

၁–နိမ္မဒါ နိမ္မဒဘာဝါ ကရီယန္တိ–ဟူသောအနက်၌ နိမ္မဒိ–ဟူသော နာမဓာတ်နောင် ကံဟောဝိဘတ်နှင့် ယ–ပစ္စည်း ဤ–အာဂုံတို့ဖြင့် ပြီးစေအပ်၏။

## မှတ်ချက်

၂–ဤအနက်ကား ဆိုလတံ့သော ကတ္တုဝါစက အဖွင့်နှင့် တိုက်ရိုက်ညီစေရန် ကြံ၍ ပြန်အပ်သော အနက်ဖြစ်သည်။ သို့သော် သဒ္ဒါကျမ်းတို့၌ကား ပုဒ်ပြီးပုံကို ပြဆိုခြင်းမရှိပေ။ ထိုကြောင့် နိမ္မဒယန္တိ–မှ အ–ကို ဤ–ပြု၍ နိမ္မဒီယန္တိ–ပြီးသည်ဟု ကြံအပ်၏။

## မှတ်ချက်

၁–နိ–မပါပဲ လယနီယတော–ဟူသော သီမူလည်း သင့်၏၊ လနှင့် ဣ–ယှဉ်လျက် နိလိယနီယတော–ဟူသော ပါဌ်ကား မသင့်။

## မှတ်ချက်

၁–သီဟိုဠ်မူ၌ တေနေဝ–နောင် စ–သဒ္ဒါမရှိ၊ ထို စ–သဒ္ဒါဖြင့်လည်း ယူရန်အနက်မရှိ၊ အကယ်၍ ထို စ–သဒ္ဒါကို အနက်ပေးလိုလျှင် ပက္ခန္တရ အနက်ပေးရာ၏။

## မှတ်ချက်

၁–ဩဓိသကံ–ပုဒ်၏အနက်မှာ သင့်လျော်ရုံပြန်အပ်သော အနက်ဖြစ်သည်၊ သဒ္ဒါနည်းဖြင့် ကြံရန်ခက်သည်၊ သီမူ၌ ဩဓိသကံ–ဟုရှိ၏၊ ထိုပုဒ်ပြီးပုံလည်း မလွယ်။ ဩဒိဿကံ–ဟူ၍သော်လည်း ရှိသင့်၏။ ဥဒ္ဒိသီယတေ ဥဒ္ဒိသနံ ဥဒ္ဒိသံ၊ ဘောအနက်၌ ဏျပစ္စည်းဖြင့်ပြီးစေအပ်၏၊ ရည်ညွှန်းခြင်း–ရည်စူးခြင်း–ဟု အနက်ပြန်။ ဥဒ္ဒိသံ ဧတဿတ္ထီတိ ဥဒ္ဒိဿကံ သီးသန့်ရည်ညွှန်းခြင်း–ရည်စူးခြင်းရှိလျက်–ဟု အနက်ပေးရာ၏။ ဤထက်ကောင်းသော ပုဒ်ပြီးပုံနှင့် အနက်ကိုလည်း ကြံသင့်သေး၏။

## မှတ်ချက်

၁–သုခါနိ ဧဝ အနုဗန္ဓာနိ သုခါနုဗန္ဓာနိ၊ နာနာဝိဓာနိ သုခါနုဗန္ဓာနိ နာနာဝိဓသုခါနုဗန္ဓာနိ၊ တာနိ ဧတဿတ္ထီတိ နာနာဝိဓသုခါနုဗန္ဓိ–ဟု ဝစနတ္ထပြု။ ဤဋီကာ နှာ ၅၁ ကြောင်း ၁၀–ကို မှီသည်၊ ယံ–ဟူသော နပုံလိင်ပုဒ်၏ ဝိသေသနဖြစ်၍ ဤ–ကို ဣ–ရဿပြု၍ ပြီးသည်၊ ၎င်းသည် သီမူနှင့်အညီပင်တည်း။ မြန်မာမူ၌ ရှိသည့်အတိုင်း တသမာသ်တည်းလည်း သင့်၏၊ နာနာဝိဓာနိ သုခါနုဗန္ဓာနိ ယဿာတိ နာနာဝိဓသုခါနုဗန္ဓံ–ဟု ဗဟုဗ္ဗီဟိ သမာသ်တွဲ၍ နောက်ပုဒ်နှင့် ကမ္မဓာရည်း သမာသ်တွဲရာ၏။ သို့သော် နှစ်ပုဒ်ကွဲနေလျှင် အနက်ပြန်ရာ၌ သာ၍ရှင်းသောကြောင့် ဤ၌ သီမူသို့လိုက်၍ အနက်ပြန်လိုက်

သည်။ ထိုပုဒ်၌ နောက်လိုက် သုခတို့ ဟူသည်မှာ သာမညဖလသုတ် စသည်တို့၌ အစဉ်အတိုင်း ဟောထားသော နီဝရဏဝိဝေကသုခ, ဈာနသုခ စသည်တို့ပင် ဖြစ်သည်။

**မှတ်ချက်**

၂-အနဝဇ္ဇသုခ-ဟူသည်မှာ ပါတိမောက်သီလနှင့် ပြည့်စုံခြင်းကြောင့်ဖြစ်သော ကိုယ်ချမ်းသာ စိတ်ချမ်းသာပင် ဖြစ်သည်။ အဗျာသေကသုခ-ဟူသည်မှာ ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံခြင်းကြောင့်ဖြစ်သော စိတ်ချမ်းသာခြင်း ပင်တည်း။ အာဒိ-ဖြင့် သမ္မဇည, သန္တောသတို့ကြောင့်ဖြစ်သော ချမ်းသာကို ယူအပ်၏။ ၎င်းတို့ကိုလည်း ဒီ ၁-၆၆ သာမညဖလသုတ် စသည်၌ ဟောတော်မူ၏။

**မှတ်ချက်**

၁-အတိပ္ပိယဋ္ဌာနေ ဌပေတုံ သုကရဘာဝတော-ဟု မဆိုမူ၍ ပိယဂရုဋ္ဌာနေ ဌပေတုံ သုကရဘာဝတော-ဟု အဘယ့်ကြောင့် ဆိုပါသနည်း? မေးဖွယ်ရှိသောကြောင့် အတိပ္ပိယသဟာယကတောတိ-စသော ပါဠ်ကို မိန့်သည်။

**မှတ်ချက်**

၁-ဥပစာရဈာန်မှ ထခြင်းဟူ၍ မရှိသောကြောင့် ကေစိဝါဒ မသင့်ဟု ဆိုလို၏၊ မေတ္တံ သမာပဇ္ဇိတွာ-ဟူသော ရှေးစကားဖြင့် ပဋိဃကိုခွါ၍ ဈာန်ကို ဖြစ်စေပြီး ဖြစ်ကြောင်းကို ပြခဲ့ပြီ မဟုတ်ပါလော၊ ဤအရာ၌ အဘယ်အကျိုးငှါ ပဋိဃံ ဝိနောဒေတဗ္ဗံ-ကို ဆိုပြန်ပါသနည်း?ဟု မေးဖွယ်ရှိ၍ ပုဗ္ဗေ-စသည်ကို မိန့်သည်။

**မှတ်ချက်**

၁-ဤတိုင်အောင် ဋီကာဆရာ၏ဝါဒ ဖြစ်သင့်၏၊ ထိုကြောင့် ဤအရာ၌ ပုဒ်မကြီးနှင့် ထားသင့်၏၊ သို့သော်လည်း မြန်မာမူ၌၎င်း သီမူ၌၎င်း ကေစိ-၏အာကာရကဲ့သို့ ဝါကျ တဆက်တည်း ရှိနေသည်၊ မသင့်ဟု ထင်၏။

**မှတ်ချက်**

၂-ဤဒုတိယဟိတ်သည်သာလျှင် ကေစိဝါဒဖြစ်သင့်၏၊ ထိုဟိတ်ပါဠ်ကိုပင် ပရိကပ္ပ အသင့်ယုတ္တိအားဖြင့် ထောက်ခံပြပြန် လိုသည်ဖြစ်၍ သစေ ကောဓေ-အစရှိသော ပါဠ်ကိုမိန့်။

**မှတ်ချက်**

၃-အမျက်ထွက်သူ၌ အပြစ်မရှိသောကြောင့် မမုန်းသင့်ဟု ဆိုရာရောက်၏။ သီဟိုဠ်မူ၌ကား န ပဋိကုဇ္ဈေယျ-အရာ၌ န-မရှိ၊ ပဋိကုဇ္ဈေယျ-ဟူ၍သာရှိ၏၊ တဖန်ပြန်၍ အမျက်ထွက်ရာ၏ဟုပေး။ အမျက်ထွက်ခြင်း၌ အပြစ်မရှိဟုထင်လျှင် တုံ့ပြန်၍ အမျက်ထွက်သော်လည်း အပြစ်မကြီးလှ၊ ပါပိယ မဖြစ်၊ အပြစ်ရှိသည်ဟု သိလျက် တုံ့ပြန်၍ အမျက်ထွက်သောကြောင့် အပြစ်ကြီးသည်၊ ပါပိယ ဖြစ်သည်-ဟု ဆိုရာရောက်၏-ရှုပ်၏ ခက်၏။

**မှတ်ချက်**

၁-ဤအဖွင့်ကို ထောက်လျှင် ဤဋီကာ ၈၅-၌ ပြခဲ့သော သန္တဇ္ဇနမုဂ္ဂံ-ကိုလည်း ပါဠ်မှန်ဟူ၍ ယူရာ၏၊ ထို၌လည်း တံရှူးဝါး ဟူ၍ပင် အနက်ပေးသင့်၏။

**မှတ်ချက်**

၂-သုတ်ရင်း၏အဖွင့် ဣတိဝုတ် ဋ္ဌ ၂၇၉-၌ကား ပရိသုဒ္ဓသီလ အလသပုဂ္ဂိုလ်အတွက် ဆောင်ပြသော ဥပမာဟု ဆို၏။

## မှတ်ချက်

၁–အနတ္တမွိ အတ္တံ ဝိယ ကတွာ–ဟူသော ဝစနတ္ထကို ပြသည်၊ အဘူတတဗ္ဘောဒ္ဓ စီ–ပစ္စည်းဖြင့် အဋ္ဌိ ကတွာ–ဟု ပြီးသည်။

## မှတ်ချက်

၁–ဥပကိရိယာ–ပုဒ်သည် ဥပကာရော–ပုဒ်ကဲ့သို့ပင် ကျေးဇူးပြုခြင်း, အကျိုးဆောင်ခြင်းကိုသာ ဟောသောကြောင့် ပတိ+ဥပကိရိယာယ–ဖြင့် ပြီးသော ပစ္စုပကိရိယာယ–ကားမသင့်၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် တုံ့ပြန်၍ ကျေးဇူးပြုခြင်း ကိုသာ ဟောသောကြောင့်တည်း။ သို့ဖြစ်၍ ဤ၌ အပကာရ–နှင့် အနက်တူသော အပကိရိယာ–နှင့် စပ်လျက်ပြီးသော ပစ္စာပ ကိရိယာယ–သာ သင့်သည်။

## မှတ်ချက်

၁–မ ဋ္ဌ ၁–၃၆၂–၌ကား ဥဘတောဗျူဠ္ဌန္တိ ဥဘတော ရာသိဘူတံ–ဟု ဖွင့်၏၊ ထိုအလိုအားဖြင့် "ဥဘတောဗျူဠှေ၊ နှစ်ဖက်မှ ချီတက်သော စစ်သည်အစုဖြစ်သော"ဟု အနက်ပေးရာ၏။ ၎င်း၏အဖွင့်–မ ဋီ ၂–၄၃–၌ကား ဒွိန္နံ သေနာနံ ဗျူဟ သံဝိဓာနေန ဝါ ဥဘတောဗျူဠ္ဌံ–ဟု ဖွင့်၏၊ ထိုအလိုအားဖြင့် "ဥဘတောဗျူဠှေ၊ နှစ်ဖက်သော စစ်တပ်မှ စစ်ဆင်ခြင်းရှိသော" ဟု အနက်ပေးရာ၏။ ထို–မ ဋီကိုထောက်၍ ဤ၌လည်း ဂါဋ္ဌသန္နာဟော–အရာ၌ ဝိဟိတသေနာဗျူဟော–ဟု ရှိလျှင် ယုတ္တတရ ဖြစ်ရာ၏၊ ထိုသို့ရှိလျှင် ဒွီဟိပိ၊ ကုန်သော။ ပက္ခေဟိ၊ စစ်တပ်အဖို့တို့မှ။ ဝိဟိတသေနာဗျူဟော၊ စီရင်အပ်သော စစ်ဆင်ခြင်း ရှိသော–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–ဤအလိုအားဖြင့် စေတောဝိမုတ္တိယာ–ပုဒ်ကို ခန္တိယံ အာနိသံသော–ဟူသော အဋ္ဌကထာပါဌ်၌ ကဲ့သို့ အာနိသံသ တို့၏ အာဓာရသတ္တမျန္တ–ဟု ယူရာ၏။ သို့သော် ဆရာ့ဆရာတို့ကား စေတောဝိမုတ္တိယာ၊ တွင်၏–ဟူ၍ အာနိသံသတို့၏ သမ္ဗန်ဆဋ္ဌျန္တ အဖြစ်ဖြင့်သာ ပြန်ဆိုကြကုန်၏။ သင့်သည်ချည်းပင်ဟု ယူရာ၏။

## မှတ်ချက်

၁–ဤဖွင့်ပုံကို ထောက်ဆကြည့်လျှင် သံဝဏ္ဏေတဗ္ဗသည် သမ္ဘောဂေါ–ဖြစ်၍ ဓမ္မသမ္ဘောဂကို စင်စေလိုသောကြောင့် အာမိသသမ္ဘောဂေါ–ဟု ဖွင့်ခဲ့လေသလောဟူ၍ ကြံဆဖွယ်ရှိ၏။ မှန်ပေ၏၊ ဝိသုဒ္ဓိမဂ်၌ ထိုစကားကို ချဲ့ပြရာတွင် ပရဿ သန္တကံ အတ္တနာ ဂဟေတဗ္ဗံ–ဟု မိမိကဝေဘန် ပေးကမ်းခြင်းမျှမဟုတ်ပဲ သူတပါးထံမှ ပစ္စည်းကို ခံယူခြင်းဟူသော သမ္ဘောဂ– ကိုလည်း ပြလျက်ရှိ၏။

## မှတ်ချက်

၁–ဤ၌ အာဒိ–ဖြင့် အရပ်မျက်နှာနှင့် မစပ်ပဲ ဖြန့်သော အနောဓိသ–ဒြဓိသကို ယူအပ်၏။

## မှတ်ချက်

၂–သို့ဖြစ်လျှင် ဝိသုဒ္ဓိမဂ်၌ သမ္ပယုတ္တေန–ဟု မဖွင့်ပဲ အဘယ်ကြောင့် သမန္နာဂတေန–ဟု ဖွင့်ပါသနည်း ဟူသော အမေးကို ယသ္မာ ပန–စသည်ဖြင့် ဖြေ၏။

## မှတ်ချက်

၃–ဤစကားဖြင့် သံ+အနု+အာဂတ–မှ သမနွာဂတ–ဟု ဖြစ်၍ ၎င်းမှ သမန္နာဂတ–ဟု ဖြစ်လာသည်ကို ပြ၏။

**မှတ်ချက်**

၄–ဤအဖွင့်ကို ထောက်၍ ဝိသုဒ္ဓိမဂ်၌ ဧကမေကိဿာ–အရာတွင် ဧတံ ဧကိဿာ–ဟု ပေါရာဏပါဌ်မှန် ဖြစ်ကြောင်း သိအပ်၏။

**မှတ်ချက်**

၁–ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယ၌ကား အနိယမာပေက္ခ–အရာတွင် အနိယမာပေက္ခံ–ဟု ပါဌ်ကို ထုတ်ပြ၍ ဤသို့ အနက်ပြန်ထား၏–တံ၊ ထိုနိယတ်ပုဒ်သည်။ သမ္ဗန္ဓိဘာဝတော၊ အနိယတ်နှင့် အမြဲစပ်ခြင်း ရှိသည်၏အဖြစ်ကြောင့်။ အနိယ မာပေက္ခံ၊ အနိယတ်ကိုငဲ့၏။ ဥပမာကာရနိယမနံ၊ ကိုမှတ်သည်။ (ဟောတိ၊ ၏။)

ငါတို့အလိုအားဖြင့်မူ အနိယမာပေက္ခ–အရာ၌ အနိယမပက္ခဟု ရှိစေလို၏။ ထိုသို့ရှိလျှင် တံ၊ ထိုနိယတ်ပုဒ်သည်။ အနိယမပက္ခသမ္ဗန္ဓိဘာဝတော၊ အနိယတ်၏အဖို့ (ဖြစ်သော ဥပမာနဝါကျ)နှင့် စပ်ခြင်း ရှိသည်၏အဖြစ်ကြောင့်။ ဥပမာကာရ နိယမနံ၊ သည်။ (ဟောတိ၊ ၏။)ဟု အနက်ပေးရာ၏။

**မှတ်ချက်**

၂–ဤ၌ ဥပမံ–ကား ဥပမာနကို ဟောသည်၊ ဥပမာနံ–ဟူ၍သော်လည်း ပါဌ်ဟောင်း ရှိရာသည်။ ထိုကြောင့် တေန–ဟု မိန့်သည်–ဟူ၍ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယ၌ ဆုံးဖြတ် မှာထားတော်မူ၏၊ ထိုအဆုံးအဖြတ် သင့်ပေ၏။

**မှတ်ချက်**

၃–ထိုပါဌ်၌ ဧကံ ဒိသံ–ကား ဥပမာနတည်း၊ ဖရိတ္វာ ဝိဟရတိ–ကား သမ္ဗန္ဓတည်း၊ ၎င်းကို သဒ္ဓမ္မတ္တ ဟူ၍လည်း ခေါ်၏၊ ဥပမာ, ဥပမာကာရဟူ၍လည်း ခေါ်၏၊ ယထာဖြင့် ဥပမာန ဝါကျ၌ရှိသော ၎င်းသမ္ဗန္ဓကို ပဓာနအားဖြင့် ထွန်းပြ၏။ ဥပမေယျ၌ သမ္ဗန္ဓကို အပ္ပဓာနအားဖြင့် ထွန်းပြ၏။ တထာ–ဖြင့်မူကား ဥပမေယျ၌ သမ္ဗန္ဓကို ပဓာနအားဖြင့် ထွန်းပြ၍ ဥပမာန၌ သမ္ဗန္ဓကို အပဓာနအားဖြင့် ထွန်းပြ၏။

**မှတ်ချက်**

၁–မည်သည့်အရပ်က ပဌမ, မည်သည့်အရပ်က ဒုတိယ စသည်ဖြင့် ကိန်းသေမရှိသောကြောင့်ဟု ဆိုလို၏။

**မှတ်ချက်**

၂–ဤ၌ ယထာ ယထာဝုတ္တာ စတသော–ဟု ရှိလျှင် ယုတ္တတရဖြစ်သည်။

**မှတ်ချက်**

၁–မောဂ္ဂလ္လာန် ၄–၄၃ သုတ်၌ အဿ ပရိမာဏအနက်၌ သဗ္ဗနောင် အာဝန္တုပစ္စည်းဖြင့် သဗ္ဗာဝန္တံ–ပြီးစေ၏။

**မှတ်ချက်**

၁–ဤစကားသည် မေတ္တာသဟဂတေန စေတသာတိ တေသ အနုဝတ္တကံ တံ ဒွယံ "တဿ ဖရဏန္တရာဒိဋ္ဌာနံ အဋ္ဌာန"န္တိ ကတွာ န ဝုတ္တံ–ဟူသော မူလဋီကာ ၂–၁၈၇–ကို မှီ၍ ပြဆိုချက် ဖြစ်သည်။ ၎င်းမူလ၏ အဖွင့် အနု ၂–၁၈၉–၌ ဤသို့ ဖွင့်ပြထား၏။ ။တဿာတိ ဒွယဿ။ ဖရဏန္တရာဒိဋ္ဌာနန္တိ ဖရဏတော အညံ ဖရဏန္တရံ၊ တံ အာဒိ ယဿ တံ ဖရဏန္တ ရာဒိ။ ဖရဏန္တရံ ဟောတံ မေတ္တာဘာဝနာယ၊ ယဒိဒံ ဝိပုလတာ။ အာဒိသဒ္ဒေန ဘူမန္တရပဂုဏဘာဝါဒိ ဂယှတိ၊ တဿ ဖရဏန္တ ရာဒိနော ဌာနံ ဌာနဘူတော ဝိပုလေနာတိအာဒိနာ ဝုစ္စမာနော မေတ္တာဘာဝနာဝိသေသော ဝုတ္တပ္ပကာရမတ္တပရာမသနဿ တဿ ဒွယဿ အဋ္ဌာနံ အနောကာသောတိ။ ဣတိ ကတွာ ဣမိနာ ကာရဏေန န ဝုတ္တံ တံ ဒွယန္တိ အတ္ထော။ ။ ဤအဖွင့်နှင့် အညီ အနက်သမ္ဗန်သည်။ အထူးသတိပြုရန်မှာ ဤဋီကာ၌ ဖရဏာနန္တရာဒိဋ္ဌာနံ–အရာတွင် ထုတ်ပြခဲ့သော မူလ, အနုတို့နှင့်

အညီ ဖရဏန္တရာဒိဋ္ဌာနံ–ဟု ရှိစေရမည်။ ထို့ပြင် န ဝုတ္တာ–၏ ရှေး၌ တေ–ဟူသော ကံပုဒ် ရှိသင့် မရှိသင့်ကိုလည်း ဆင်ခြင်ရာ၏။

## မှတ်ချက်

၁–ဤ၌ ဟနနတော–ဟူသော အဖွင့်ကို ထောက်လျှင် ဗျာပါဒဿ ဘာဝေါ ဗျာပဇ္ဇံ–ဟု ပြီးသောပုဒ်မဟုတ်၊ ဤဋီကာ နှာ ၆၄–၌ ဗျာဗာဓော ဗျာပဇ္ဈံ–ဟု ပြခဲ့သည့်အတိုင်း ပြီးသောပုဒ်ဖြစ်ကြောင်း ထင်ရှား၏။ ထိုနှာ ၆၄–၌ရင်း ဤအရာ၌ရင်း ဗျာပဇ္ဈံ–ဟု အလယ်၌ ဿြဋ္ဌဗပဋ္ဌမက္ခရာ, အဆုံး၌ အသဒိသသံယုဂ်တို့နှင့် ရှိသောပါဌ်သာ သင့်သည်။ အလယ်၌ ဿြဋ္ဌဗတတိယက္ခရာနှင့်သော်ရင်း အဆုံး၌ သဒိသသံယုဂ်နှင့်သော်ရင်း ရှိသော ဗျာပဇ္ဈံ ဗျာဗဇ္ဈံ–ဟူသော ပါဌ်တို့ကား မသင့်ကုန်။ ဤနိဿယ နှာ (၃၃၄)၌ သာ၍ ထင်ရှားလတ့်။ အထူးကား နှာ ၆၄–၌ ဗျာပဇ္ဈ–သည် ကာယိကဒုက္ခကို ဟော၏၊ ဤ၌ ဗျာပဇ္ဈသည် စေတသိကဒုက္ခကို ဟော၏၊ ဤမျှသာ ထူးသည်။

## မှတ်ချက်

၁–အထင်ရှဋီကိုပြသည်၊ သို့သော် ဤသတ္တဝေါဟာရနှင့်ကား မဆိုင်ပေ။

## မှတ်ချက်

၁–ပါဏန္တိတိ ပါဏနာ၊ အဿာသပဿာသသမ်္ဂိနော၊ တေသံ ဘာဝေါ ပါဏနတာ၊ တာယ–ဟူ၍လည်း ဝစနတ္ထ ပြုသင့်သေး၏။

## မှတ်ချက်

၁–သီမူနှင့်အညီပင်တည်း၊ ဗျာပါဒ–သဒ္ဒါသည် ဒေါမနဿဟော မရှိ၊ ဒေါသဟောသာ ရှိသောကြောင့် ဗျာပါဒ–ဟု ဿြဋ္ဌဗပဋ္ဌမက္ခရာ, ဒန္တဇတတိယက္ခရာတို့နှင့်ရှိသော မြန်မာမူကား မသင့်ပေ၊ ဗျာဗာဓော ဗျာပဇ္ဈံ–ဟူသည်နှင့်အညီ ဗျာဗာဓ–နှင့် ဗျာပဇ္ဈ–သည် ဒုက္ခဟောချည်း ဖြစ်သည်။ ဤဗျာဗာဓရဟိတာ–၌ ဗျာဗာဓ–သည် ကာယိကဒုက္ခ ဟောလော, စေတသိက ဒုက္ခဟောလောဟု မေးဖွယ်ရှိ၍ စေတသိကဒုက္ခဟောဟု သိစေရန် ဒေါမနဿဖြင့် အထူးပြု၍ ဒေါမနဿဗျာဗာဓရဟိတာ–ဟု ဖွင့်ပေသည်။ ဤအဖွင့်ကို ထောက်၍ ဒုက္ခဟော, ဒေါမနဿဟော အရာဟူသမျှ၌ ဿြဋ္ဌဗပဋ္ဌမက္ခရာ, တာလုဇတတိယ စတုတ္ထ အသဒိသသံယုဂ်တို့နှင့် ရှိသော ဗျာပဇ္ဈ, အဗျာပဇ္ဈ–သဒ္ဒါတို့ကိုသာ ပါဌ်မှန်ဟု ဆုံးဖြတ်အပ်၏။

## မှတ်ချက်

၁–သဗ္ဗေ သတ္တာ စသော အာကာရ ငါးပါးကို ခွဲခြင်းဖြင့်သာလျှင် အပ္ပနာကို ခွဲခြားခြင်း ဖြစ်သည် မဟုတ်သေး၊ ထိုငါးပါးထဲမှ တပါးပါး၌ အဝေရာ ဟောန္တု စသည်ဖြင့် ၄–ပါး ၄–ပါးသော အာကာရဖြင့်လည်း အပ္ပနာဝိဘာဂ ဖြစ်သေး သည်ဟု ဆိုလို၏။ သို့သော် ဤဋီကာပါဌ်၌ ဗျတိရေကကိုသာ ပြထား၏၊ အန္ဝယကိုကား မပြခဲ့။ ထို့ကြောင့် မပေါ်လွင် လှပေ။ တသ္မာတိ ယသ္မာ န ကေဝလံ ယထာဝုတ္တံ အာကာရဝိဘာဂမတ္တမေဝ၊ အထခေါ အပ္ပနာဝိဘာဂေါပိ– ဟူ၍သော်လည်း မူလပါဌ်ဟောင်း ဖြစ်ရာ၏။ ထိုသို့ရှိလျှင် "တသ္မာတိ၊ ကား။ ယသ္မာ၊ ကြောင့်။ ယထာဝုတ္တံ၊ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု– စသည်ဖြင့် ဟောတော်မူခဲ့တိုင်းသော စကားသည်။ ကေဝလံ၊ သက်သက်။ အာကာရဝိဘာဂမတ္တမေဝ၊ ပွါးစေပုံ အခြင်းအရာကို ဝေဘန်ခွဲခြားခြင်း မျှသည်သာလျှင်။ န ဟောတိ၊ မဟုတ်သေး။ အထ ခေါ၊ သော်ကား။ အပ္ပနာဝိဘာဂေါပိ၊ အပ္ပနာကို ဝေဘန် ခွဲခြားခြင်းသည်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။"ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–ရွံ့ရှာ–ဟု ရေးလေ့ရှိကြ၏၊ စက်ဆုပ်နှင့် ရောသောကြောင့် မကောင်း။ ရွံ့ရှား–ဟု အောက်မြစ် ဝိသဇ္ဇနီနှင့်တကွ ရေးခြင်းသည်သာလျှင် ယခုခေတ် အသံထွက်နှင့်လည်း ကိုက်ညီသောကြောင့် ကောင်းပေသည်။

## မှတ်ချက်

၁–ဤဋီကာပါဌ် နှာ ၅၁၊ ကြောင်း ၁၀–၁၁–၌ ကိလေသာနုဗန္ဓော–ကဲ့သို့ အနုဗန္ဓ–ကို ဝိသေသန မှတ်။

## မှတ်ချက်

၁–သီဟိုဠ်မူ၌ ကရုဏာယိတံ ကရုဏာ ဥပ္ပါဒိတာ–ဟု ရှိ၏၊ ထိုပါဠ်အလိုအားဖြင့် "ကရုဏာယိတံ၊ ကရုဏာကို ဖြစ်စေအပ်ပြီ။ ကရုဏာ၊ ကို။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ပြီ"ဟု အနက်ပေး၊ ရှေ့ပုဒ်ကို ထပ်၍ဖွင့်သည်ဟု မှတ်အပ်၏။

## မှတ်ချက်

၁–ဤကတာကုသလတာယ ဝါ–အရာ၌ ကတကုသလတာယ ဝါ–ဟု ရှိသော သီဟိုဠ်မူကောင်း ပါဠ်သည်သာလျှင် ဝိသုဒ္ဓိမဂ်နှင့်ညီ၍ ယုတ္တတရဖြစ်ပေသည်။ အကြောင်းမူကား အကတကုသလတာယ–ပုဒ်ဖြင့်ပင်လျှင် ကတာကုသလတာ–ဟူသော အနက်ပြီးသည့်ပြင် ကတကုသလတာယ ဝါ ဟူသော ထိုပါဠ်ဖြင့်သာလျှင် ကောင်းမှုရှိသော သုခိတပုဂ္ဂိုလ်အား သံသရာဆင်းရဲကို မျှော်၍ ဝိသုဒ္ဓိမဂ်၌ ပြထားသော ကရုဏာပွါးပုံကို သိမ်းယူနိုင်သောကြောင့်ပေတည်း။ ကတကုသလတာယ ဝါ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသောသူ၏ အဖြစ်ဖြင့်ငင်း–ဟု အနက်ပေး။

## မှတ်ချက်

၁–ကထံ ပန, ကသ္မာ ပန စသည်ဖြင့် ပန–ပုဒ်ကို ဝစနာလင်္ကာရဟူ၍လည်း ယူအပ်၏။ သို့သော် အထက်ပါအတိုင်း အနက်ပေးခြင်းဖြင့် ပုစ္ဆာဝါကျ, စောဒနာဝါကျ အသစ်တရပ်ဟု ရှင်းလင်းစွာ သိရခြင်း အကျိုးရှိ၏။

## မှတ်ချက်

၁–မေတ္တာ ကရုဏာ မုဒိတာသာမညကို ရည်၍ အကြောင်းပြသည်မဟုတ်၊ တတိယစျာန် ဝိသေသကိုသာရည်၍ အကြောင်းပြသည်ဟု ဆိုလို၏။

## မှတ်ချက်

၂–မေတ္တာစသည် သာမညကိုရည်လျှင် အဘယ်သို့ ဆိုသင့်ပါသနည်း?ဟု မေးဖွယ်ရှိ၍ မေတ္တာဒိဝသေန ပန–စသည် မိန့်။

## မှတ်ချက်

၃–ယောဂေနေဝ–အရာ၌ ယောဂေနပိ–ဟု ရှိလျှင် သာ၍ကောင်းသည်။ ယှဉ်ခြင်းဖြင့်လည်း၊ ယှဉ်ခြင်းကြောင့်လည်း–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–တတိယစျာန်၌ မေတ္တာစသည်ကို ပဌမ ဒုတိယစျာန်တို့၌ကဲ့သို့ပင် မေတ္တာ ကရုဏာ မုဒိတာဟူ၍သာလျှင် ခေါ်ရသည် မဟုတ်လောဟု မေးဖွယ်ရှိပြန်၍ ဈာနသာမညေန ဝိယ စ–ဤသို့ စသည်ကိုမိန့်။ ဝါကျာရမ္ဘဇောတက စ–နိပါတ်နှင့် တကွ ရှိသင့်၏။

## မှတ်ချက်

၂–သောမနဿ–နှင့် ဥပေက္ခာ–တို့၌ အာဒီနဝ–နှင့် အာနိသံသတို့ကို နှိုင်းယှဉ်၍ပြသော စကားဖြစ်သောကြောင့် ဤ၌ ဋီကာဆရာ၏ စိစစ်ချက်များ လိုမည်မထင်ပေ။

## မှတ်ချက်

၁–ဓေါ–ကို အညှ အနက်ကြံခြင်းသည် ဘုရားအလို ကျ–မကျ စဉ်းစားသင့်၏ အကြောင်းမူကား ဓေါ ပုဂ္ဂလံ–ကား ဥပမာန, သဗ္ဗေ သတ္တေ–ကား ဥပမေယျ ဖြစ်သောကြောင့်တည်း။

**မှတ်ချက်**

၁-ဤ၌ ဣတိ-မရှိလျှင် သာ၍ကောင်း၏၊ သို့ဖြစ်လျှင် အယမ္ပိ၊ သည်လည်း။ ဥပစာရနိဒ္ဒေသော၀၊ သာလျှင်တည်း။ ဓမ္မာနံ၊ တို့၏။ အ၀သ၀တ္တနတော၊ ကြောင့်-ဟု ဤသို့ ကသ္မာ-မထည့်ပဲ တဖြောင့်တည်း အနက်ပေးရာ၏။

**မှတ်ချက်**

၁-တံ ပဒဋ္ဌာနံ-၌ အနိယတ် နိယတ်အဖြစ်ဖြင့် စပ်။

**မှတ်ချက်**

၁-ဥပ္ပဝနံ ဥပ္ပါဝေါ၊ သော ဓဆ ဥပ္ပိလာဝေါ၊ သဥ္ဇာတော ဥပ္ပိလာဝေါ ဧတဿာတိ ဥပ္ပိလာဝိတံ၊ ပီတိသမ္ပယုတ္တစိတ္တံ။ တဿ ဘာဝေါ ဥပ္ပိလာဝိတတ္တံ-ဟု ဝစနတ္ထပြု။ ဤနိဿယ ပဌမစာအုပ် နှာ (၄၀၉)၌လည်း ကြည့်ပါလေ။

**မှတ်ချက်**

၁-မေတ္တာကို မပြတ်ပွါးနေလျှင် ဗျာပါဒ ဝင်နိုင်ခွင့်မရှိသောကြောင့် ၎င်းကို ကြောက်ရွံ့ခြင်း မရှိပဲ စိတ်ချလက်ချ မပြတ်ပွါးနေရမည်ဟု ဆိုလို၏။

**မှတ်ချက်**

၁-ဤဝိသေသနပုဒ်ကို ထောက်လျှင် ကရုဏာသဘာဂဿ-ဟူသော ဝိသေသျပုဒ်အရာ၌ ကရုဏာသဘာဝဿ-ဟု ရှိသော သီမူက ယုတ္တတရ ဖြစ်သကဲ့သို့ ရှိပေ၏၊ ထိုပြင် ဆိုလတ့်သော ဝိဟေသာသဘာဝေါ-ပုဒ်နှင့်လည်း နှိုင်းယှဉ်ကြည့်သင့်၏။

**မှတ်ချက်**

၁-ဒီ ဋီ ၂-၂၆၈-၌ လောဘသမ္ပယုတ္တာ ဥပေက္ခာ ဣဓာဓိပ္ပေတာ-ဟု ဖွင့်ဆို၏၊ မ ဋီ ၃-၃၈၄-၌ အညာဏုပေက္ခာ တိ အညာဏသဟိတာ ဥပေက္ခာ အသမပေက္ခနေ ပဝတ္တာ-ဟု ဖွင့်ဆို၏၊ ထိုအဖွင့်များက သာ၍ ကောင်းပေသည်။

**မှတ်ချက်**

၁-ဤ၌ ပဟာယကပဟာတဗ္ဗ-ဟု ဖော်၍ အနက်ပေးသည်မှာ ရှင်းလင်းစေရန်အတွက်မျှသာ ဖြစ်သည်။

**မှတ်ချက်**

၂-ဤဥပမာမျှသာ သံဝဏ္ဏနာစကားဖြစ်သည်၊ န ဟိ-စသော ရှေးစကား အလုံးစုံသည်ကား ဝိသုဒ္ဓိမဂ်မှ ဆောင်ခဲ့သော သံဝဏ္ဏေတဗ္ဗ ဖြစ်သည်။

**မှတ်ချက်**

၁-သီမူ၌ ဥပေက္ခာ။ ပ။ ဂုဟဏေ ဒက္ခံ စိတ္တံ ဟောတီတိ-ဟု ရှိ၏၊ ဤသီမူသည်သာလျှင် အသင့်ယုတ္တိ ရှိပေသည်၊ ၎င်းသုတ်ရင်း၏ အဖွင့်ဋီကာ၌ ဒက္ခံ-ကို ကုသလံ-ဟု ဖွင့်ထားသည်ကိုလည်း တွေ့ရ၏။

**မှတ်ချက်**

၁-မြန်မာမူအချို့နှင့် သျာမူတို့၌ရှိသော ပါရိပူရိကရာ-ဟူသော ပါဌ်သည် ဆိုလတ့်သော ဒဋ္ဌီဝါကျရှိ ပါဌ်နှင့်ညီသောကြောင့် ယုတ္တတရ ဖြစ်သကဲ့သို့ရှိ၏။

## မှတ်ချက်

၂–စရိယာပိဋက ဋ္ဌ ၂၆၉–၌ ဒါနသီလာဒိဂုဏဝိသေသယောဂေန သတ္တုတ္တမတာယ ပရမာ မဟာသတ္တာ ဗောဓိသတ္တာ၊ တေသံ ဘာဝေါ ကမ္မံ ဝါ ပါရမီ၊ ဒါနာဒိကိရိယာ–စသည်ဖြင့်၎င်း ပါရေ ဝါ နိဗ္ဗာနေ သုဋ္ဌုတိ သတ္တေ စ သောဓေတိ။ ပ။ ကိလေသာရယော ဝါ သတ္တာနံ တတ္ထ မိနာတိ ဟိံ သတီတိပါရမီ၊ မဟာပုရိသော။ တဿ ဘာဝေါ ကမ္မံ ဝါ ပါရမိတာ၊ ဒါနာဒိကိရိယာဝ–ဟူ၍၎င်း ပါရမီနှင့် ပါရမိတာကို အရတူပင် ဖွင့်ပြထားသည်၊ ဤ၌ကား ပါရမီ–ပုဒ်၏ အနက်နှင့် ဝေါဟာရအားဖြင့် ကွဲစေရန် ပါရမီတော်–ဟု ပြန်ဆိုသည်။

## မှတ်ချက်

၁–မ ဋ္ဌ ၁–၃၇၃–၌ နာနာဂါဟမတ္တံ ဝိဂ္ဂဟော–ဟု ဖွင့်၏၊ ၎င်း၏ဋီကာ၌ ဝိရုဒ္ဓဂါဟဝသေန နာနာဂါဟမတ္တံ–ဟု ထပ်ဆင့်၍ ဖွင့်၏။ ထို့ကြောင့် ဤ၌လည်း ဝိရုဒ္ဓဂါဟော ဝိဂ္ဂဟော–ဟု ရှိသင့်၏။

## မှတ်ချက်

၁–ဤအဖွင့်ကို "မည်သည့်ပုဒ်နှင့် စပ်၍, မည်သို့ သမ္ဗန် သမ္ဗန္ဓိ ဖြစ်သနည်း"ဟု ဆင်ခြင်သင့်၏။ ဝိသုဒ္ဓိမဂ်တွင် ဥပမာကို မပြမီ ရှေး၌လည်း "တမ္ပိ သမတိက္ကမိတုကာမော ဟောတိ"ဟု ဆိုခဲ့၏။ ထိုအရာတွင် သာမိအနက်၌ ဖြစ်ကြောင်းကို ဋီကာဆရာ မပြဆိုခဲ့၊ ထို့ကြောင့် ထိုအရာတွင် ကံအနက်၌သာ ဒုတိယာ ဝိဘတ်ဖြစ်ကြောင်း ထင်ရှား၏။ ဤအရာတွင်လည်း သမတိက္ကမိတုကာမ–နောင်ဘာဝအနက်၌ တာ–ပစ္စည်းဖြင့် သမတိက္ကမိတု–ကာမတာ–ဟု ပြီးခြင်းမျှသာ ထူး၏၊ သို့သော် တမ္ပိ–ဟူသော ပုဒ်သည် ထိုတာ–ပစ္စည်း၏ သမ္ဗန်လည်း မဖြစ်သင့်ပေ။ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌လည်း "တမ္ပိ–တဿ ကသိဏရူပဿပိ၊ ထိုကသိုဏ်း ရုပ်ကိုလည်း။ ဘယသန္တာသအဒဿနကာမတာ၊ ကြောက်ခြင်း လန့်ခြင်း မမြင်လိုသည်အဖြစ်သည်။ (ဥပမာစကားကို ငင်)ဟုတွာ၊ ၍။ (ထည့်) သမတိက္ကမိဘုကာမတာ၊ ကို။ ဒဋ္ဌဗ္ဗာ၊ ၏။ (ဤသို့ ယောဇနာသည်ကား တမ္ပီတိ ကသိဏရူပဿပိ၊ သာမိအတ္ထေ ဟိ ဣဒံ ဥပယောဂဝစနံ။ ဘယသန္တာသအဒဿနကာမတာ သမတိက္ကမိတု–ကာမတာတိ ယောဇနာ။ ဣဒ္ဓဥ ယထာဝုတ္တာနံ နိဗ္ဗိဒါဝိရာဂနိရောဓာနံ သာဓာရဏဝစနံ။ တေ ဟိ တယော အပေက္ခိတွာ ဘယသန္တာသ–အဒဿနကာမတာ ဝုတ္တာ–ဟူသော ဋီကာနှင့်လျော်စေသည်။ သာမိတ္ထေ–ပင်ဆိုသော်လည်း ဘီတော စတုန္နံ အာသီဝိသာနံ–တို့ကဲ့သို့ အငါးသာမိမှတ်)" ဟူ၍ ပြဆိုထား၏။ ထိုအဆိုအရအားဖြင့်ဆိုလျှင် တမ္ပိ–ကို ဘယသန္တာသအဒဿန–ဟူသော ဘောဟောပုဒ်တို့၌ စပ်ရန်အတွက် ဆဋ္ဌီကံအနက်ကို ပြသည်ဟု ယူအပ်၏။ သို့သော် ဝိသုဒ္ဓိမဂ် ကျမ်းရင်း အလိုအားဖြင့်မူ ရှေးစကားရပ်၌ကဲ့သို့ပင် သမတိက္ကမိတုကာမ–၌သာ ဒုတိယာကံ အဖြစ်ဖြင့် စပ်လိုဟန်လက္ခဏာ ရှိပေသည်၊ ထိုအတိုင်း စပ်ခြင်းသာလျှင် သာ၍ အနက်ချောမောပေသည်။

## မှတ်ချက်

၁–အရူပစျာန်၌ရှိသော အင်္ဂါနှစ်ပါးသည် ဘုံအားဖြင့် အရူပါဝစရဖြစ်၏၊ စတုတ္ထစျာန်၌ ရှိသော အင်္ဂါနှစ်ပါးသည် ဘုံအားဖြင့် ရူပါဝစရဖြစ်၏၊ ဤသို့ ဘုံအားဖြင့် ကွဲသောကြောင့် စတုတ္ထစျာန်၌လည်း တတိယစျာန်၌ကဲ့သို့ ၎င်းအင်္ဂါနှစ်ပါး မျှသာတူသည်၊ အတိအကျအားဖြင့် မတူသေးသည်ပင်မဟုတ်လော–ဟု စောဒနာခဲ့လျှင်–ဟု ဆိုလို၏။

## မှတ်ချက်

၁–အဘိဓာန်ကျမ်းတို့၌ ပုတောဠိ–ပုဒ်ကို မတွေ့ရ၊ ပြတောလီ–ဟူသော သက္ကတပုဒ်ကိုသာ တွေ့ရ၏။ ၎င်းကို ပါဠိပြန်လျှင် ပတောလီ သို့မဟုတ် ပတောဠီ–ဟု ဖြစ်၏၊ ထိုပြင် အထက်ပါ ပါဠိ၌တွင် ပ–၌ ဒွေးဘော်ဆင့်လျက် ရှိသောကြောင့် သက္ကတ ပြ–ဥပသာရမှ ပြန်လာသော ပ–သာ ဖြစ်သင့်၏၊ ပု–ကား ဖြစ်ရန်အကြောင်း မရှိပေ။ ထို့ကြောင့် ပတောဠိယာ–ဟူသော သီမူသာ သင့်သည်။ သို့သော် ထို ပြတောလီ–ပုဒ်သည် တံခါးငယ်ဟောကား မဟုတ်၊ ရစ္ဆာပုဒ်နှင့် အနက်တူ မြို့ရွာ လမ်းမကြီးဟောသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤအရာ၌ "ပတောဠိယာ၊ လမ်းမကြီး၏။ ခုဒ္ဒကဒွါရဿ၊ ငယ်သော တံခါးပေါက်၏။ မုခံ၊ အဝသည်။"ဟု အနက်ပေးပြီးလျှင် အိမ်ဝင်းထဲမှ လမ်းမကြီးသို့ ဝင်သော တံခါးပေါက်ငယ်ကို ယူလျှင် သင့်ရာ၏။

## မှတ်ချက်

၁-သမာပန္နဿ (သညာ)-ဟူသော ပါဠ်ဖြင့် ကုသိုလ်ဈာန်သညာကို ပြသည်၊ ဥပပန္နဿ, ဒိဋ္ဌဓမ္မသုခဝိဟာရိဿ သညာ-ဟူသော ပါဠ်တို့ဖြင့် ဝိပါက်ဈာန်သညာ, ကြိယာဈာန်သညာတို့ကို အစဉ်အတိုင်း ပြသည်ဟု ဆိုလို၏။

## မှတ်ချက်

၂-ပုထုဇဉ်သေက္ခတို့၏ ဈာန်တို့ကား ဒိဋ္ဌဓမ္မသုခဝိဟာရ သာမညသာ၊ ဝိသေသမဟုတ်ဟု ဆိုလို၏။

## မှတ်ချက်

၁-ဤတိုင်အောင်သော ဋီကာပါဠ်သည် ဝိသုဒ္ဓိမဂ်၌ ၂၇၈-အပိုဒ်နှင့်သာဆိုင်၏၊ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ "ဒေါသ ဒဿနပုဗ္ဗက။ပ။ ကဏ္ဍကောတိ ဝုတ္တံ" ဟူသော ဤပါဠ်တို့၏ အနက်ကို ရှေးစာပိုဒ်၏ အဓိပ္ပါယ်အဖြစ်ဖြင့် ဖော်ပြထား၏။ ထို့ကြောင့် ဤတွင် စာတပိုဒ်ဖြတ်၍ ၂၇၉-စာပိုဒ်ကို အာရုပ္ပဘာဝနာယ-ပုဒ်မှစ၍ ယူသင့်၏၊ သီမူ၌လည်း ၎င်းအတိုင်းပင် စာပိုဒ်ခွဲထား၏။

## မှတ်ချက်

၁-မနောဒွါရာဝဇ္ဇန်းဖြစ်လျှင် ရှေးနောက် ဘဝင်စိတ်နှစ်ရပ်၏ အလယ်အကြား၌ငင်း အာဝဇ္ဇန်းနှင့်တကွ ဇောသညာ တို့ဖြစ်ကုန်၏၊ ထိုသို့ မဖြစ်စေသည်ကို ဆိုသည်ဟု ယူအပ်၏။

## မှတ်ချက်

၁-ဘိသက္က-နောင် ကမ္မအနက်၌ ဏျ-ပစ္စည်းဖြင့် ဘေသဇ္ဇ-ဟု ပြီးသည်ကို ဤဋီကာ နှာ ၆၃-၌ ပြခဲ့ပြီ။ ဤအရာ၌ ကား ဆေးဟောပရိယာယ်တို့တွင် ဘေသဇနှင့် ဘေသဇ္ဇ-ဟု ၂-ပုဒ်ရှိရာ၌ ဘေသဇ-နောင် သကတ္ထ-၌ ဏျ-ပစ္စည်းဖြင့် ဘေသဇ္ဇ-ဟု ပြီးစေသော နည်းကိုယူ၍ ဤသို့ ပြဆိုပေသည်။ ထို့ကြောင့် ဘေသဇမေဝ ဘေသဇ္ဇံ-ဟု ပါဠ်မှန် ရှိစေရမည်။

## မှတ်ချက်

၂-သံယုဂ်နှောင်းသော တ-ကို စ-ပြု ဟူရာ၌ သကတ္ထ၌ သက်သောဏျပစ္စည်းမှ ယ-နှောင်းသော တ-ကိုငင်း ယ- နှင့်တကွ စ-ပြုရမည်ကို ဆိုလိုသည်ဟု ယူအပ်၏။ ထို့ကြောင့် မဏိသာရမဉ္ဇူသာဋီကာ (၁-၂၆၂)၌ "တျဿ စ-ကာရံ, န- ကာရဿ စ နိဂ္ဂဟီတံ ကတွာ, တဿ စ ဥ-ကာရံ ကတွာ အာကာသာနဉ္စတ္တံ ဝုတ္တံ"ဟု မိန့်ဆို၏။ ထို့ကြောင့် အာကာသာနန္တ + ဏျအာကာသာနန္တျ-အာကာသနန္စ-အာကာသာနံ စ-အာကာသနဉ္စ-ဟု အစဉ်အတိုင်း ရုပ်ပြီးပုံကို မှတ်အပ်၏။

## မှတ်ချက်

၁-ပညတ်အာရုံ၌ဖြစ်သော အာကိဉ္စညာယတနဈာန်၌လည်း ဝိသုဒ္ဓိမဂ်၌ နည်းတူပင်ညွှန်းသည့်ပြင်, ဇတ္တာပိ-ဟု ဤဈာန်ကိုလည်း ပေါင်း၍ပြထားသောကြောင့် ဤဒုတိယဝိကပ် အဖွင့်ကို အဋ္ဌကထာဆရာ၏ အလိုကျ, မကျဆင်ခြင်အပ်၏။

## မှတ်ချက်

၁-အာယတနသဒ္ဒေန-အရာ၌ အာယတနသဒ္ဒဿ-ဟု ရှိလျှင် သာ၍ကောင်း၏၊ ထိုသို့ရှိလျှင်-အဓိဋ္ဌာနဌေန၊ အနက်ဖြင့်။ (အတ္ထော၊ သည်။ ယုဇ္ဇတိ) ယထာ၊ သင့်သကဲ့သို့။ ဇဝ်၊ တူ။ သဉ္ဇာတိဒေသဋ္ဌေနပိ၊ အနက်ဖြင့်လည်း။ အာယတနသဒ္ဒဿ၊ ၏။ အတ္ထော၊ သည်။ ဣဓ၊ ဤအရာ၌။ ယုဇ္ဇတိ၊ သင့်၏ဟု အနက်ပေး။

## မှတ်ချက်

၁-ဤအဖွင့်ဖြင့် ဖုဋ္ဌံ-ဟူသော သာမညပုဒ်၏အရ ပဋ္ဌမာရုပ္ပဝိညာဉ်ဟူသော ဝိသေသ အနက်ကို ပြသည်ဟု အနုဋီ ၂-၁၈၆-၌ ဆို၏။

## မှတ်ချက်

၂–ဆက်၍ ပြလတ့်သော အနက်သည် ပြခဲ့ပြီးအနက်နှင့် တူဟန်လက္ခဏာ မရှိပေ၊ ထိုကြောင့် အယမ္ပိ ပနတ္ထော–ဟု ပိ–နှင့်တကွရှိလျှင် သင့်ရာ၏။ အယမ္ပိ အတ္ထော၊ ဆိုလတ့်သော အနက်သည်လည်း–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၃–ပြည်မူဝိသုဒ္ဓိမဂ်နိဿယ၌ကား–တံယေဝ အာကာသံ၊ ကိုသာလျှင်။ ယေန ဝိညာဏေန၊ အကြင် ပဌမာရုပ္ပဝိညာဉ် ဖြင့်။ ဖုဋ္ဌံ၊ နှံ့အပ်၏။ (ယေန–ကား ထည့်ပါ၌) တေန၊ ထိုပဌမာရုပ္ပဝိညာဉ်သည်။ ဂဟိတာကာရံ၊ ယူအပ်သော အခြင်းအရာ ကို။ ဈာနသမင်္ဂီ၊ ဒုတိယာရုပ္ပဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ မနသိ ကရောတိ၊ ၏။ ဧဝံ၊ ဤသို့ အနန္တဟု သူယူသော အခြင်းအရာအားဖြင့်သာလျှင်။ တံ ဝိညာဏံ၊ ထိုပဌမာရုပ္ပဝိညဉ်ကို။ အနန္တံ၊ သူယူသော အခြင်းအရာကိုစွဲ၍ အနန္တဟူ၍။ ဖရတိ၊ နှံ့၏။ ဣတိ၊ သို့။ ယုတ္တော ဝိယ၊ သင့်သကဲ့သို့။ ဒိဿတိ၊ ၏–ဟု အနက်ပြန်ဆို၏။

## မှတ်ချက်

၁–စာတိ–အရာတွင် ပြည်မူနိဿယ၌ ဝါတိ–ဟု ရှိ၏၊ ထိုသို့ရှိလျှင် သုညဘာဝေ ဝါ၊ ဆိတ်သည်၏အဖြစ်၌ သော်ငဲ့။ ဝိဝိတ္တဘာဝေ ဝါ၊ ကင်းသည်၏အဖြစ်၌ သော်ငဲ့။ နတ္ထိဘာဝေ ဝါ၊ မရှိသည်၏ အဖြစ်၌သော်ငဲ့။ ဣတိ၊ သို့–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–အာဒိ–ဖြင့် အစ္စန္တာဘာဝ–စင်စစ်မရှိခြင်းကို ယူအပ်၏။ သို့သော် ဝိနာသ အဘာဝသည် ဝိပဿနာ၏ အရာသာ ဖြစ်၏။ ဤ၌ ဘင်ခဏဖြင့် ပျက်ခြင်းကို ရှုရန်လည်းမလို။ ထို့ကြောင့် ဝိနာသာဘာဝမေဝ–ပုဒ်ကို ဆင်ခြင်သင့်၏။ ဝိက္ခမ္ဘန အရာဖြစ်၍ "ဝိနာအဘာဝမေဝ–ကင်းကွာ ခြင်းဟူသော မရှိခြင်းကိုသာလျှင်–ဟု ယူလျှင် သင့်ရာ၏။ ဤအရာ၌ ပရိကမ္မမနသိ ကာရေန အန္တရဟိတေတိ ဣမိနာ အာရမ္မဏကရဏဘာဝေန တဿ အန္တရဓာနံ, န နဋ္ဌတ္တာတိ ဒဿေတိ"ဟု ပြဆိုလတ့်သော ဋီကာကိုလည်း သတိပြုအပ်၏။ ထိုသို့ ယူလျှင် ပုရေ အဘာဝါဒိကေ–ဖြင့် "၁–ရှေးမဆွက မရှိသေးခြင်းဟူသော ပါဂဘာဝ၊ ၂–ပျက်စီးပြီး၍ မရှိခြင်းဟူသော ဝိဒ္ဓံသာဘာဝ၊ ၃–ယုံချိုလိပ်မွေး စသည်တို့ကဲ့သို့ စင်စစ်မရှိခြင်းဟူသော အစ္စန္တာဘာဝ–ဟူသော" ဤအဘာဝသုံးပါးလုံးတို့ကို မြစ်သည်ဟု ယူရာ၏။

## မှတ်ချက်

၂–ဤစကားဖြင့် ရှေး၌ ဝိနာသာဘာဝံ–ဟူသော ပါဌ်နှင့် ၎င်း၏အနက် မသင့်ကြောင်း ထင်ရှား၏။

## မှတ်ချက်

၁–ဤအရာ၌ အဿာတိ ပဌမာရုပ္ပဝိညာဏဿ–ဟု ရှိသော အဘိဓမ္မာဝတာရဋီကာသစ်နှင့် အဘိဓမ္မတ္ထ–ဝိဘာဝနီ ဋီကာပါဌ်တို့သည်သာ ယုတ္တတရ ဖြစ်ပေသည်။

## မှတ်ချက်

၁–ဤအလိုအားဖြင့် ဟိ–ကို နိပါတ်မျှသာ–ဟု ယူအပ်၏၊ သို့သော် "ယတြ–ယာ သမာပတ္တိ၊ သည်။ ပ။ ဟိ– ယသ္မာ၊ ကြောင့်။ ဌဿတိ နာမ၊ တည်နိုင်ဘိ၏။ တသ္မာ၊ ကြောင့်"ဟု ဤသို့ ဟိ–ကို ဟိတ်အနက်လည်း ပေးသင့်၏။

## မှတ်ချက်

၁–အသညာ၊ သညာမဟုတ်သည်။ န၊ မဟုတ်–ဟု ဆိုသဖြင့် သညာဟုတ်သည်–ဟူသော အနက်ကို ပြသည်–ဟု ဆိုလို၏။

## မှတ်ချက်

၁-ဝိသုံ ဝိသုံ သရူပတော-ဖြင့် အနုပဒ-၏ အနက်ကို ပြသည်။ ဖဿာဒိဓမ္မ-ဖြင့် ဓမ္မ-၏ အနက်ကို ပြသည်၊ အနိစ္စာဒိဝသေန သမ္မသနံ-ဖြင့် ဝိပဿနာ-၏ အနက်ကို ပြသည်။ ထိုကြောင့် အနုပဒဓမ္မဝိပဿနာ၊ အသီးအသီးသော သရုပ် အဖို့အားဖြင့် ဖဿ စသော တရားတို့ကို ဝိပဿနာရှုခြင်း-ဟု အနက်ပြန်အပ်၏။

## မှတ်ချက်

၁-ဘာဝနာဖြင့် မပြုပြင်အပ်သော ပကတိကာမာဝစရတရားတို့ကို ဆိုလိုသည်၊ ဘာဝနာဖြင့် ပြုပြင်အပ်သော ဝိပဿ နာနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ တရားတို့ကိုကား မဆိုလိုပေ။ ထိုကြောင့် ပါကတိက-ဖြင့် အထူးပြု၍ ဆိုသည်။

## မှတ်ချက်

၁-ဤပါဠိသည် မူလဋီကာ ၁-၁၀၉-၌ ဝိညာဏဉ္စာယတနသမာပတ္တိံ သတော သမာပဇ္ဇိတွာ တတော ဝုဋ္ဌဟိတွာ တညေဝ (တံယေဝ-ဝိဘင်္ဂပါဠိ) ဝိညာဏံ ဝိဘာဝေတိ-ဟု ရှိ၏။ စူဠနိဒ္ဒေသပါဠိတော် နှာ ၁၀၄-၌လည်း ၎င်းအတိုင်းပင် ရှိ၏။ ဤဋီကာ၌ ဤအရာတွင် ဆိုသောစကား အလုံးစုံသည်လည်း မူလဋီကာမှ ရေးကူးထားသော စကားချည်းသာဖြစ်သည်။ ထို့ကြောင့် နိဒ္ဒေသနှင့်လည်းညီသော ထိုမူလဋီကာ၌ ပါဠိသာ ပါဌ်မှန်ဖြစ်ရာ၏။

## မှတ်ချက်

၁-တံယေဝ အဘာဝေတိ-ဟု ဤမျှသာ ဟောခဲ့လျှင် တံယေဝ ဝိညာဏဉ္စာယတနံ-ဟု ဤသို့ တံ-သဒ္ဒါကို ဝိညာဏ ဉ္စာယတနံ-ပုဒ်နှင့် စပ်ရာသောကြောင့်၎င်း, ထိုသို့စပ်၍ ရအပ်သော အနက်ကို မလိုသောကြောင့်၎င်း "တံယေဝ ဝိညာဏံ အဘာဝေတိ"ဟု ဝိညာဏံ-ပုဒ်ကိုပါ ထည့်၍ ဟောတော်မူသည်ဟု ဆိုလို၏။

## မှတ်ချက်

၁-ရှေးသီမူ၌ သဗ္ဗဒီပမ္ပတိန္တိ-ဟု ရှိ၏၊ တကျွန်းလုံးကို အစိုးရလျှင် ထိုမင်း၏ ပိုင်နက်မှ လွတ်သော မြေကွက်မရှိ၍ လွတ်ကင်းရာသို့ ထွက်သွားခွင့် မရှိသောကြောင့် ပြလတံ့သော သံဝဏ္ဏနာနှင့်ညီ၏၊ ထို့ကြောင့် သင့်သည်ပင်။

## မှတ်ချက်

၁-အဘိ ၄ ၁-၁၅၄-၌ သဒ္ဒိံ အတ္တနော သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတီတိ အတ္ထော-ဟု ရှိ၏။ ထိုပါဌ်သာလျှင် ယုတ္တတရဖြစ်ပေသည်။ အကြောင်းမူကား စေတနာသည် သမ္ပယုတ်တရားတို့ကို အာရုံ၌ မိမိ မိမိ၏ ဆိုင်ရာကိစ္စကို ပြုလုပ်ရန် ဆက်စပ်ပေးလျက် တိုက်တွန်းခြင်းသဘော ရှိသောကြောင့်တည်း။ ထိုသို့ ဆက်စပ်ပေးရာ၌ မိမိကိုယ်တိုင်ကိုလည်း ဆက်စပ်ပေးသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် သဒ္ဒိံ အတ္တနာ-ဟု ဆိုပေသည်။

## မှတ်ချက်

၁-အသညသတ်ပဋိသန္ဓေရုပ်အား ကမ္မဝိညာဉ်က ကျေးဇူးပြုသည်ကို ယူရာ၏၊ သီမူ၌ကား ဤ ရူပံ-ဟူသော ပုဒ်မရှိပေ။

## မှတ်ချက်

၁-ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုကမဒ္ဒက္ခိ သလ္လတော။ အဒုက္ခမသုခံ သန္တံ၊ အဒ္ဒက္ခိ နံ အနိစ္စတော-ဟူသော (သံ ၂-၄၀၉) ဂါထာနှင့်အညီ အာဒိဖြင့် အနိစ္စ-ကို၎င်း ဝေဒနာ အနတ္တာ စသည်နှင့်အညီ အနတ္တ စသည်ကို၎င်း ယူအပ်၏။

**မှတ်ချက်**

၂–ဤဥပမာတို့၌ ဆိုလိုသော အနက်အဓိပ္ပါယ် အကျယ်ကို သံ ၁–၃၂၂–၌ ပုတ္တမံသူပမသုတ်နှင့် ၎င်း၏အဖွင့် အဋ္ဌကထာတို့ကို ကြည့်ရှု၍ မှတ်သားရာ၏။

**မှတ်ချက်**

၁–ဘူတကထနနှင့် ဗျဝတ္ထေဒက–ဟု ဝိသေသန ၂–မျိုးရှိရာတွင် ဗျဝတ္ထေဒက မဟုတ်၊ ဘူတကထနသာ–ဟု ဆိုလို၏။ အဋ္ဌကထာ ဋီကာတို့၌ ဗျဝတ္ထေဒကကိုသာ ဝိသေသန–ဟု ဆိုလို၏။ ထိုကြောင့် ပဋ္ဌမနည်း၌ ဝိသေသေနွော–ဟု ဆိုခဲ့ပေသည်။

**မှတ်ချက်**

၂–ဒုဟ–ဓာတ် တ–ပစ္စည်းဖြင့် ပြီးသော ဒုဒ္ဓ–ဟူသောပုဒ်၌ တ–ပစ္စည်းဖြင့် ညှစ်ပြီး နို့ရည်ကိုသာ မယူပဲ နို့ရည် ဟူသမျှကို ယူရသကဲ့သို့ ဤ၌လည်း စားအပ်ပြီးစသော အာဟာရကိုသာ မယူပဲ အလုံးစုံသော အာဟာရကို ယူသင့်သော ကြောင့် အနာမဋ္ဌကာလနှင့်ဆိုင်သော တဗ္ဗ–ပစ္စည်းဖြင့် ဖွင့်ပြသည်–ဟု ဆိုလို၏။

**မှတ်ချက်**

၁–ပိဏ္ဍာယ ဥလတိ ဂစ္ဆတီတိ ပိဏ္ဍောလော၊ တဿ ကမ္မံ ပိဏ္ဍောလျံ–ဟု ဝစနတ္ထပြု။

**မှတ်ချက်**

၁–ဤအရာ၌ "တက္ကောဋ္ဌကာဒယော စ ဒွတ္တိံ သကုလပ္ပဘေဒါကိမယော နံ ဥပနိဿာယ ဇီဝန္တိ"ဟု သီမူနှင့်အညီ ပါဠ်မှန်ရှိစေရမည်။ သို့မှ ဝိသုဒ္ဓိ ဋ ၁–၂၅၀ နှာ ၁၅–ကြောင်းရေနှင့်ညီမည်။

**မှတ်ချက်**

၂–ရှိရင်းမြန်မာမူအတိုင်း ပေးသော အနက်ဖြစ်သည်၊ သီမူ၌ န–မပါ၊ ထို အလိုအားဖြင့် သင်္ဟေတဗ္ဗ၊ ရေတွက်အပ် ၏။ ဤအရာ၌ အကြောင်းပြခြင်း မရှိသောကြောင့် န–မပါသော သီမူသာ သင့်သည်။

**မှတ်ချက်**

၁–အာသယသည် နှစ်ပါးမဟုတ်၊ ၄–ပါးရှိ၏၊ ထို ၄–ပါးသည်လည်း တပါးချင်းသာလျှင် မရောနှောပဲ တည်၏၊ ၂–ပါးစီ တွဲ၍ တည်သည်မဟုတ်။ ထိုကြောင့် ဤဥဘယံ ဥဘယေန–၌ သင့်လျော်သော အနက်ကို မရနိုင်၊ ပါဌ်ပျက်ဖြစ်ရာ၏၊ ဥပရိအာမာသယေ–ဟု ရှိလျှင် သင့်ရာ၏။ ဥပရိအာမာသယေ၊ အစာသစ်အိမ်၏ အထက်၌–ဟု အနက်ပေး။

**မှတ်ချက်**

၁–ဤအရာ၌ တတော တတော၊ ထိုထိုအရပ်မှ–ဟူသော ဝိဘတ္တိအနက်ကား မလို၊ ထိုမှနောက်၌–ဟူသော ကာလ အပါဒါန်သာ လိုသည်။ ထိုကြောင့် မြန်မာမူဟောင်းအတိုင်း တတော အပွေကဒါ–ဟု အပွေကဒါ–ကို ထည့်စွက်၍ ဖွင့်ပြသည် –ဟု ယူသင့်၏။

**မှတ်ချက်**

၂–ပရိဝေဏနှင့် ဝိဟာရ တည်နေပုံကို သတိပြုအပ်၏။

## မှတ်ချက်

၁–ဤအရာ၌ သမ္ဗန္ဓိတဗ္ဗံ။ ဘဝတိ ဟိ "ဂဏ္ဍောတိ ခေါ–ဤသို့စသည်ဖြင့် ဘဝတိ–ပုဒ်သည် ဒဋ္ဌိဝါကျ၏ အစပုဒ် အဖြစ်ဖြင့် တည်ရှိသင့်၏။ ထိုသို့တည်ရှိလျှင် သမ္ဗန္ဓိတဗ္ဗံ၊ စပ်အပ်၏။ ဟိ–သစ္စံ၊ ၏။ ဘိက္ခဝေ၊ တို့။ ဂဏ္ဍောတိ ခေါ ဧတံ၊ ဤအမည်သည်။ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ ဣတိ ဝစနတော၊ ကြောင့်။ အတ္တဘာဝဿ၊ ၏။ ဂဏ္ဍောတိ၊ ဟူ၍၊ ဝါ၊ ဟူသော။ ပရိယာယော၊ သည်။ ဘဝတိ၊ ဖြစ်၏–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–ဤကား ရှိရင်းအတိုင်းပေးသော အနက်တည်း။ ကပ္ပနပြတ်ခြင်း အနက်ဟော၊ ၎င်းဖြင့် သဃာဋိ–ကို ဖွင့်သည်–ဟု ယူအပ်၏။ ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ၌ ကပဏပါရုပနေန–ဟု ရှိ၏၊ ထိုသို့ရှိလျှင် သဃာဋိယာ ကပဏပါရုပနေန၊ အစပ်စပ်အဖာဖာ ပြုလုပ်အပ်သော အထီးကျန်သူ၏ ကိုယ်ရုံအဝတ်ဖြင့်–ဟု အနက်ပေး။

## မှတ်ချက်

၂–ဤ၌ သဃာဋိယာ ကပ္ပနပါရုပနေန–ဖြင့် သဃာဋိ–ကို ဖွင့်သည်။ ပါရုတသရီရေန–ဖြင့် ပါရုတ–ကို ဖွင့်သည်။

## မှတ်ချက်

၃–စန္ဒနိကန္တိ ဥစ္ဆိဋ္ဌောဒကဂဗ္ဘမလာဒီနံ ဆဍ္ဍနဋ္ဌာနံ–ဟု မ ဋ္ဌ ၁–၈၃ဤဋီကာပိုဒ် ၃၃အဖွင့်တို့နှင့်အညီ ဆဍ္ဍနဋ္ဌာနာနိ–သာ သင့်သည်၊ သန္ဒနဋ္ဌာနာနိ–ကား မသင့်။

## မှတ်ချက်

၁–အဓိကော–ဟု ဆိုလျှင် အာသယတခုတည်းမဟုတ်၊ အများပင်ရှိသည်–ဟု သိရသောကြောင့် ဘုန်းကံ နည်းသူတို့ နှင့်ဆိုင်၍ ဤသို့ဆိုပေသည်။

## မှတ်ချက်

၁–ငါးပါးသော အဖို့ဘာဂတို့တွင် ဣန္ဒနဘာဂ စသည်ကို အဘယ့်ကြောင့် မပြသနည်း?ဟု မေးဖွယ် ရှိသောကြောင့် ဂဟဏိယာ ဣန္ဒနဘာဂေါ–အစရှိသည်ကိုမိန့်။

## မှတ်ချက်

၁–ဤ၌ သရသ–မိမိ၏ရသ–ဟူသည် ဤဋီကာ နှာ ၂၁၆–၌ ပြခဲ့သော "ယာထာဝတော ရသီယတိ ဉာယတီတိ ဟိ ရသော၊ သဘာဝေါ" ဟူသည်နှင့်အညီ သဘာဝပင် ဖြစ်သည်၊ ကိစ္စရသ သမ္ပတ္တိရသတို့ကား မဟုတ်၊ ဤသို့ယူမှ "သဘာဝရူပ လက္ခဏဝသေန" ဟူသော ဝိသုဒ္ဓိမဂ်နှင့်၎င်း "ကက္ခဠတ္တာဒိကဿ သလက္ခဏဿ ဥပဓာရဏဝသေန" ဟူသော ပြလတ့ံ ဤဋီကာအဖွင့်နှင့်၎င်း ညီမည်၊ ယာထာဝသရသလက္ခဏတော–ဟူ၍သော်လည်း မူလရင်းပါ၌ ဖြစ်ရာ၏။ ထိုသို့ဖြစ်လျှင် ဤဋီကာ ဒုတိယတွဲ နှာ ၂၅၇–၌ "ရသိတဗ္ဗော ပဋိဝိဇ္ဈိတဗ္ဗော သဘာဝေါ ရသော၊ အတ္တနော ရသော သရသော၊ ယာထာဝေါ ယထာဘူတော သရသော ယာထာဝသရသော" စသည်နှင့်အညီ "ယာထာဝသရသလက္ခဏတော၊ မှန်ကန်သော မိမိ၏သဘော လက္ခဏာအားဖြင့်"ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–သုခဝိနိစ္ဆယံ ဇညာ၊ သုခဝိနိစ္ဆယံ ဉတွာ အဇ္ဈတ္တံ သုခမနုယုဉ္ဇေယျ။ (မ ၃–၂၇၃) သုခဝိနိစ္ဆယံ၊ ဉာဏ်ဖြင့် ဆုံးဖြတ်အပ်သော (အပြစ်ကင်းသော) ချမ်းသာကို။ ဇညာ၊ သိရာ၏။ သုခဝိနိစ္ဆယံ၊ ကို။ ဉတွာ၊ သိ၍။ အဇ္ဈတ္တံ၊ (အပြင်ပ အာရုံ ကာမဂုဏ်ကို မမှီပဲ) မိမိသန္တာန်၌ဖြစ်သော။ သုခံ၊ ဈာန်ချမ်းသာကို။ အနုယုဉ္ဇေယျ၊ အားထုတ်မှီဝဲရာ၏–ဟူသော ဤဥပရိပဏ္ဏာသပါဠိ၌ကဲ့သို့ ဆုံးဖြတ်ခြင်း–ဆုံးဖြတ်ကြောင်းဖြစ်သော ဉာဏ်ကို ဝိနိစ္ဆယ–ဟု သိစေ၏။

## မှတ်ချက်

၂–အဘိ ဋ္ဌ ၁–၁၇၆–၌ ထုတ်ပြအပ်သော ယေဝါပနကတရား ၉–ပါးထဲမှ အဓိမောက္ခ စေတသိက်ကို ဆိုလို၏။

## မှတ်ချက်

၃–လာဘံ ပဋိစ္စ ဝိနိစ္ဆယော။ (ဒီ ၂–၅၂)လာဘံ၊ ရခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ဝိနိစ္ဆယော၊ မည်သို့ အသုံးချမည် စသည်ဖြင့် ကြံဆခြင်း–ဆုံးဖြတ်ခြင်းသည်။ (ဟောတိ၊ ၏။) ဟူသော သုတ်မဟာဝါ မဟာနိဒါနသုတ်၌ လာသော ကြံဆဆုံးဖြတ်သော ဝိတက် အစရှိသည် မဟုတ်ဟု ဆိုလို၏။ ထို၌ အစရှိသည်–ဟူသော စကားဖြင့် "ဒွေ ဝိနိစ္ဆယာ တဏှာဝိနိစ္ဆယော စ ဒိဋ္ဌိဝိနိစ္ဆယော စ" ဟူ၍ (မဟာနိဒ္ဒေသ ၂၀၅)၌ လာသော တဏှာဝိနိစ္ဆယနှင့် ဒိဋ္ဌိဝိနိစ္ဆယတို့ကို ယူအပ်၏။ ဤဝိနိစ္ဆယ အလုံးစုံကို ဒီ ဋ္ဌ ၂–၈၉–၌ တပေါင်းတည်း ပြထား၏။

## မှတ်ချက်

၁–ဤ၌ သီမူကွဲသာ သင့်သည်၊ အမရကောသအဘိဓာန် ၁၉–၆၃ ဂါထာ၌ နွားလည်ပျဉ်းဟော သာသ္နာ, ဂလကမ္ဗလ –ဟု ပရိယာယ်နှစ်ပုဒ်ရှိသည်၊ ထိုနှစ်ပုဒ်တို့မှ ပဌမပုဒ်ကို သာသနာ–ဟု ပါဠိပြန်၍ ဤ၌ ဋီကာဆရာ ပြခဲ့သည်ဟု သိအပ်၏။ သူနသိ္မ–ကား မသင့်။

## မှတ်ချက်

၁–မဟာသတိပဋ္ဌာနသုတ်ဋီကာ၌ တဿ–မပါပဲ တံ နိဿယ ဇီဝနကော–ဟု ရှိ၏၊ ထိုပါဌ်သာ ယုတ္တတရ ဖြစ်ပေသည်။ တံ၊ ထိုနွားသတ်သမားကို။ နိဿယ၊ ၍။ ဇီဝနကော၊ အသက်မွေးသော သူတည်း–ဟု အနက်ပေး၊ တဿ သမီပဝါသီ –ကို ထပ်၍ ဖွင့်သည်။

## မှတ်ချက်

၂–ဤအရာ၌ ဝိနိဝိဇ္ဈနဋ္ဌာန–နောင် တာယ–နှင့် ဝေမဇ္ဈပုဒ်ကျလျက် ပါဌ်ပျက်နေသည်။ ဒီ ဋီ ၂–၃၀၈–နှင့်အညီ တာယ ဧဝ ဝိနိဝိဇ္ဈနဋ္ဌာနတာယ ဝေမဇ္ဈသခ်ါတေ–ဟု အပြည့်အစုံပါဌ်မှန် ရှိစေရမည်။

## မှတ်ချက်

၃–ဒီ ဋီ ၂–၃၀၈–နှင့်အညီပင်၊ စတုန္နံ မဟာပထာနံ သမောဓာနံ စာတုမဟာပထံ–ဟု ဝစနတ္ထပြု။

## မှတ်ချက်

၄–ဤအလိုအားဖြင့် ဝိပုဗ္ဗ လီ–ဓာတ်+ပစ္စည်းဖြင့် ဓ–ကို ဗ, က္က–ကို ဤ–ပြု၍ ဗီလာ–ဟု ပြီးသည်။ ဗိလ–ဓာတ်+ အပစ္စည်းဖြင့်လည်း ပြီးသည်ဟု ဆိုသင့်၏။ အထူးကား ဋီကာ၌ က္က–ကို ဤ–ပြုရန် ညွှန်သော်လည်း စာဟူသမျှတို့နှင့် အဘိဓာန်ကျမ်းတို့၌ က္ကရဿနှင့်သာ တွေ့ရ၏။

## မှတ်ချက်

၁–အဇ္ဈတ္တိကာ ပထဝီဓာတု–အစရှိသော စကားကို ယူရာ၏၊ အဇ္ဈတ္တာဒိဘေဒတော–ဟု ရှိလျှင် သာ၍ကောင်းသည်။ အဇ္ဈတ္တာဒိဘေဒတော၊ တ္တ–အစရှိသော အထူးအားဖြင့်။ အာဒိ–သဒ္ဒါဖြင့် ပစ္စတ္တကက္ခဠ–အစရှိသည်ကို ယူရာ၏။

## မှတ်ချက်

၁–မတ္ထလုင်္ဂ ပက္ခိပိတွာ–ဟူသော စကားသည် ဝိသုဒ္ဓိမဂ်၌ရှိသောကြောင့် အာဟ–၏ အာကာရကဲ့သို့ ဖြစ်ပေ၏၊ သို့သော် ပထဝီဓာတုကောဋ္ဌာသေသုယေဝ–ဟူသော ဋီကာဆရာ၏ အာဓာရစကားနှင့် တစပ်တည်းဖြစ်နေသောကြောင့် ၎င်းကို ဋီကာစကားဟု ယူ၍ အာဟ–နှင့် စပ်မှ စကားရော အနက်အဓိပ္ပါယ်ပါချောသည်။

## မှတ်ချက်

၁–အဘိဓာန် ၄၆၈–ဂါထာ၏ နိသျတို့၌ ဥဒြေက, ဥဂ္ဂါရ–ကြို့ထိုးခြင်း–လေအန်ခြင်း–ဟု ပြထားသော်လည်း ဤ၌ကား ကြို့ထိုးခြင်းအနက်ဟော ဟိက္ကာ–ပုဒ်နှင့်တွဲလျက် အနက်ထူးအဖြစ်ဖြင့် ပြထားသောကြောင့် ဥဒ္ဒေက–၏အရ လေချဉ်တက်ခြင်း–လေအန်ခြင်းသာသင့်၏။ ဥဂ္ဂါရ–၏အရလည်း ပျို့အန်ခြင်းသာသင့်သည်။

## မှတ်ချက်

၁–ယံ ဝါ ပန–ဖြင့် ပကတိဥဿ္မာကို ယူလျှင် ဇီရဏတေဇောအရ ဖော်ပြရန် ခဲယဉ်း၏။

## မှတ်ချက်

၁–ဤအနက်၌ ထဒ္ဓဘာဝလက္ခဏံ–ဟု ဆိုလိုလျက် ဘာဝ–ပုဒ်ကို ချေထားသည်ဟု ဆိုလို၏။

## မှတ်ချက်

၂–ဤအနက်၌ ဘာဝ–ကို သဘာဝ–ဟောဟု ယူအပ်၏၊ ဤသို့ယူခြင်းသည် ဆိုလတံ့သော အာဗန္ဓနလက္ခဏံ–စသော ပုဒ်တို့နှင့် သာ၍သင့်လျော်၏။

## မှတ်ချက်

၃–ဤစကားဖြင့် ရှုအပ်သော အာရုံကို ကမ္မဋ္ဌာန်းဟု ဆိုသည်။

## မှတ်ချက်

၄–ဤစကားဖြင့် ရှုသော အာရမ္မဏိကစိတ္တုပ္ပါဒ်ကို ကမ္မဋ္ဌာန်းဟု ဆိုသည်။

## မှတ်ချက်

၁–ဤ၌ ဥပဋ္ဌာနာကာရ, ဂဟေတဗ္ဗာကာရ–ဟူသည်မှာ ပစ္စုပဋ္ဌာန်ပင်ဖြစ်သည်၊ ထိုကြောင့် ပစ္စုပဋ္ဌာန်ဖြင့် ရှုပုံကို ပြသည်ဟူ၍လည်း မှတ်အပ်၏။

## မှတ်ချက်

၁–ဤစကားဖြင့် ရသဖြင့်ရှု၍ ပစ္စုပဋ္ဌာန်အားဖြင့် ထင်ပုံကို ပြသည်ဟု ယူအပ်၏။

## မှတ်ချက်

၁–ဤကား မြန်မာမူ၌ ရှိရင်းပါဠိအတိုင်း အနက်တည်း၊ သီမူ၌ကား အဝိဇ္ဇမာနမ္ပိ ကပ္ပနာမတ္တေနေဝ–ဟု ရှိ၏၊ ထိုအလိုအားဖြင့် သတ္တော ဇီဝေါတိအာဒိကံ၊ သော။ ယံ ဝိသေသံ၊ ကို။ ဣမသ္မိံ အတဘာဝေ၊ ၌။ အဝိဇ္ဇမာနမ္ပိ၊ ထင်ရှား မရှိ ငြားသော်လည်း။ ကပ္ပနာမတ္တေနေဝ၊ ဖြင့်သာလျှင်။ သမာရောပေန္တိ၊ ကုန်၏–ဟု အနက်ပေး။

## မှတ်ချက်

၁–သသမ္ဘာရစက္ခု–ဟူရာ၌ကဲ့သို့ ပထဝီ၏ အထောက်အပံ့ဖြစ်သော ရုပ်အပေါင်းကို သမ္ဘာရ–ဍင်းသမ္ဘာရနှင့်တကွ ဖြစ်သော ကေသာစသော ကောဋ္ဌာသတို့ကို သသမ္ဘာရ–ဟု ယူလျှင် ယုတ္တတရ ဖြစ်ရာ၏။

## မှတ်ချက်

၁-ဝိသုဒ္ဓိမဂ်စာမျက်နှာ ၂၃၆-၇-တို့၌ အနုပုဗ္ဗမုဉ္စနတော-ဟုရှိသောကြောင့် ဤ၌လည်း အနုပုဗ္ဗမုဉ္စနတောတိ ပဒံ-ဟု ရှိသင့်၏။

## မှတ်ချက်

၁-ဋီကာဆရာကြည့်သော ဝိသုဒ္ဓိမဂ်၌ ဤအရာတွင် တေဇောကောဋ္ဌာသဝါရနိဂုံး၌ ဇဝံ တေဇောကောဋ္ဌာသေသု ပဝတ္တေတဗ္ဗော-ဟု ဤမျှသာရှိ၍ မနသိကာရော-ပုဒ်ထည့်၍ စပ်ရန်ပြသည်-ဟု ယူအပ်၏။ ထိုကြောင့်ပင် မနသိကာရော-ပုဒ်ကို ပဝတ္တေတဗ္ဗော-၏နောက်၌ပြထားသည်၊ ယခုလက်ရှိ စာမူတို့၌ကား မနသိကာရော ပဝတ္တေတဗ္ဗော-ဟု အပြည့်အစုံပင် ရှိနေ၏။

## မှတ်ချက်

၂-အယံ-၏ အစွဲကိုပြသည်၊ ယေန-၏ အရ သာမန်တေဇောမျှကို မစွဲမူ၍ ၎င်း၏သန္တပ္ပနအာကာရပါ စွဲရန်ပြသည်။ ထို့ကြောင့် တဿ ပရိဂ္ဂဏှနာကာရော ဇဝ-အရာ၌ သပရိဂ္ဂဏှာကာရော ဇဝ-ဟုရှိလျှင် သာ၍ကောင်းသည်။ သိမ်းယူသော အခြင်းအရာနှင့် တကွသာလျှင်-ဟု အနက်ပေးရာ၏။ သသန္တပ္ပနာကာရော ဇဝ-ဟု ရှိလျှင် အကောင်း အမြတ်ဆုံးဖြစ်ရာ၏၊ ပြင်းစွာ ပူစေသော အခြင်းအရာနှင့်တကွသာလျှင်-ဟု အနက်ပေးရာ၏။

## မှတ်ချက်

၃-ထိုဝါရတို့၌လည်း အယံ ဇိရဏကိစ္စော တေဇော, အယံ ပရိဒယှနကိစ္စော တေဇော, အယံ ပရိပါစနကိစ္စော တေဇော-ဟု ၎င်းတို့၏ ကိစ္စအခြင်းအရာနှင့်တကွ စွဲရန်ညွှန်ပြသည်။

## မှတ်ချက်

၁-ပုထုနောင် ထီလိင် ဤ-ပစ္စည်းသက်၍ အဆုံး ဉ-ကို အဝ-ပြု၊ ပုထဝီ-ဟု ပြီး၏၊ ပုမှ ဉ-ကို အ-ပြု ပထဝီဟု ပြီးသည်-ဟု ဆိုလို၏။

## မှတ်ချက်

၂-ပထနဋ္ဌေန ပထဝီ၊ သဟဇရူပါနံ ပတိဋ္ဌာဘာဝေန ပက္ခာယတိ ဥပဋ္ဌာတီတိ အတ္ထော-ဟူသော အဘိဓမ္မာဝတာရဋီကာသစ် (၂-၁၁၁)နှင့်အညီ ချာတအနက်၌ဖြစ်သော ပထဓာတ်ဖြင့်ပြီးသည်။ ထိုကြောင့် ဤဋီကာ၌လည်း ပတ္ထနဋ္ဌေန-အရာ၌ ပထနဋ္ဌေန-ဟူ၍၎င်း ပတ္ထာယတိ ဥပတိဋ္ဌတီတိ-အရာ၌ ပက္ခာယတိ ဥပဋ္ဌာတီတိ-ဟူ၍၎င်း ပါဠ်မှန်ရှိစေရမည်၊ သီမူဋီကာ၌လည်း ပထနဋ္ဌေန-နှင့် ဥပဋ္ဌာတီတိ-ဟု ပါဠ်မှန်ရှိ၏။ ပက္ခာယတိ-အရာ၌ကား ဥပက္ခိယတိ-ဟူ၍၎င်း ပဋ္ဌာယတိ-ဟူ၍၎င်း ပျက်လျက်ရှိ၏။

## မှတ်ချက်

၁-အာပါယတီတိ အပေါ၊ ဖြုဟေတိ ဝနေတီတိ အတ္ထော-ဟူသော အဘိဓမ္မာဝတာရဋီကာ (၂-၁၁၁) နှင့်အညီ အာ+ပါဓာတ်ဖြင့် ပြီးသည်၊ ထိုကြောင့် အပ္ပါယတီတိ အရာ၌ အာပါယတီတိ-ဟု ရှိစေရမည်။

## မှတ်ချက်

၁-ဒုက္ခာဓာနတောတိ ဝါ-ဟု ရှိသင့်၏၊ ထိုသို့ရှိလျှင် ရှေး၌လည်း စတုတ္ထက္ခရာနှင့် ဒုက္ခာဓာနတော-ဟူ၍သာ ပါဠ်မှန်ဖြစ်သည်ဟူ၍၎င်း ဝိသုဒ္ဓိမဂ်၌လည်း ဒုက္ခာဒါနတော-ပိုသည် ဟူ၍၎င်း မှတ်အပ်၏။

## မှတ်ချက်

၂–အလိုသို့လိုက်စေနိုင်ခြင်း မရှိသောကြောင့် ကတ္တုသတ္တိ စင်စစ်မရှိ၊ ထိုကြောင့် ဘာဝသာဓနသာ ရသည်ဟူ၍ငင်း ဒုက္ခာဓာနတော–၌ အာဓာန–ပုဒ်ကို ဘာဝသာဓနဖြင့် ပြီးသည်ဟူ၍ငင်း သိစေ၏။

## မှတ်ချက်

၁–ကေသကောဋ္ဌာသ၌ ဝဏ္ဏရုပ် များစွာပင်ဖြစ်သော်လည်း ၎င်းတို့ကို အမျိုးတူသောကြောင့် ၁–ခုသာ ရေတွက်သည်၊ ဂန္ဓစသည်တို့ကိုလည်း နည်းတူပင် ၁–ခုစီသာ ရေတွက်သည်ဟု ဆိုလို၏။

## မှတ်ချက်

၁–ပရမာဏုမြူတို့ဖြင့် ပြည့်နေသော အရပ်ကို ဟင်းလင်းပြင်ဟူ၍သာ ထင်ရသည်။ ၎င်းတို့ကို ပကတိမျက်စိဖြင့် မမြင်နိုင်ဟု ဆိုလို၏။

## မှတ်ချက်

၁–လဗ္ဘတီတိ–ကား မသင့်၊ သီမူ၌ လဗ္ဘတိ မေယျဘာဝါဘာဝတော–ဟု ရှိ၏။ ၎င်းလည်း မပြည့်စုံသေး။ လဗ္ဘတိ မေယျဘာဝါဘာဝတောတိ–ဟု ရှိမှ ပြည့်စုံသည်။

## မှတ်ချက်

၁–နောက်၌ ပေလ္လနသဘာဝါ–ဟု ဆိုလတံ့ဖြစ်သောကြောင့် အန–အနက်မရှိဟု မှတ်ရမည်၊ သီမူ၌ကား ဤအရာ၌ နူဒနံ ပေလ္လနံ–ဟု ရှိ၏။ နူဒနံ၊ ပစ်ခြင်းတည်း။ ပေလ္လနံ၊ တွန်းခြင်းတည်း–ဟု အနက်ပေး။ ထိုသီဟိုဠ်မူသည် မူလပါဠ်ရင်း ဖြစ်ရာ၏။

## မှတ်ချက်

၁–ရသပစ္စုပဋ္ဌာန်တို့ဖြင့် ပထဝီဓာတ်စသည်က အကြောင်းဖြစ်သည်ကို ပြသည်၊ သေသဘူတတ္တယပဒဋ္ဌာန်ဖြင့် ပထဝီစသည်က အကျိုးဖြစ်သည်ကို ပြသည်ဟု–သိစေ၏။

## မှတ်ချက်

၂–အနညသာဓာရဏဝိသေသကိုသာ ပြပါဟု တိုက်တွန်းဖွယ် ရှိသောကြောင့်–ဟု ဆိုလို၏။ ဓောတနာယ–ဟူ၍ သော်လည်း ရှိသင့်၏၊ ဓောတနာယ၊ ပြခြင်းကြောင့်–ဟု အနက်ပေး။ လက္ခဏာဒိတော–ဟူသော နည်းဖြင့် ပြခြင်းသည် အနညသာဓာရဏဝိသေသကို ပြခြင်းသာလျှင် ပဓာနဖြစ်သောကြောင့်–ဟု ဆိုလိုသည်ဟု ယူရာ၏။

## မှတ်ချက်

၁–နောက်ရုပ်အစဉ်၏ ထူးခြားစွာ ဖြစ်ခြင်းကို ရုပ္ပန–ဟု ဆိုလို၏။

## မှတ်ချက်

၂–ဝိရောဓိပစ္စယနှင့်တွေ့ဆုံသော ရှေးရုပ်၏ပင်လျှင် ထူးခြားခြင်းကို ရုပ္ပန–ဟု ဆိုလို၏။

**မှတ်ချက်**

၁-ဤဘူတော-ဟူသော ပါဠ်သည် မူလဋီကာနှင့်၎င်း, ပြည်မူ ဝိသုဒ္ဓိမဂ်နိဿယနှင့်၎င်း အညီပင်ဖြစ်သည်။ ဤ၀စနတ္ထဖြင့် ကမ္မဓာရယသမာသ်ကို ပြသည်။ အဗ္ဘူတော-ဟူသော ယခုလက်ရှိဋီကာပါဠ်ကား သင့်မည်မထင်။ အကြောင်းကား မူလဋီကာ ၁ ၁၄၀-၌ "မာယာကာရော မဟန္တော ဘူတောတိ မဟာဘူတော"ဟု ပြဆိုထားသော ကြောင့်ပေတည်း။

**မှတ်ချက်**

၂-ဤ ဝါပေါက်သော အနက်ကား အဘူတာနိ စ အဗ္ဘုတာနိ စ အဘူတာနိ-ဟု ဧကသိသ် ကြံ၍ပြသော အနက်ဖြစ်သည်။

**မှတ်ချက်**

၁-ဟုတွာ ဥပဋ္ဌာပနံ-၌ ပဓာနအားဖြင့် စပ်သောကြောင့် ဆဋ္ဌီဝိဘတ်အနက်၌ ပဌမာယော ဝိဘတ်သက်သည်ဟု မှတ်ရာ၏၊ သို့မဟုတ် အနီလာဒိသဘာဝါနံ-ဟူ၍သော်လည်း မူလပါဠ်ရင်းဖြစ်ရာ၏။

**မှတ်ချက်**

၁-ဤအနက်ကား ပါဠ်ရှိရင်းအတိုင်း အနက်ဖြစ်သည်။ သီမူ၌ကား "တမ္မတ္တာပေက္ခတေ ဘေဒံ၊ သ သာမညံ ဇဟာတိ နော"ဟု ပါဠ်ရှိ၏။ ထိုအလိုအားဖြင့် (သာမညံ၊ သည်။) တမ္မတ္တာပေက္ခတော၊ တမ္မတ္တကို ငဲ့ခြင်းကြောင့်။ (ဤ၌ တမ္မတ္တဟူသည်မှာ သင်္ချာဝါဒီတို့၏ တမ္မတ္တကို ရည်သည်ဖြစ်ရာ၏။ သို့ဖြစ်လျှင် သင်္ချာဝါဒီတို့သည် အဟံကာရမှ တမ္မတ္တဖြစ်ပွါးသည်ဟု ဆိုသောကြောင့် အဟံကာရဟူသော သာမညသည် တမ္မတ္တ-ဟူသော ဝိသေသကို ငဲ့ခြင်းကြောင်း-ဟု အဓိပ္ပါယ်ဖော်ရာ၏။) ဘေဒံ၊ အထူးဝိသေသကို။ နော ဇဟာတိ၊ မစွန့်။ သ-သော၊ ထိုဘေဒသည်။ သာမညံ၊ ကို။ နော ဇဟာတိ၊ မစွန့်ဟု အနက်ပေး။

**မှတ်ချက်**

၂-ဤဂါထာ၏ မှီရာကျမ်းရင်းကို မတွေ့ရသေး၊ ထိုကြောင့်ဤ၌ ပြန်ထားသော အနက်ကို ဧကန်မှန်ပြီဟု မယူအပ်သေး။

**မှတ်ချက်**

၁-ဤပါဠ်ဖြင့် တပြိုင်နက်ဖြစ်ကုန်သော်လည်း သဟုပ္ပန္န-တကွဖြစ်သော ကလာပ်တူ ဓာတ်တို့သည်သာလျှင် အဝိနိဗ္ဘုတ္တ ဖြစ်ကြသည်၊ ကလာပ်ကွဲသော ဝိသုံ ဥပ္ပန္န-ဓာတ်တို့ကား အဝိနိဗ္ဘုတ္တ မဟုတ်ဟု သိစေ၏။

**မှတ်ချက်**

၁-သီမူနှင့်အညီပင်၊ န-မပါသော မြန်မာမူကားမသင့်။ စတုသမုဋ္ဌာန်မဟုတ်၊ ဥတုဟူသော ဧကသမုဋ္ဌာန်သာ ရှိသည်ဟု ဆိုလို၏။

**မှတ်ချက်**

၂-ဝိညတ်ကို ဆိုခြင်းဖြင့်ပင် လဟုတာ စသည်ကို ဆိုခြင်းလည်း ပြီးစီးသောကြောင့် ၎င်းကို သီးခြားမဆိုသင့်ပြီဟု ဆိုလို၏။

**မှတ်ချက်**

၁-အဋ္ဌကထာ၌ ဥတ္တာနတ္ထဖြစ်၍ မဖွင့်ပဲ ခြွင်းချန်ထားခဲ့သော ပဒတ္ထကို ဋီကာဆရာ ဖွင့်ပြသည်ဟု မှတ်အပ်၏။

## မှတ်ချက်

၁–ဤ၌တွင် အဖွင့်တရပ်။ သဟုပ္ပတ္တိယာ–စသည်ဖြင့်ကား သဟဇာတအညမည။ပ။ န ဇနကဝသေန–ဟူသော စာပိုဒ်ကို ဖွင့်သည်။

## မှတ်ချက်

၁–ဣတရာသန္တိအာဒိနာ ဣတရာသု–ဟု ရှိလျှင် သာ၍ကောင်း၏။ ဣတရာသန္တိအာဒိနာ၊ ဖြင့်။ ဣတရာသု၊ ဤမှတပါးသော စိတ္တသမုဋ္ဌာန်စသော ဓာတ်တို့၌–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–စာကိုယ်၌ ဧကော စ–ဟု ရှိသောကြောင့် ဤ၌လည်း ဧကော စ–ပင်ဖြစ်ရာ၏။ ဧကော စ ဓာတု၊ တပါးသော ဓာတ်သည်လည်း–ဟု အနက်ပေးရာ၏။

## မှတ်ချက်

၁–၁–ဒုတိယန္တပင်ငြားသော်လည်း ကံအနက်ပေးရန် မသင့်သောကြောင့် ပဌမာဝိဘတ်အနက်ကို ပေးလိုက်သည်။ ဤအရာ၌ စာပျက်နေဟန် လက္ခဏာလည်း ရှိ၏၊ အကြောင်းမူကား ပဓာနဘာဝန္တိ–ဟူသော ရှေ့စကားနှင့် ပတိဋ္ဌာဘာဝေ–စသော နောက်စကားလည်း မဆီဆိုင်၊ ဝါယောဓာတုယာ အနုဂတာ–ဟူသော ပါဌ်၏ အဖွင့်လည်း မပြတ်သားသောကြောင့်တည်း။ ဆင်ခြင်ပါကုန်။

## မှတ်ချက်

၁–ယာဝ ပတိဋ္ဌိတပါဒေါ၊ တာဝ အာဟရဏံ။ တတော ပရံ ဟရဏံ ဝီတိဟရဏန္တိ အယံ ဝါ ဧတေသံ ဝိသေသော။ မူလဋီကာ ၂–၁၈၁။ ဤအလိုအားဖြင့် ရပ်တည်နေသော တဖက်ခြေဆီသို့ ဆွဲဆောင်သည်ကို အတိဟရဏ, ထိုခြေကို လွန်၍ ရှေ့သို့ လှမ်းသည်ကို ဝီတိဟရဏ–ဟု မှတ်အပ်၏။

## မှတ်ချက်

၁–သီဟိုဠ်မူဟောင်းနှင့်အညီပင်၊ သီမူသစ်နှင့် မြန်မာမူတို့၌ကား အနမိဂမယမာနော–ဟု ရှိ၏၊ ၎င်းပုဒ်၌ မရစေမူ၍–ဟု အနက်ရသော်လည်း မချောမောလှ။

## မှတ်ချက်

၂–ရခဲစွာသော ဗုဒ္ဓုပ္ပါဒနဝမခဏကို ရနေခိုက်၌ မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ရအောင် အားထုတ်မည်ဟု ကြံလျက် အပ္ပနာဈာန်ကို ရသည်တိုင်အောင် မဆိုင်းမင့်တော့ပဲ ဥပစာရသမာဓိမျှ၌ တည်၍ ဝိပဿနာရှုသည်ဟု ဆိုလို၏။ ၎င်းသည် ဥပစာရသမာဓိဘာဝနာပိ ဝိပဿနာနိသံသာ ဟောတိ–ဟူသော စကားနှင့်လျော်သော်လည်း သြကာသာဓိဂမကို ပြသော သုတ်ရင်းနှင့် နီးနှောကြည့်လျှင် အဋ္ဌကထာဆရာ၏ အာဘော် ကျ မကျ စဉ်းစားဖွယ် ရှိသေး၏။ သြကာသာဓိဂမကို ပြသော သုတ်တို့သည် ဒီ ၂–၌ ဇနဝသဘသုတ်၊ အံ ၂–ဆက္ကနိပါတ် ၂၇၇–၌ မဟာကစ္စာနသုတ်၊ အံ ၃–နဝနိပါတ် ၂၂၄–၌ အာနန္ဒသုတ်တို့ ဖြစ်သည်။ ထိုတွင် ဇနဝသဘသုတ်၌ ပဌမဈာန် စတုတ္ထဈာန် အရဟတ္တမဂ်တို့ကို သြကာသာဓိဂမဟု ဟောသည်။ အာနန္ဒသုတ်၌ အရူပဈာန်နှင့် အရဟတ္တဖိုလ်ကို သြကာသာဓိဂမဟု ဟောသည်။ ထိုကြောင့် ထိုသုတ်တို့သည် ဤအရာနှင့် မသက်ဆိုင်ကုန်။ အံ ၂–၂၇၇–၌ ရှိသော မဟာကစ္စာနသုတ်သည်သာလျှင် ဤအရာနှင့် သက်ဆိုင်ပေသည်။ ထိုသုတ်၌ အောက်ပါအတိုင်း ဟောထား၏။ အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝဉ္စိဒံ တေန ဘဂဝတာ။ပ။ သမ္ဗာဓေ သြကာသာဓိဂမော အနုဗုဒ္ဓေါ သတ္တာနံ ဝိသုဒ္ဓိယာ။ပ။ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ ဆ အနုဿတိဋ္ဌာနာနိ–ဤသို့စသည်ဖြင့် ဟောထား၏။ ဤပါဠိ၌ ဗုဒ္ဓါနုဿတိအစရှိသော အနုဿတိ ၆–ပါးကိုပင် သြကာသ–ဟု ဆို၏။ ထိုကြောင့် ၎င်း၏အဋ္ဌကထာ၌ “သမ္ဗာဓေတိ ပဉ္စကာမဂုဏသမ္ဗာဓေ။ သြကာသာဓိဂမောတိ ဧတ္ထ သြကာသာ ဝုစ္စန္တိ ဆ အနုဿတိဋ္ဌာနာနိ၊ တေသံ အဓိဂမော။ပ။ ဉာယဿ အဓိဂမာယာတိ သဟဝိပဿနကဿ မဂ္ဂဿ အဓိဂမနတ္ထာယ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ အပ္ပစ္စယနိဗ္ဗာနဿ ပစ္စက္ခကိရိယတ္ထာယ”ဟု ဖွင့်၏။ ထို၏ အဖွင့် ဋီကာ၌လည်း “သမ္ဗာဓေတိ ဝါ တဏှာသံကလေ

သာဒီနံ သမ္ပိဏ္ဍေ သင်္ကေ (ဋ္ဌေ) ဃရာဝါသေ။ သြကာသာ ဝုစ္စန္တီတိ မဂ္ဂဖလသုခါဓိဂမာယ သြကာသဘာဝတော သြကာသာတိ ဝုစ္စန္တိ”ဟု ဖွင့်၏။ ထိုကြောင့် ဤပါဠိ၌ အဋ္ဌကထာဋီကာ တို့ကို ပေါင်းစုနီးနှော၍ယူလျှင် ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆-ပါး သည်ပင် ကျဉ်းမြောင်းသော ဃရာဝါသ လူ့ဘောင်လောက၌ နေသူတို့အတွက် မဂ်ဖိုလ်ချမ်းသာကို ရကြောင်းအခွင့်အရေး ဖြစ်သောကြောင့် သြကာသမည်၏။ ၎င်းတို့ကို ရခြင်းသည် သြကာသာဓိဂမမည်၏။ ထိုအနုဿတိနှင့် ပြည့်စုံသော လူတို့သည် ထိုအနုဿတိဟူသော ဥပစာရသမာဓိ၌ တည်၍ ဝိပဿနာရှုကြလျှင် ထိုသူတို့၏ ဥပစာရသမာဓိ ဘာဝနာသည် ဝိပဿနာဟူသော အာနိသင်ရှိ၏။ ထိုပြင် ဤသြကာသာဓိဂမ နည်းအရအားဖြင့် အခြားသော ဥပစာရသမာဓိ၌ တည်၍ ဝိပဿနာရှုလျှင်လည်း ထိုဥပစာရသမာဓိဘာဝနာသည် ဝိပဿနာဟူသော အာနိသင်ရှိ၏။ ဤသို့သော အနက်ကို ရည်၍ ဝိသုဒ္ဓိမဂ်၌ သမ္ဗာဓေ သြကာသာဓိဂမနယေန-စသည်ကို ပြဆိုခဲ့သည် ဖြစ်ရာ၏၊ ရခဲသော နဝမခဏကို သြကာသ-ဟု ရည်ရွယ်ဟန် လက္ခဏာ မရှိပေ။ ဆင်ခြင်ပါကုန်။

## မှတ်ချက်

၁-ဤဋီကာဒုတိယတွဲ စာမျက်နှာနံပါတ် ၅၂၄-၌ ပဋိသမ္ဘိဒါမဂ်နှင့်အညီ ဖွင့်ပြချက်သည် ဤကေစိဝါဒ အတိုင်းပင် ဖြစ်သည်။ ထိုကြောင့် ကေစိဝါဒသည်သာ ဤအရာ၌ အသင့်အမှန်ဖြစ်ပေသည်။